မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်　　၂၀၁၉ ခုနှစ်၊ မေ ၇ ရက်၊ အင်္ဂါနေ့　　အတွဲ (၅၈)၊ အမှတ် (၂၁၉)

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဗီယက်နမ်နိုင်ငံသို့ တရားဝင် အလုပ်သဘောခရီးစဉ်သွားရောက်မည်

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ငုယင်ဖူးကျောင့်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင် အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်နှင့်ဆက်စပ်၍ ဗီယက်နမ်နိုင်ငံ၊ ဟနမ်ပြည်နယ်တွင် ကျင်းပပြုလုပ်မည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

သတင်းစဉ်

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၆

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ရန်ကုန်မြို့ Park Royal Hotel ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မောင်တောဒေသစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဝင်များနှင့်အကြံပေးဘုတ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်း

စာမျက်နှာ ၄ ကော်လံ ၁ ❐

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးဆောင်ဆွေးနွေးသူအဖြစ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ပြန်လည်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြတို့က ဆောင်ရွက်ကြစဉ်။ သတင်းစဉ်

မြန်မာ့အလင်း

ဘယ်လိုရင်းနှီးမြှုပ်နှံမှုမျိုးလဲ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုရာတွင် ရင်းနှီးမြှုပ်နှံမှု၏ အခန်းကဏ္ဍက အရေးပါအရာရောက်သည်ချည်းသာဖြစ်၏။

ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အစရှိသည့် ရင်းနှီးမြှုပ်နှံမှုတို့က ယေဘုယျအားဖြင့် တိုင်းပြည်၏ စီးပွားရေး ကျယ်ပြန့်တိုးတက်လာရေးကို တွန်းအားပေးမောင်းနှင်သည့် အခြေခံကျသော အင်အားကြီးများ ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုတို့က နိုင်ငံသားတို့၏ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားများပြားလာရေးကို ဖြစ်စေသလို နိုင်ငံတွင်းငွေကြေးလည်ပတ်မှုကို တည်ငြိမ်ချောမွေ့စေသည်လည်းဖြစ်၏။

ထို့ကြောင့်လည်း နိုင်ငံတွင်း၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို နည်းလမ်းမျိုးစုံဖြင့် အားပေးရခြင်းဖြစ်သည်။ ဥပဒေကို ချိန်ညှိပေးခြင်း၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူစေခြင်း၊ တင်းကျပ်သော ကြိုးနီစနစ်များကို ပယ်ဖျက်ခြင်း၊ အခွန်အတုပ်များကို လျှော့ပေါ့ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစေရေး ဖြေလျှော့ပေးမှုများစွာကို စီမံပေးခြင်း စသည်တို့ဖြစ်၏။

သို့သော်… သို့သော်

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဆိုသည်မှာ နိုင်ငံလုံးဆိုင်ရာ အရေး ပြည်သူလူထုအားလုံး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ပတ်သက်နေသည့်အားလျော်စွာ ရင်းနှီးမြှုပ်နှံမှုတို့သည် ‘ဘယ်လို ရင်းနှီးမြှုပ်နှံမှုမျိုးလဲ’၊ ‘ဘယ်နေရာ ဘယ်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမည်လဲ’ ဆိုသည်တို့ကိုလည်း ဆန်းစစ်ရသည် ဖြစ်ပါ၏။

စက်မှုကုန်ထုတ်လုပ်ငန်းလား၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလား၊ သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းမျိုးလား၊ ဝန်ဆောင်မှုလုပ်ငန်းလား၊ ကုန်သွယ်ရေးလုပ်ငန်းလား၊ ဆောက်လုပ်ရေးလုပ်ငန်းလား၊ လက်လီရောင်းဝယ်ရေးလား အစရှိသည်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့၏ သဘာဝကို ဆန်းစစ်ရ၏။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများက မည်မျှသော အလုပ်အကိုင်အခွင့်အလမ်းတို့ ပေါ်ထွက်စေမည်နည်း၊ ထိုအလုပ်အကိုင်အခွင့်အလမ်းတို့သည် မိမိတို့၏ နိုင်ငံသားများအတွက် သက်သက်လော၊ မည်မျှလောက်သော ခေတ်မီနည်းပညာများကို လက်လွှဲဆက်ခံရရှိနိုင်မည်နည်း၊ မိမိတို့နိုင်ငံသားများ၏ လူမှုဆက်ဆံရေးဘဝများကို မည်သို့ ထိခိုက်လွှမ်းမိုးလာနိုင်သနည်း၊ မည်သို့သော ကောင်းကျိုးဆိုးကျိုး သက်ရောက်မှုများ ရှိလာနိုင်သနည်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုနှင့် သက်ရောက်မှုများက မည်သို့ရှိလာနိုင်သနည်းစသည့် ဆန်းစစ်လေ့လာမှုများကို မလွဲမသွေ ပြုလုပ်ကာ မည်သို့သော ရင်းနှီးမြှုပ်နှံမှုကို မည်သို့မည်ပုံ အားပေးလက်ခံကြမည်လဲ ဆိုသည်ကို ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းကြီးများ အခြေတည်လိုက်ကာမျှဖြင့်၊ ကြီးကျယ်ခမ်းနားလှသော အံ့မခန်းအဆောက်အအုံမြင့်ကြီးများ ပေါ်ပေါက်လာကာမျှဖြင့် ပြည်သူတို့၏ ဘဝများ ပိုမိုမြင့်မားတိုးတက်လာမည်ဟု ယတိပြတ်ပြောရန် မဖြစ်နိုင်။

ရင်းနှီးမြှုပ်နှံမှုများက မည်သူတို့အတွက် အဓိက အကျိုးဖြစ်ထွန်းစေမည်လဲဟူသည်က မေးခွန်းကြီးဖြစ်ပါသည်။ ပြည်သူတို့ အတွက် မည်မျှလောက် အကျိုးဖြစ်ထွန်းစေပြီး မည်သို့သော အကျိုးယုတ်နိုင်ချေများ ရှိသည်လဲဆိုသည်က ချင့်ချိန်ရမည့် အရာများ ဖြစ်ပါသည်။

အရင်းအမြစ်အကျဆုံးက ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းစီသည် မည်မျှလောက် တာဝန်ယူသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်လဲဆိုသည့် အချက်ဖြစ်ပါသည်။ တာဝန်ယူသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင်၊ နိုင်ငံသားတို့၏ ယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုတို့ကို မထိခိုက်အောင်၊ လူမှုအဖွဲ့အစည်း၏ လုံခြုံမှု ကျန်းမာရေးတို့ကို မည်သို့ဂရုတစိုက်ရှိသည်လဲ စသည်တို့က ပြည်ပဖြစ်စေ၊ ပြည်တွင်းဖြစ်စေတို့၏ ရင်းနှီးမြှုပ်နှံမှုတို့ကို အကဲဖြတ် ဆန်းစစ်ရာတွင် အရေးပါနေမည်သာ ဖြစ်သည်ဟု ထင်မြင်ပါကြောင်း တင်ပြလိုက်ရပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

မန္တလေး မေ ၆

ပဉ္စမအကြိမ် ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်ခြင်းအဖြစ် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းပေါ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးရှေ့၌ ယနေ့နံနက်က အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် “လူ့အသက်တွေ ကယ်ဆယ်ဖို့ Road Safety အကြောင်း များများပြောကြစို့”အသိပညာပေးလက်ကမ်းစာစောင်များကို ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံယာဉ် ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုပ်ငန်းလိုင်စင်သယ်ယူပို့ဆောင်ရေးဌာနနှင့် ယကက တို့ ပူးပေါင်း၍ လိုက်လံဝေငှခဲ့ကြသည်။ အဆိုပါ လှုပ်ရှားမှုကို မေ ၆ ရက် မှ ၁၂ ရက်အထိ မန္တလေးမြို့တွင် လှည့်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်၌ ယာဉ်မတော်တဆမှု ၁၇၄၅၂ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၂၆၇၄၁ ဦးနှင့် သေဆုံးသူ ဦးရေ ၅၁၈၄ ဦးရှိကြောင်း စာရင်းများအရ သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ထင်သာမြင်သာ ပြုပြင်စရာ

မိတ္ထီလာဟိုတယ်နှင့် မိတ္ထီလာစာတိုက်အနီး သစ်ပင်ခြောက်များ အန္တရာယ်ရှိ၍ ခုတ်ဖြတ်ရှင်းလင်းရန်လိုလား

မိတ္ထီလာမြို့နယ် မိတ္ထီလာဟိုတယ် (ရန်ကုန်-မန္တလေးကားလမ်းမ ၃၄၀ / ၄)အနီးရှိ ဘောစကိုင်းသစ်ပင်ခြောက်နှင့် မိတ္ထီလာစာတိုက်အနီးရှိ မဲဇလီသစ်ပင်ခြောက်တို့မှာ အချိန်မရွေး ကျိုးပဲ့ကျနိုင်သော အခြေအနေဖြစ်၍ ရှင်းလင်းရန် လိုအပ်လျက်ရှိသည်။

“မိတ္ထီလာဟိုတယ်ရှေ့မှာရှိတဲ့ ဘောစကိုင်းသစ်ပင်က သစ်ကိုင်းခြောက်ကလည်း အချိန်မရွေး ကျိုးပဲ့ကျနိုင်တဲ့ အနေအထားပါ။ ပြီးတော့ မိတ္ထီလာစာတိုက်ရှေ့က မဲဇလီသစ်ပင်က သစ်ကိုင်းခြောက်ကြီးကလည်း ဘယ်အချိန်ကျိုးပဲ့ကျမလဲ မသိဘူးဖြစ်နေတဲ့ အနေအထားပါ။ သစ်ကိုင်းကျိုးကျတဲ့အချိန်နဲ့ အဲဒီနေရာမှာ မော်တော်ယာဉ်၊ ဆိုင်ကယ်တွေ၊ လမ်းသွားလမ်းလာတွေ ဖြတ်သွားချိန် တိုက်ဆိုင်ခဲ့ရင် အသက်အန္တရာယ်ပါရှိနိုင်တဲ့အနေအထားမို့ အန္တရာယ် မဖြစ်ပွားခင် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ အဲဒီသစ်ပင်ခြောက်၊ သစ်ကိုင်းခြောက်တွေကို ရှင်းလင်းပေးသင့်ပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုအချိန်တွင် အချိန်ခါမဟုတ် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ အဆိုပါ သစ်ကိုင်းခြောက်ကြီးများမှာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ လမ်းသွားလမ်းလာများ နေ့စဉ်ဖြတ်သန်းသွားလာနေသည့်နေရာတွင် ရှိနေပြီး အန္တရာယ်ဖြစ်ပွားနိုင်သည့် အနေအထားတွင်ရှိနေ၍ ယင်းသစ်ကိုင်းခြောက်ကြီးများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ရှင်းလင်းပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

မိတ္ထီလာမြို့တွင်းရှိ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

သက်ငယ်မုဒိမ်းမှု လျှော့နည်းကျဆင်းရေး အသိပညာပေး

လယ်ဝေး မေ ၆ - နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် နေပြည်တော် ရှစ်မြို့နယ်တွင် မှုခင်းဖြစ်ပွားမှု လျှော့နည်းစေရေးအတွက် အသိပညာပေးဆောင်ရွက်မှုများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် မေ ၃ ရက်က လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ် ရဲထွန်းနှင့် တပ်ဖွဲ့ဝင်များသည် ချောင်းခွကျေးရွာဘုန်းတော်ကြီးကျောင်း၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

ချင်းပြည်နယ် ပလက်ဝမြို့(မြို့ပြ) စီမံကိန်းကို အကောင်အထည်ဖော်ဖောက်လုပ်လျက်ရှိပြီး မြို့တိုးချဲ့ရေးအတွက် မြို့တွင်းလမ်းဖောက်လုပ်ခြင်းကို စတင်ဆောင်ရွက်လျက်ရှိရာ အဆိုပါ မြို့ပြစီမံကိန်းတွင် မြို့တွင်းလမ်းအကျယ် ပေ ၁၀၀ ဖြင့် လမ်းမကြီးနှစ်လမ်းကို လမ်းအရှည် ရှစ်မိုင်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ငွေကျပ်သိန်း ၁၀၀၀ ကျော်စီဖြင့် စတင်ဖောက်လုပ်လျက်ရှိသည်ကို တာဝန်ရှိသူများက မေ ၆ ရက်တွင် သွားရောက်ကြည့်ရှုကြစဉ်။

မြို့နယ် (ပြန်/ဆက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) ၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးစင်္ကြံနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၃) မှုကို စီရင်ချက်ချ၊ တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု(၃)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သံအမတ်ကြီး ဦးစိုးလင်းဟန် ခရိုအေးရှားနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၇

ခရိုအေးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၃ ရက်တွင် ဇာဂရက်မြို့၌ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စစ် ကိုလင်ဒါ ဂရာဘာ ကီတာရိုဗစ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၀) သင်တန်းဖွင့်

ရန်ကုန် မေ ၆

အရာထမ်း အခြေခံသင်တန်းအမှတ်စဉ် (၂၁၀) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ(ပညာဌာနမှူး)များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၀)သို့ တက်ရောက်ကြမည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၇၉ ဦး စုစုပေါင်း ၁၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၆

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း Country Report ထုတ်ပြန်နိုင်ရေး အစည်းအဝေးဖွင့်

နေပြည်တော် မေ ၆

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) အကောင်အထည်ဖော်ဆောင်မှုပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း Country Report ထုတ်ပြန်နိုင်ရေး (Meeting on Myanmar’s Country Review Report for UNCAC Implement -ation Review Cycle 2) အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) ကို ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အတည်ပြုခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်းတွင် ထိုင်းနှင့်ဘူရွန်ဒီနိုင်ငံတို့က မြန်မာနိုင်ငံအပေါ် သုံးသပ်မှုဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် တိုဂိုနိုင်ငံနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံအား သုံးသပ်ခဲ့ပါကြောင်း၊ ပထမအကြိမ် သုံးသပ်ရေးလုပ်ငန်းစဉ် အကြံပြုချက်များအပေါ် အလေးထားပြီး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ဒုတိယစက်ဝန်းတွင် ကွန်ဗင်းရှင်းပါ တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူခြင်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်းကို သုံးသပ်ရန်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် ပတ်သက်ပြီး အသိပညာပေးခြင်း၊ ဟောပြောပို့ချခြင်း၊ အသိပညာပေးရုပ်သံဇာတ်လမ်းတိုများ၊ သတင်းထုတ်ပြန်ခြင်းများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကျင့်ဝတ်အား ထုတ်ပြန်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၈-၂၀၂၂ ကိုချမှတ်ပြီး နှစ်အလိုက် စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ Political Will အဖြစ် ဆောင်ရွက်ခြင်းကို ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (CPU) စတင်ဖွဲ့စည်းဆောင်ရွက်နေခြင်းကို ကျေနပ်အားရဖွယ် မြင်တွေ့ကြရမည် ဖြစ်ပါကြောင်း။

ပြည်တွင်း၌သာမက နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များ၊ ဒေသဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များနှင့်လည်း ပူးပေါင်း၍ အဂတိလိုက်စားမှုလျော့နည်းပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ Country Review Report အောင်မြင်စွာ ထုတ်ပြန်နိုင်ရေးအတွက် ပထမစက်ဝန်းတွင် ပေါင်းစည်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ဒုတိယစက်ဝန်းတွင်လည်း ဆက်လက်၍ ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ United Nations Office on Drugs and Crime (UNODC) Country Office မှ ကိုယ်စားလှယ် Ms. Marie Pegie Cauchois နှင့် (UNODC) ရုံးချုပ်မှ ကိုယ်စားလှယ် Mr. Jason Reichelt တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) အကောင်အထည်ဖော်ဆောင်မှုပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း Country Report ထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးကြပြီး အစည်းအဝေးကို မေ ၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိမ်း၊ UNODC မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း Country Report ထုတ်ပြန်နိုင်ရေး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန် အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ရေး၊ လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေး၊ "One Belt, One Road" စီးပွားရေးစင်္ကြံစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် တည်ဆောက်မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ကူညီပံ့ပိုးပေးမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

❐ ***ရှေ့ဖုံးမှ***

ရေးမှူးချုပ်ရုံးနှင့် အာဆီယံလူသားချင်းစာနာမှုညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော နိုင်ငံတကာ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများ

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်ကတည်းက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် ပြဿနာများဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများကို စုံစမ်းဖော်ထုတ်နိုင်ရန်နှင့် သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည် နည်းလမ်းကောင်းများကို ဖော်ထုတ် အကြံပေးနိုင်စေရေးအတွက် ကိုဖီအာနန်ကော်မရှင်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ကော်မရှင်၏ အကြံပြုချက်များသည် ရခိုင်ပြည်နယ်အတွင်း ကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာ အကျပ်အတည်းနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ရေရှည်ပဋိပက္ခ ကင်းဝေးရေးအတွက်

အရေးပါသည့် အကြံပြုချက်များဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် နိုင်ငံအတွက် အကျိုးရှိမည့် အကြံပြုချက်များကို တစ်နှစ်ခွဲကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ်လဖြစ်စဉ် ဖြစ်ပွားမှုများမရှိခဲ့ပါက ယခုအခြေအနေထက် များစွာတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်များကြောင့် ၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ နှောင့်နှေးခဲ့ပါကြောင်း၊ သို့ရာတွင် ၂၀၁၈ ခုနှစ်အတွင်း ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း ယခုအချိန်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ မတူညီသည့် လုံခြုံရေးဆိုင်ရာ ပြဿနာများ ထပ်မံဖြစ်ပွားသဖြင့် နှောင့်နှေးခဲ့ရပါကြောင်း၊ ယင်းအခက်အခဲကိုလည်း ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အမှန်အတိုင်းပြောရပါက အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစဉ်သည် အလွန်သိမ်မွေ့ပြီး ခက်ခဲသည့် လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ သို့သော် အစိုးရအနေဖြင့် အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ကြုံတွေ့နေရသည့် ပြဿနာအများစုသည် ကာလရှည်ဖွံ့ဖြိုးရေးနိမ့်ကျခဲ့မှု၊ ယုံကြည်မှု အားနည်းခြင်းများကြောင့် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးကို အတူတကွတွေ့ဆုံ ဆွေးနွေးပြီး ဆိုင်ရာ ကဏ္ဍအလိုက် သဘောတူညီမှုရရှိရေး ဆွေးနွေးမှုလုပ်ငန်းစဉ်သည် ခန့်မှန်းထားသည်ထက် ပိုခက်ခဲခဲ့ပါကြောင်း။

လူမှုသဟဇာတဖြစ်ရေး

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမရှိဘဲ ရခိုင်ပြည်နယ်အတွင်း မည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်၍မရသည်ကို အားလုံး နားလည်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်ရေးသည် အရေးပါသောကြောင့် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ နောက်ထပ်အရေးကြီးသည်မှာ တရားဥပဒေစိုးမိုးရေး ဖြစ်ပါကြောင်း၊ လက်ရှိကြုံတွေ့နေရသည့် လုံခြုံရေး အခက်အခဲကို ဖြေရှင်းနိုင်ရေး၊ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနေရာချထားပေးရန်နှင့် အနာဂတ်တွင် အလားတူ ပြဿနာများ မဖြစ်ပွားစေရန် တရားဥပဒေစိုးမိုးရေးသည် အခြေခံအကျဆုံးဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးကို မြှင့်တင်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အတူပါဝင်ဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့ အစိုးရ စတင်တာဝန်ယူစဉ်ကပင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ တည်ငြိမ်မှုရှိစေရေး ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် ရခိုင်အပါအဝင် တစ်နိုင်ငံလုံးတွင် တိုးတက်မှုများကို မြင်တွေ့နေရပြီ ဖြစ်ပါကြောင်း။

သိသာထင်ရှားသည့် သာဓကတစ်ခုကို ပြရမည်ဆိုပါက ရခိုင်ပြည်နယ်အတွင်း ပြီးခဲ့သည့် (၂)နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးစသည့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာသည်ကို ပြလိုပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် ရခိုင်ပြည်နယ်အတွင်း အခြေအနေများ ပုံမှန်ပြန်လည်ဖြစ်စေရေးနှင့် ပိုမိုကောင်းမွန်လာစေရေးအတွက် အခြေခံကျသည့် လိုအပ်ချက်ဖြစ်သကဲ့သို့ ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးပါပါကြောင်း။

IDP စခန်းသုံးခု ပိတ်သိမ်း

ရခိုင်ပြည်နယ်အတွင်း IDP စခန်းများ ပိတ်သိမ်းရေး လုပ်ငန်းများကို အကြံပြုချက် မတိုင်မီကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ တင်သွင်းပြီးပြီးချင်း IDP စခန်း သုံးခုကို ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ နောက်ထပ် တစ်ခုကို ၂၀၁၈ ခုနှစ်အတွင်း ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ပိတ်သိမ်းဆဲ စခန်းတစ်ခုကို စနစ်တကျ ပိတ်သိမ်းနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း IDP စခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း)ကို ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ညှိနှိုင်းရေးဆွဲခဲ့ပါကြောင်း။

နိုင်ငံသားဖြစ်မှု လုပ်ငန်းစဉ်သည်လည်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အချုပ်အခြာ အာဏာပိုင် နိုင်ငံတိုင်းတွင် နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်များ ရှိကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှိပါကြောင်း၊ နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ပထမအဆင့်အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အကြံပြုချက်အကောင်အထည်ဖော်ရေးတွင် အာဆီယံ၏ အခန်းကဏ္ဍကလည်း အရေးကြီးပါကြောင်း။

ရခိုင်ပြည်နယ် ငြိမ်းချမ်းသာယာရေး

မြန်မာနိုင်ငံအပေါ် နားလည်မှု အပြည့်အဝဖြင့် အစဉ်တစိုက် ကူညီပေးခဲ့ကြသည့် အာဆီယံနိုင်ငံများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ငြိမ်းချမ်းသာယာဝပြောရေးအတွက် အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများအနေနှင့် နားလည်မှုရှိစွာဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ရာမှ ရှေ့ဆက် ဆောင်ရွက်ရေးလုပ်ငန်းများကိုပါ ပုံဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးဘုတ်အဖွဲ့ဝင် Rt. Hon. Lord Darzi of Denham က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု တိုးတက်မှုများကို မြင်တွေ့နေရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်နေရသည့် အခက်အခဲများသည် အခုမှကြုံတွေ့ရသည့် အခက်အခဲများမဟုတ်ဘဲ ကာလရှည်ကြာ ဖြစ်ပွားခဲ့သည့် သိမ်မွေ့စွာ ဖြေရှင်းရမည့် လုပ်ငန်းများညှိနှိုင်းဆွေးနွေးမှုများကတစ်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ခြင်းကြောင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ရလဒ်ကောင်းများ ရရှိလာစေရေး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း မှတ်ချက်ပြုစကားပြောကြားသည်။

ဆက်လက်၍ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ ခြုံငုံသုံးသပ်ချက် အစီအစဉ်၏ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးဆောင်ဆွေးနွေးသူအဖြစ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ပြန်လည်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြတို့က ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ အခန်းကဏ္ဍ သုံးသပ်ချက် အစီအစဉ်၏ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဦးဆောင်ဆွေးနွေးသူအဖြစ် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ ပြန်လည်ဆွေးနွေးသူအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က ဆောင်ရွက်ကြသည်။

ကဏ္ဍအလိုက် ဆွေးနွေးမှု ဖြေကြား

ယင်းနောက် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန(AHA Centre) နှင့် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ERAT) တို့၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အခန်းကဏ္ဍ သုံးသပ်ချက် အစီအစဉ်၏ သဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ဦးဆောင်ဆွေးနွေးသူများအဖြစ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးဘုတ်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် AHA Centre မှ Deputy Executive Director, Mr. Arnel Capili တို့ကလည်းကောင်း၊ ပြန်လည်ဆွေးနွေးသူအဖြစ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးဘုတ်အဖွဲ့ဝင် ဦးလှမြင့်တို့က ဆောင်ရွက်ခဲ့ကြပြီး တက်ရောက်လာကြသူများက အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့၏ ကဏ္ဍအလိုက် ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီးများနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

နေပြည်တော် မေ ၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၉၀၉၅ ဒသမ ၂၆၂ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရှင်းလင်းပြောကြားကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများသည် ကြိုတင်မသိမြင်နိုင်သော ရုတ်တရက်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ် အမျိုးအစားဖြစ်သောကြောင့် ဘဏ္ဍာငွေလျာထားချက်မရှိသဖြင့် ပျက်စီးမှုများပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၃၁၈ ဒသမ ၀၆၆ သန်းအား အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ရရှိရေး တင်ပြဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)အရ သဘောတူပြီး ဖြစ်သဖြင့် ၂၀၁၉ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခွဲဝေသုံးစွဲမည့် ငွေကျပ် ၃၁၈ ဒသမ ၀၆၆ သန်းအား

ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်

ဒုတိယဝန်ကြီး
ဦးလှကျော်

ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ခုနှစ် မိုးရာသီကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ(သုံးသိန်း ရှစ်သောင်း ရှစ်ဆယ် ဧက) ပျက်စီးခဲ့သဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်းအတွက် ထောက်ပံ့ပေးရမည့် ငွေကျပ် ၇၃၃၀ ဒသမ ၇၀၅ သန်းသည် မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စအတွက်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲ၍ ထောက်ပံ့ပေးရန် တင်ပြခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန တို့၏ အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခဲ့မှုများကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်းနှင့် ကျန်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အရေးပေါ်ရန်ပုံငွေမှ သုံးစွဲမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒ လုပ်ငန်းအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဂျာမနီနိုင်ငံ ဘွန်းမြို့၌ အခြေစိုက်သည့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့(Intergovernmental Science-Policy Platform on Biodiversity and Ecosystem Services-IPBES) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအစီအမံများ ချမှတ်ရာတွင် ရာသီဥတုပြောင်းလဲမှု အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေဖြစ်သည့် သိပ္ပံဆိုင်ရာ အကြံပြုချက်များရရှိနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုနှင့် တိုးတက်အောင်မြင်မှုများကို IPBES မှတစ်ဆင့် နိုင်ငံတကာသို့ ချပြ

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ထိန်းသိမ်းဆောင်ရွက်ရာတွင် နည်းပညာများ ပိုမိုလွှဲပြောင်းရယူနိုင်ခြင်း၊ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာအစီအစဉ်များနှင့် အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများကို ပိုမိုသိရှိနိုင်ခြင်း၊ IPBES မှ ဦးစီးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် သင်တန်းများသို့

ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

တက်ရောက်မည့် ကိုယ်စားလှယ်၊ ပညာသင်များအား IPBES ၏ စရိတ်ကျခံမှုဖြင့် စေလွှတ်နိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှုနှင့် တိုးတက်အောင်မြင်မှုများကို IPBES မှ တစ်ဆင့် နိုင်ငံတကာသို့ ချပြနိုင်ခြင်းနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ မဏ္ဍိုင်(၃)၊ ပန်းတိုင်(၅)၊ မဟာဗျူဟာအရ ဖော်ဆောင်မည့် လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့(IPBES) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး**က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Protocol of 1988 relating to the International Convention for the Safety of Life at Sea, 1974 တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **"လောင်းကစားဥပဒေကြမ်း"** နှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **"တံတားကြီးများ ဥပဒေကြမ်း"** တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ဆက်လက်၍ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသူရိန်ဇော်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ရုံးသုံးမော်တော်ယာဉ်ငါးစီး တင်သွင်းရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ ယခုတင်ပြလာသည့် မော်တော်ယာဉ်ငါးစီးကို အခွန်ကင်းလွတ်ခွင့်များ တောင်းခံလာခြင်းကိစ္စတွင် ကားအမျိုးအစားနှင့် ကားတန်ဖိုးစုစုပေါင်းသာပါရှိပြီး မော်ဒယ်၊ ထုတ်လုပ်သည့်ခုနှစ်၊ နိုင်ငံ၊ ဈေးကွက်အတွင်းရှိ အမှန်တကယ်ဈေးနှုန်း၊ ဆိပ်ကမ်းရောက် တန်ဖိုး၊ အခွန်ပေးဆောင်ရမည်ဆိုပါက နိုင်ငံတော်မှ ရရှိမည့် အခွန်ငွေပမာဏတို့ကို ထည့်သွင်းဖော်ပြန်ပေးရန်လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံအနေဖြင့် ကင်းလွတ်ခွင့်ပြုပေးရသော ငွေကြေးပမာဏနှင့် အခြားအခွင့်အရေးများ ပေးအပ်ရမှုသည် နိုင်ငံတော်မှ ပြန်လည်ရရှိနိုင်မည့် အကျိုးဖြစ်ထွန်းမှုများ၊ နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းမှုများကို ချိန်ဆနိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းနိုင်မှုအခြေအနေ၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများ၊ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုအခြေအနေ၊ မိမိတို့နိုင်ငံနှင့် အခြေအနေချင်းတူသော နိုင်ငံများ၏ IHO များအပေါ် အခွန်ကင်းလွတ်ခွင့်နှင့် အခြားသော ကင်းလွတ်ခွင့်များ ပြုပေးနေမှုအခြေအနေစသည်တို့ကို ထည့်သွင်းစဉ်းစားကာ အဘက်ဘက်မှ လေ့လာသုံးသပ်လျက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ဦးစားပေး၍ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုချက်တောင်းခံသင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်ရန်အတွက် ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်းအခြေခံအဆောက်အအုံမြှင့်တင်ခြင်းစီမံကိန်း ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် စီမံကိန်းငယ်ပေါင်း ၇၀ ကို ပြည်နယ်လေးခုနှင့် တိုင်းဒေသကြီးတစ်ခုတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

သက်သာသောချေးငွေ၊ ချေးသင့်သော ချေးငွေဆိုသော်လည်း ချေးငွေများကို ထိထိရောက်ရောက် အကျိုးရှိရှိဖြင့် အလေအလွင့်နည်းပါးစွာ သုံးစွဲရန်မှာ လွန်စွာအရေးကြီးသကဲ့သို့ ကြွေးမြီပြန်ဆပ်ရန် နည်းလမ်းများကိုလည်း ကြိုတင်စဉ်းစားထားသင့်ပါကြောင်း၊ ထို့ကြောင့် ချေးငွေများဖြင့် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရာတွင် ယခင်စီမံကိန်း၏ အောင်မြင်မှု ရှိ၊ မရှိ ကုန်ကျငွေနှင့် ထိုက်တန်သော လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ တို့ကို မြေပြင်ပကတိ အခြေအနေနှင့် နီးကပ်စွာ ပြန်လည်ဆန်းစစ်သင့်ပါကြောင်း။

ကုန်ကျစရိတ်၏ ၈၀ ရာခိုင်နှုန်းခန့်ကို အသုံးပြုလျှင်ပင် ပြည်သူများအတွက်

ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ

ဒုတိယဝန်ကြီး
ဦးကျော်မျိုး

ထိရောက်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး ၄၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းခန့်ကိုသာသုံးစွဲပါက ပြည်သူများတွင် အကြွေးတင်ခြင်းသာ အဖတ်တင်ပြီး အကြွေးနွံမှ ရုန်းမထွက်နိုင်ခြင်းဆိုသည့် အဖြေသာထွက်ရှိလာနိုင်သည့်အတွက် ချေးငွေဖြင့် အကောင်အထည်ဖော်မည့်လုပ်ငန်းများကို အလေအလွင့် နည်းပါးစွာဖြင့် ထိရောက်အကျိုးရှိစွာ သုံးစွဲနိုင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

သက်သာသည့် ချေးငွေဆိုသော်လည်း ပြန်လည်ပေးဆပ်ရမည့် ကြွေးမြီဖြစ်သောကြောင့် ထိထိရောက်ရောက်သုံးစွဲရန် လိုအပ်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်)ဒေါက်တာအားကာမိုးက မိမိတို့နိုင်ငံ၏ ပြည်ပကြွေးမြီ ၉ ဒသမ ၈၄၄ ဘီလီယံ ရှိနေပြီဖြစ်ပါကြောင်း၊ ပြည်ပကြွေးမြီနှင့် GDP အချိုးသည် ၁၄ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာတွင် ရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ ပြည်ပချေးငွေများထဲတွင် အသက်သာဆုံးအတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလနှစ် ၃၀ စုစုပေါင်းသက်တမ်း နှစ် ၄၀ ဖြစ်သည့်အတွက် သင့်တော်သည့် ချေးငွေဖြစ်ပါကြောင်း၊ သက်သာသည့် ချေးငွေဆိုသော်လည်း ပြန်လည်ပေးဆပ်ရမည့် ကြွေးမြီဖြစ်သောကြောင့် ထိထိရောက်ရောက်သုံးစွဲရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် နောင်လာနောက်သားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ပြန်လည်ပေးဆပ်ရမည်ဖြစ်သည့် ပြည်ပကြွေးမြီများကို ထိထိရောက်ရောက် အောင်အောင်မြင်မြင်ဖြင့် စနစ်တကျသုံးစွဲပေးရန် တိုက်တွန်းပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင် (ခေါ်) ဦးစောထွန်းမြအောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါက်တာတင်တင်ဝင်း၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းနှင့် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားရန် လျာထားကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

မော်စီ၊ အေးအေးသန့်

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပေါ် တာဝန်ရှိသူတို့၏ သဘောထားအမြင်

တွေ့ဆုံမေးမြန်း-ဝင်းစန္ဒီ၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်

ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး

ဦးအောင်ထူး
ဒုတိယဝန်ကြီး

ဒေါက်တာအောင်ထွန်းသက်
ညှိနှိုင်းရေးမှူးချုပ်

ဦးညီပု
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်

ဦးကိုလေးဝင်း
ညွှန်ကြားရေးမှူးချုပ်

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည် နေရာချထားရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ပညာရှင်များက ဆွေးနွေးသွားကြမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တက်ရောက်လာကြသူများအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

အစိုးရသစ်စတက်ကတည်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားခဲ့တယ်၊အဲဒီလိုကြိုးစားတဲ့အခါ အစိုးရအဖွဲ့ တက်တက်ချင်းမှာ ရေရှည်ပဋိပက္ခကင်းဝေးစေဖို့ဆိုတာ အရေးကြီးတဲ့ အချက်ဖြစ်တယ်။ ရေရှည်ပဋိပက္ခကင်းဝေးစေဖို့ဆိုတာ ပဋိပက္ခဖြစ်ပေါ်နေတဲ့ အခြေအနေတွေ၊ တကယ့်အကြောင်းရင်းတွေကိုဖော်ထုတ်ပြီး သိရင် ပိုပြီးဆောင်ရွက်နိုင်မယ်။ တိတိကျကျ တကယ့်ကို စနစ်တကျ ဆောင်ရွက်နိုင်မယ်လို့ ယူဆပြီးတော့ မစ္စတာ ကိုဖီအာနန် ကော်မရှင်ကိုဖွဲ့စည်းခဲ့တယ်။ ဖွဲ့စည်းပြီးတဲ့အခါမှာ အကြံပြုချက်တွေ ထွက်ပေါ်လာတယ်။ အကြံပြုချက်တွေထဲမှာ တကယ်ပဲ ရခိုင်ဒေသအတွက် အကျိုးရှိမယ့်ကိစ္စတွေ၊ နိုင်ငံအတွက် အကျိုးဖြစ်မယ့်ကိစ္စတွေ ဒါတွေကို အကောင်အထည်ဖော်ခဲ့တယ်။

ဒီလိုအကောင်အထည်ဖော်ခဲ့တာ တစ်နှစ်ခွဲလောက်ရှိသွားပြီ။ ရခိုင်ပြည်နယ် ကိစ္စနဲ့ပတ်သက်ရင် ဒီကော်မရှင်မပေါ်ကတည်းက အစိုးရအဖွဲ့ဖွဲ့ပြီးပြီးချင်းမှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ ရေရှည်ပဋိပက္ခကင်းဝေးဖို့ ကိစ္စကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ဗဟိုကော်မတီဖွဲ့ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအကြံပြုချက်တွေ ကြည့်လိုက်တဲ့အခါ တကယ်လိုအပ်တဲ့အချက်တွေကို တွေ့ရှိရတယ်။ ဒါတွေကို ကျွန်တော်တို့က ဆက်ပြီးအကောင်အထည်ဖော်တယ်။

အကောင်အထည်ဖော်နေတဲ့ကြားမှာပဲ ပဋိပက္ခတွေကရှိနေတယ်။ ဒီထက်ပိုပြီးတော့ နယ်မြေလုံခြုံရေးကို ထိပါးလာတဲ့ ကိစ္စတွေလည်း ရှိတယ်။ ဆက်လက်အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး အကြံပြုချက်တွေက တကယ်ပဲ ဒေသအတွက် အကျိုးရှိမလားလို့ ဆန်းစစ်ကြည့်တော့ အကျိုးရှိနိုင်တဲ့ကိစ္စတွေ အများကြီး တွေ့ရတယ်။ ဒါကြောင့် အခက်အခဲကြားက ဆက်လက်ပြီး အကောင်အထည်ဖော်ခဲ့တယ်။ ၂၀၁၈ ခုနှစ် တစ်နှစ်လုံးမှာ အခက်အခဲကြားက အကောင်အထည်ဖော်ခဲ့သလို ၂၀၁၉ မှာလည်း ဆက်လက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျော်လွှားပြီး ဆက်အကောင်အထည်ဖော်ခဲ့တယ်။ ဒီလိုအကောင်အထည်ဖော်မှုတွေက ဘယ်လောက် ထိရောက်သလဲ၊ အကျိုးရှိသလဲ၊ ရှေ့ကို ဘယ်လိုဆက်လုပ်မလဲဆိုတာကို ကျွန်တော်တို့ ပြန်ပြီးသုံးသပ်ဖို့ လိုလာတယ်။ ဒါ့ကြောင့် ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်။ တကယ်အကောင်အထည်ဖော်တဲ့ နေရာမှာ တကယ့်ကိုအရေးကြီးတဲ့ အချက်အလက်တွေ၊ အကြံပြုချက်တွေနဲ့ ပတ်သက်ပြီး ရခိုင်ဒေသအကျိုးရှိမယ်။ နိုင်ငံအတွက် အကျိုးရှိမယ့်ကိစ္စတွေကို ပြန်ပြီးသုံးသပ်ဆင်ခြင်တာပါ။ အားလုံးခြုံငုံပြီး သုံးသပ်တဲ့ပွဲဖြစ်ပါတယ်။

IDP နဲ့ ပတ်သက်ပြီး ပြည်တွင်းမှာ နေရပ်စွန့်ခွာတဲ့သူတွေ၊ ဒါက ရခိုင်တင်မကဘူး။ ကချင်မှာလည်းရှိတယ်။ ရှမ်းမှာလည်းရှိတယ်။ အခြားဒေသတွေမှာလည်း ရှိတယ်။ ရခိုင်မှာလည်း ပြည်တွင်းနေရပ်စွန့်ခွာတဲ့ သူတွေရှိလာပြီး ဒီစခန်းတွေက တကယ်တမ်းဆိုရင် ယာယီပဲဖြစ်ရမယ်။ တကယ်တမ်း ကိုယ့်ရပ်ကိုယ့်ဒေသမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ပြီး ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ဒီစခန်းတွေက ရေရှည်မရှိသင့်ဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဒီစခန်းတွေကို စနစ်တကျ အဆင့်မီမီပိတ်သိမ်းရေးဆိုတာ အမျိုးသားစီမံချက်ကြီးတစ်ရပ်အနေနဲ့ (National Strategy)ကို ၂၀၁၈ မှာ ရေးဆွဲခဲ့တယ်။ အခုဆိုရင် ရေးဆွဲတဲ့ မဟာဗျူဟာက ပြီးသွားပါပြီ။ ပြီးသွားတဲ့အခါ လုပ်ငန်းစဉ်တွေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘယ်လောက်များသလဲဆိုရင် ရခိုင်ရော၊ ကချင်ရော၊ ရှမ်းမှာပါရှိတယ်။ အားလုံးနဲ့ ဆိုင်တယ်။ ရခိုင်တစ်ခုတည်းအတွက် ဆောင်ရွက်တာ မဟုတ်ပါဘူး။ ဆက်လက်ပြီးတော့ ဒီစခန်းတွေကို စနစ်တကျပိတ်သိမ်းနိုင်ရေး၊ စခန်းတွေရှိမယ်ဆိုရင် စနစ်တကျတည်ရှိရေး၊ စနစ်တကျပိတ်သိမ်းရေး ဒါတွေကို ဆောင်ရွက်နေပါတယ်။

ဦးအောင်ထူး
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ရဲ့ရည်ရွယ်ချက်သုံးခုနဲ့ ပတ်သက်ပြီး ဒေါက်တာအောင်ထွန်းသက်က ဆွေးနွေးမယ်။ ကျွန်တော်တို့က စီးပွားရေးရှုထောင့်ကနေ ဆွေးနွေးမယ်။ ဟိုဘက်မှာ ရောက်သွားတဲ့ ၄၂ ရာခိုင်နှုန်းက အလုပ်လုပ်ကိုင်နိုင်တဲ့ အရွယ်တွေ ရှိတယ်။ ဒီလူတွေကို ထုတ်လုပ်မှုစွမ်းအားရှိတဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်သားအင်အားစုအဖြစ် စုစည်းနိုင်ရေး ဖြစ်ဖို့မှန်းတယ်။ ကျွန်တော်တို့က အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးမယ်ဆိုတာက ရခိုင်မှာ နဂိုကတည်းက အလုပ်အကိုင်အခွင့်အလမ်းတွေရှိတယ်။ ရေနံထုတ်လုပ်တဲ့ လုပ်ငန်းတွေရှိတယ်။ ကျောက်ဖြူ စက်မှုဇုန်တွေရှိတယ်။ နောက်တခြားမှာလည်း စက်မှုဇုန်တွေရှိတယ်။ အဲဒီတော့ အဓိက ထုတ်လုပ်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးစေချင်တယ်။ ဒ့ါအပြင် ခရီးသွားလုပ်ငန်းတွေလည်း ဖွံ့ဖြိုးစေချင်တယ်။ အဲဒီလုပ်ငန်းတွေက တိုးတက်လာမယ်။

နောက်တစ်ခုက ရခိုင်ပြည်နယ်က တစ်ချိန်တုန်းက ဆန်စပါး အများဆုံးတင်ပို့တဲ့နေရာဖြစ်ခဲ့ဖူးတယ်။ အဲဒီအဆင့်အတန်းမျိုးကို ပြန်ပြီးတော့ ရောက်ချင်တယ်။ ရခိုင်မှာ မစိုက်ပျိုးနိုင်တဲ့ မြေ၊ မြေဩဇာကောင်းတဲ့မြေတွေ အများကြီးရှိတယ်။ ငါးလုပ်ငန်းတွေ၊ ငါးမွေးတဲ့ လုပ်ငန်းတွေ ပြန်လည်တိုးတက်စေချင်တယ်။ ဖြစ်နိုင်ရင် စက်မှုကုန်ချောထုတ်လုပ်တဲ့ အလုပ်အကိုင်အများကြီး ဖန်တီးပေးနိုင်တဲ့ အထည်ချုပ်လုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေလုပ်စေချင်တယ်။ ရခိုင်ပြည်နယ်က စစ်တွေဆိုရင် နိုင်ငံတကာဆိပ်ကမ်းဆိုတော့ ရခိုင်ကမ်းရိုးတန်းမှာ ဆိပ်ကမ်းတွေ ပြန်ပြီး ဖြစ်စေချင်တယ်။ အဲဒါဆိုရင် စစ်တွေကနေ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားကို ချိတ်လို့ရတယ်။ နောက်အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ပြည်နယ်က ဝိသာခါပါတနမ် (Visakhapatnam)နေရာမျိုးကို ချိတ်လို့ရတယ်။ အရင်တုန်းက မက်ဒရစ်ကို ချိတ်လို့ ရတယ်။ အဲဒါမျိုးချိတ်ရင် ရခိုင်မှာ စီးပွားရေးအခွင့်အလမ်းက ပြန်ပြီးဖြစ်လာမယ်။ ဒီလူတွေလည်း အသုံးချလို့ရမယ်ဆိုတဲ့ သဘောမျိုး ဆွေးနွေးမှာပါ။

မနက်က ကိုဖီအာနန်ကော်မရှင်မှာပါတဲ့ Lord Darzi က ပြောသွားတာရှိတယ်။ International Community ကို မြန်မာနဲ့ဆက်ပြီး ပူးပေါင်းပါ။ ပူးပေါင်းတဲ့အခါ အထောက်အပံ့တွေပေးပါ။ ဒါမှလည်း ရခိုင်ကတိုးတက်လာမယ်။ ရခိုင်တိုးတက်ရင် မြန်မာနိုင်ငံလည်း တိုးတက်လာမယ်လို့ ပြောပါတယ်။ ဒီနေ့ ဆွေးနွေးပွဲမှာ သံတမန်တွေ တက်ရောက်လာတာကြောင့် သူတို့အနေနဲ့ မြန်မာနိုင်ငံက ကိုဖီအာနန် ကော်မရှင်ရဲ့ အစီရင်ခံစာကိုဆက်ပြီး အကောင်အထည်ဖော်နေတယ်ဆိုတာ သူတို့ သိသွားမယ်။ ပြီးတဲ့အခါ သူတို့နဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လုပ်နိုင်မယ့် အနေအထားမျိုးရှိလာမယ်။

ဒေါက်တာအောင်ထွန်းသက်
ညှိနှိုင်းရေးမှူးချုပ်
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)

ရခိုင်ရဲ့အရေးကြီးမဟာဗျူဟာကို ဖြေရှင်းနိုင်ဖို့ ကိုဖီအာနန်ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ ကုလသမဂ္ဂမှာ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ခဲ့တဲ့သူနဲ့ Lord အဖွဲ့တွေပါတယ်။ နောက် တိုင်းရင်းသားတွေပါတယ်။ ဒီကော်မရှင်ကြီးဖွဲ့ပြီးတော့ ကော်မရှင်လုပ်ရပ်တွေအားလုံးကို အနှစ်ချုပ်အနေနဲ့ အချက်အလက်တွေ အကြံပြုခဲ့တယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီအကြံပြုချက်တွေကို ပီပီပြင်ပြင်ဖြစ်အောင် အကောင်အထည်ဖော်တဲ့ကော်မတီဆိုပြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်တဲ့ ကော်မတီဖွဲ့ပြီး ဆောင်ရွက်တယ်။ အဲဒီလိုဆောင်ရွက်ချက်တွေကို ပြန်ပြီးသုံးသပ်တာကို ပြုလုပ်တဲ့ပွဲပါ။ အဲဒီလို သုံးသပ်တဲ့အခါ အရှိကို၊ အရှိတိုင်းသုံးသပ်ကြမယ်။ အကြံပြုတာတွေရှိမယ်။ လုပ်စရာတွေလိုသေးတာ ကျန်ဦးမယ်။ ကိုဖီအာနန်ရဲ့ ကော်မရှင်အကြံပြုချက်ထဲမှာ ဒါတွေကို ပြန်လုပ်ဖို့ဆိုရင် အခြေခံသုံးခုရှိတယ်။ လူသားချင်းစာနာမှုရယ်၊ ပြန်လည်နေရာချထားရေးရယ်၊ ရေရှည်အတွက် ဖွံ့ဖြိုးရေးရယ်ဆိုပြီး လုပ်ရပ်သုံးခုကို အကောင်အထည်ဖော်ဖို့ပါ။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က UEHRD ဆိုပြီး ဖွဲ့လိုက်တော့ ဆရာက ညှိနှိုင်းရေးမှူးချုပ် တာဝန်ယူထားတယ်။ အခုပွဲမှာ UEHRD ရဲ့လုပ်ရပ်တွေကို တင်ပြဖို့ရှိတယ်။ အဓိပ္ပာယ်က ဒီအကြံပေးတာတွေအားလုံးကို အစိုးရက တကယ် လိုလိုချင်ချင် ဘယ်လိုတုံ့ပြန်တယ်ဆိုတာ တင်ပြဖို့၊ ဆွေးနွေးဖို့ရှိတယ်။ အတွင်းပိုင်း၊ အပြင်ပိုင်း ဒီသုံးသပ်ချက်ကို မူတည်ပြီးတော့ ဆရာတို့ အားသာချက်တွေရှိမယ်။ လုပ်စရာတွေ ကျန်သေးတာတွေကို ဖော်ထုတ်မယ်။ အားသာချက်တွေကို အခြေခံပြီးတော့ ဒီထက်ကောင်းအောင် ဘယ်လိုလုပ်မလဲ၊ လုပ်စရာတွေကျန်သေးတာကို ဘယ်လိုကိုင်တွယ်မလဲဆိုတာ ဒါကတစ်ပိုင်း၊ ပြီးတော့မှ နိုင်ငံတကာကလည်း ဒါကို သိပြီးရင် ပြည်တွင်းမှာသာမက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဦးညီပု
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အတွက် ဒီကော်မရှင်က အများကြီးအထောက်အကူပြုပြီး အကျိုးဖြစ်ထွန်းမယ်လို့ ကျွန်တော်တို့ ယုံယုံကြည်ကြည်နဲ့ မျှော်လင့်ပါတယ်။ ဒီကော်မရှင်အနေနဲ့ ပတ်သက်ပြီး အစီရင်ခံစာ အကောင်အထည်ဖော်ရေး အပိုင်းကလည်း နောက်ဆုံးအပိုင်းလောက်ဖြစ်လာပါပြီ။ ဒီအပေါ်အကောင်အထည်ဖော်ရေး အချက်အလက်တွေ၊ အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းတွေက တော်တော်အားရစရာကောင်းပါတယ်။

ဒါတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့သာမက နိုင်ငံတကာအမြင်နဲ့ ပတ်သက်လို့ ဒီအခြေအနေတွေကို မှန်မှန်ကန်ကန်သိသွားတဲ့ အနေအထားဖြစ်မယ်ဆိုရင် နိုင်ငံတကာအတွက် အင်မတန်ကောင်းတဲ့ အနေအထားတွေပါ။ ကျွန်တော်တို့ ပြည်နယ်အတွက် အားလုံးက ဒီထက်ပိုပြီးတော့ အခြေအနေတွေကို မှန်မှန်ကန်ကန် သိသွားပြီး နောက်ထပ်လုပ်ရမယ့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို ယခင်အနေအထားထက်ပိုပြီး ပြည်သူတွေရဲ့ လူမှုဘဝတွေကို ကောင်းမွန်တဲ့ အနေအထားတွေဖြစ်လာအောင် အားလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြမယ်ဆိုရင် ပိုပြီးကောင်းမွန်တဲ့ အနေအထားတွေ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။ ဆွေးနွေးပွဲမှာ ထပ်မံညှိနှိုင်းတာတွေ ရှိလာနိုင်တဲ့ အနေအထားရှိပါတယ်။ နောက်ဆုံးအနေနဲ့ အကောင်းဆုံးဖြစ်အောင် အချောသပ်ပြီးတော့ အစီရင်ခံစာ အောင်မြင်တဲ့အနေအထားအထိ လုပ်ဆောင်ဖို့ပဲ ရှိပါတယ်။

စာမျက်နှာ ၇ သို့

မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာအက အခြေခံကဗျာလွတ်အက(ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၇)တွင် ပထမဆုရရှိခဲ့သော မွန်ပြည်နယ်မှ သင်တန်းသူများ၏ ကဗျာလွတ်အကကို Video Clip ဖြင့် ပြသခဲ့ပြီး အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲမှ အနုပညာရှင်ဝန်ထမ်းများက "ကဗျာ့ပန်းမြိုင်လယ်" ယိမ်းအကဖြင့် သရုပ်ပြ ဖျော်ဖြေတင်ဆက်သည်။

တက်ရောက်

ယနေ့စတင်ဖွင့်လှစ်ခဲ့သော မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၉)၏ သင်တန်းကို မေ ၆ ရက်မှ ၁၁ ရက်အထိဖြစ်ပြီး အဆိုပါသင်တန်းတွင် ကချင်ပြည်နယ်မှ သင်တန်းသူ ၁၅ ဦး၊ ကယားပြည်နယ်မှ သင်တန်းသူ ၁၂ ဦး၊ ကရင်ပြည်နယ်မှ သင်တန်းသား သင်တန်းသူ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သင်တန်းသား သင်တန်းသူ ၂၀၊ မကွေးတိုင်းဒေသကြီးမှ သင်တန်းသား သင်တန်းသူ ၂၀ နှင့် ဧရာဝတီတိုင်းဒေသကြီးမှ သင်တန်းသား သင်တန်းသူ ၂၀ နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)မှ သင်တန်းသူ(ဝန်ထမ်း) ၂၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၂၀ တို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာအက အခြေခံကဗျာလွတ်အက (ပထမအဆင့်) ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဒေါက်တာကိုကိုနိုင်
ညွှန်ကြားရေးမှူးချုပ်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

ဦးဝင်းမြ
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး
ကော်မရှင် ဥက္ကဋ္ဌ

ဦးလွင်ဦး
ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ
မြန်မာသံအမတ်ကြီး

ဦးညီငြိမ်းအေး
UEHRD စီမံခန့်ခွဲမှု အရာရှိချုပ်

စာမျက်နှာ ၆ မှ

ဦးကိုလေးဝင်း
ညွှန်ကြားရေးမှူးချုပ်
ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန

ရခိုင်ပြည်နယ်ရဲ့ ပညာရေးတိုးတက်ဖို့နဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနက လုပ်ဆောင်နေတာတွေ အများကြီးရှိပါတယ်။ ကလေးတွေ အားလုံးပညာသင်ယူဖို့ အခွင့်အလမ်းတွေ ပိုမိုရရှိလာစေဖို့၊ ကလေးတွေ တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် သင်ယူစေဖို့၊ ကျောင်းတွေ လိုအပ်ရင် ဆောက်လုပ်ပေးဖို့၊ အားကစားပစ္စည်းတွေ လိုအပ်ရင် ပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ နောက်အဆင့်မြင့်ပညာကဏ္ဍမှာလည်း အဝေးသင်ပညာရေး ရုံးတွေဖွင့်လှစ်ပြီး ဘူးသီးတောင်၊ မောင်တော၊ သက္ကယ်ပြင်နဲ့ သံတွဲမြို့တွေမှာ စီမံကိန်းတွေ လုပ်ဆောင်ပေးနေပါတယ်။

နောက်ပြီး နည်းပညာ၊ သက်မွေးပညာလေ့ကျင့်ရေးနဲ့ ပတ်သက်ရင်လည်း ဒီဌာနတွေမှာ မော်တော်ယာဉ်ပြင်ဆင်ရေး၊ အင်ဂျင်စက်ပိုင်း ပြုပြင်ရေးနဲ့ ဂဟေဆော်သင်တန်းတွေ စတဲ့ အခြေခံလေ့ကျင့်သင်ကြားရေး လူထုအခြေပြုလုပ်ငန်းတွေအနေနဲ့ ဆောင်ရွက်နေပါတယ်။ အခြေခံကျတဲ့ ပညာရေးလုပ်ငန်းအနေနဲ့ စာတတ်မြောက်ရေး လှုပ်ရှားမှုကို ဆောင်ရွက်နေပါတယ်။ ပညာရေးတိုးတက်ဖို့အနေနဲ့လည်း JICA၊ နိပ္ပွန်ဖောင်ဒေးရှင်း စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လာမယ့် ဒီဇင်ဘာ ၁၅ ရက်အထိ ကျောင်းတွေဆောက်လုပ်တာ၊ အိမ်သာတွေ ဆောက်လုပ်တာတွေ လုပ်ဆောင်ဖို့ ရှိပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအနေနဲ့ ရန်ပုံငွေတွေ ပိုပြီးရရှိအောင် လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒီဆွေးနွေးပွဲမှာ ပြည်ထောင်စုဝန်ကြီးက ဒါတွေကို တင်ပြတဲ့အခါ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေရဲ့ မေးမြန်းချက်တွေကိုလည်း ဖြေကြားသွားဖို့ ရှိပါတယ်။

ဒေါက်တာကိုကိုနိုင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဒီနေ့မနက်ပိုင်းမှာတော့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီးတော့ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်ဆွေးနွေးတာပါ။ ကျွန်တော့်အနေနဲ့ကတော့ ခြုံငုံသုံးသပ်မှုအနေနဲ့ ဆွေးနွေးတယ်။ ကိုဖီအာနန်အစီရင်ခံစာမှာပါတဲ့ ၈၈ ချက်ထဲက ဘာတွေလုပ်နိုင်ခဲ့သလဲ။ ဘယ်အဆင့်အထိ ရောက်နေသလဲ။ ဒါတွေကို ကျွန်တော့်အနေနဲ့ ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ပါတယ်။ ဒါတွေဟာလည်း ရှေ့ဆက်ပြီးတော့ လုပ်ဆောင်သွားရမယ့် အလုပ်တွေပါ။ အကုန်လုံးကတော့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေပါပဲ။ ပါဝင်ဆွေးနွေးသူတွေရဲ့ အကြံပြုချက်တွေကိုလည်း မှတ်ထားပါတယ်။ ဆက်လက်ဆွေးနွေးသွားမယ့် သီးခြား Section တွေလည်း ရှိပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုပေါင်းစည်းရေး၊ UEHRD အကြောင်းတွေကို ဆွေးနွေးကြမယ်။ ဒါတွေ အားလုံးဟာလည်း ပြန်လည်သုံးသပ်မှုလုပ်တာဆိုတော့ အကြံပြုတာတွေ၊ မှတ်ချက်ပြုတာတွေကို ကြည့်ရမှာပါ။ ဒါမှလည်း ရှေ့ဆက်ပြီး ဘယ်လိုလုပ်သွားရမယ်ဆိုတာကို ထည့်သွင်းစဉ်းစားလို့ ရမှာပါ။ ရခိုင်အရေးက ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးကြီးပါတယ်။ အားလုံးပါဝင်ကြရမှာပါ။ အခုဆွေးနွေးပွဲဟာ အကျိုးရှိမှာပါ။ ပါဝင်ဆွေးနွေးကြတဲ့ သူတွေကလည်း သူတို့ရဲ့နေရာတွေအလိုက် အတွေ့အကြုံရှိတဲ့သူတွေပါ။ သူတို့တွေဆီက မှတ်ချက်တွေ၊ အကြံပြုချက်တွေကို ကြိုဆိုရမှာပါ။

ဦးဝင်းမြ
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး
ကော်မရှင်ဥက္ကဋ္ဌ

ရခိုင်ကိစ္စ အကြံပြုချက်တွေနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်မှု အနေအထားကို ဆွေးနွေးမှာဖြစ်တဲ့အတွက်ကြောင့် ဒီဆွေးနွေးချက်ကနေပြီးတော့ နောက်ဆုံးဖြစ်ပေါ် တိုးတက်နေတဲ့ အခြေအနေတွေ၊ တကယ်လို့ အခက်အခဲတွေရှိရင်လည်း အဲဒီအခက်အခဲတွေကို ဘယ်လိုဖြေရှင်းဆောင်ရွက်ကြမယ်ဆိုတဲ့ အနေအထားတွေကို သိရှိနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ခြုံငုံသုံးသပ်မှု ဆွေးနွေးတဲ့သူအနေနဲ့ ပါဝင်မှာပါ။ အဓိကဆွေးနွေးမယ့်သူကတော့ ဒေါက်တာကိုကိုနိုင်ပါ။ သူဆွေးနွေးသွားတဲ့အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်က အခြေပြုဆွေးနွေးသွားရမယ့် အနေအထားမျိုးဖြစ်ပါတယ်။ ဆွေးနွေးမှုရှိမှသာလျှင် ပြဿနာတစ်ခုရဲ့ အဖြေကို ရနိုင်မှာဖြစ်တဲ့အတွက် ရလဒ်တစ်ခုရရေးအတွက် ဦးတည်သွားနိုင်လိမ့်မယ်လို့မြင်ပါတယ်။ အဲဒီသဘောနဲ့ပဲ ကျွန်တော်တို့လည်း ပါဝင်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးတယ်ဆိုရာမှာ အမြင်မျိုးစုံကိုသိရှိရတဲ့အတွက် ရလဒ်တစ်ခုကတော့ အမြဲရမှာပါ။ ဘယ်လောက်အတိုင်းအတာအထိရမယ် ဆိုတာကတော့ ဆွေးနွေးမှုတွေကို နားထောင်ပြီးမှပဲ သိနိုင်မှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ရလဒ်ကောင်း ရအောင်ဆိုတဲ့ သဘောနဲ့ လုပ်တာပဲဖြစ်ပါတယ်။

ဦးလွင်ဦး
ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး

မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် သံတမန်ဆက်ဆံရေးဟာ ၁၉၇၂ ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်လပ်ရေးရခဲ့တဲ့ အချိန်ကတည်းကစခဲ့တာပါ။ မြန်မာက ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးကို အသိအမှတ်ပြုတဲ့ အစောဆုံးငါးနိုင်ငံထဲမှာပါတယ်။ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေးဟာ နှစ်နိုင်ငံ မိတ်ဝတ်မပျက်ဆက်ဆံရေးနဲ့ သမိုင်းစဉ်တစ်လျှောက် တောက်လျှောက် ရင်းနှီးမှုရှိခဲ့တဲ့ မိတ်ဆွေနိုင်ငံတွေဖြစ်ပါတယ်။ ဒါကြောင့် နှစ်ဖက်စလုံးက နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စေဖို့ ကြိုးစားနေကြတယ်။ ဒီဆွေးနွေးပွဲကတော့ အခြားတစ်ဖက်ကလည်း အဓိကရှိနေတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ဘယ်လိုနှစ်ဦးနှစ်ဖက် အကျိုးရှိစွာနဲ့ ချောချောမောမော ကျော်ဖြတ်နိုင်မလဲဆိုတာကို အဖြေရှာတာဖြစ်လို့ အထူးကို အကျိုးရှိလိမ့်မယ်လို့ ယူဆပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာသံအမတ်ကြီးတစ်ဦးအနေနဲ့လည်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ကောင်းမွန်ပြီးတော့ ဒီထက်ပိုပြီး ကူးလူးဆက်ဆံမှုတွေရှိဖို့ အမြဲတမ်း ကြိုးစားသွားမှာဖြစ်ပါတယ်။

ဦးညီငြိမ်းအေး
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) စီမံခန့်ခွဲမှု အရာရှိချုပ်

ရခိုင်အရေးကိစ္စဟာ မြန်မာနိုင်ငံရဲ့အရေးအကြီးဆုံးကိစ္စတစ်ခုထဲမှာ ပါပါတယ်။ အခုလိုဆွေးနွေးပွဲတွေကနေတစ်ဆင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ဘယ်လိုတွေလုပ်ဆောင်လို့ရတယ်။ လူသားချင်းစာနာထောက်ပံ့မှုတွေ ဘယ်လိုဆောင်ရွက်လို့ ရတယ်ဆိုတာတွေ ပိုပြီးသိမြင်လာနိုင်ပါတယ်။ UEHRD ရဲ့ အဓိကဆောင်ရွက်မှု အပိုင်းကတော့ လူသားချင်းစာနာထောက်ထားရေး၊ ပြန်လည်နေရာချထားရေး၊ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။ အဲဒါတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အခြားသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ဘယ်လိုမျိုး ပေါင်းစပ်ပြီး ကူညီဆောင်ရွက်လို့ရလဲဆိုတာကို ကျွန်တော်တို့က ကြိုးပမ်းနေတဲ့အခါမှာ အခုလို ပြန်လည်သုံးသပ်မှုတွေလုပ်တဲ့အချိန်မှာ ဘာတွေဆက်လုပ်လို့ရတယ်ဆိုတာ လေ့လာပြီးတော့ ကျွန်တော်တို့ လုပ်ငန်းအစီအစဉ်တွေ ချသွားလို့ရမှာဖြစ်ပါတယ်။ UEHRD မှာဆိုရင် အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ ပေါင်းစပ်ထားပြီး ပူးတွဲဆောင်ရွက်နေတာပါ။ ဒါကြောင့် ရခိုင်ကိစ္စဟာ အစိုးရတစ်ခုတည်းတင် မဟုတ်ပါဘူး။ တိုင်းသူပြည်သားတွေနဲ့လည်း ဆိုင်တယ်။ ပုဂ္ဂလိကနဲ့လည်းဆိုင်တယ်။ လူသားချင်းအနေနဲ့လည်း ဆိုင်တယ်။ ဒါကြောင့် လူသားချင်းစာနာထောက်ထားရေး၊ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးတွေကို လုပ်ခြင်းအားဖြင့် တိုင်းပြည်အတွက် အကျိုးရှိစေမယ့်အရာတွေ ဖြစ်ထွန်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၆- နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/၉လ**

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၇ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ မြို့နယ်၊ ဇင်းကျေးရွာနေ ဒေါ်မြင့်မြင့်(ခ)ဒေါ်ခင်သည်မူးယစ် ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။	၂-၅-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာ၊ လည်ပင်းလျှိုတောတိုက်နေ ဒေါ်မြင့်မြင့်(ခ)ဒေါ်ခင်(၅၃)နှစ်၊ (ဘ)ဦးကျွန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ)မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၂	မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ မြို့၊ ဝန်ဇင်း ရပ်ကွက်၊ နယ်မြေ(၁၀)၊ မင်္ဂလာလမ်းနေ လှမင်းထွေး(ခ) ကုလားသည် မူးယစ်ဆေးဝါး များ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။	၂၈-၄-၂၀၁၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝန်ဇင်း(၃)ရပ်ကွက်၊ နယ်မြေ(၆)၊ မင်္ဂလာလမ်းအတွင်း နယ်မြေ(၁၀)၊ မင်္ဂလာလမ်းနေ လှမင်းထွေး(ခ)ကုလား(၂၈)နှစ်၊ (ဘ) ဦးအေးကြူနှင့် ထွန်းထွန်းဝင်း(ခ)ထွန်းထွန်း(၃၈)နှစ်၊ (ဘ)ဦးမောင်ပု တို့(၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂)(မိတ္ထီလာ)မယ(ပ)၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) /၂၀(က)/ ၂၁/ ၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။
၃	မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ မြို့၊ အောင်ဇေယျရပ်ကွက်၊ နယ်မြေ(၆)နေ နေထက်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေး ပို့ခြင်း။	၂၈-၄-၂၀၁၉ ရက်နေ့တွင် မိတ္ထီလာမြို့၊ အောင်ဇေယျရပ်ကွက်၊ နယ်မြေ(၆)နေ နေထက်လင်း(၂၃)နှစ်၊ (ဘ)ဦးမြင့်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် နမစ(၂) (မိတ္ထီလာ) မယ(ပ) ၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။
၄	မန္တလေးတိုင်းဒေသကြီး၊ အောင် မြေသာစံ မြို့နယ်၊ မင်းတဲအီကင်း ရပ်ကွက်နေ ဒေါ်ချိုမာလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။	၁-၅-၂၀၁၉ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက် အမှတ်(၁၀၄)၊ ၁၉ ×၂၀ လမ်းရှိ ဆွေသဟာသစ်စက်ဝင်းအတွင်း ဝင်ရောက် ရှာဖွေရာ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်နေ မြင့်တင်(၅၆)နှစ်၊ (ဘ)ဦးနွယ်နှင့် ဒေါ်ချိုမာလွင်(၄၈)နှစ်၊ (ဘ)ဦးကျော်ဒင်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(၅)(အောင်မြေသာစံ)မယ (ပ)၂၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၇၀) ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် (၁၁၈၉/က)နေ ဇင်မင်းထွန်း သည် မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃-၅-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ဆုထူးပန် လမ်းနှင့် ကျန်စစ်သားလမ်းထောင့်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် (၆၉) ရပ်ကွက်၊ အနော်ရထာလမ်းနေ မသန္တာအောင်(၂၃)နှစ်၊ (ဘ)ဦးမောင်ဦး စီးနင်း လာသည့် စက်ဘီးအား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ (၇၀)ရပ်ကွက်၊ လှော်ကား လမ်း၊ အမှတ်(၁၁၈၉/က)နေ ဇင်မင်းထွန်း (ခ)ဇင်မင်း(ခ)ဝတုတ် (၄၀)နှစ်၊ (ဘ)ဦးစန်းရီထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ဒဂုံ တောင်) မယ(ပ) ၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဇင်မင်းထွန်း (ခ) ဇင်မင်း(ခ) ဝတုတ်၏ နေအိမ်အား ဆက်လက် ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်) မယ(ပ)၄၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၄-၅-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၁၁)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၀၅)ဦး၊ မ(၁၅၇)ဦး၊ ပေါင်း(၉၆၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၉၃၃.၆၅)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၂၃၀၅)ပြား၊ ဆေးခြောက် (၆၄၂၄.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ဘိန်းဆီခဲ (၅၁၃.၂၆)ဂရမ်၊ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇) တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်း စစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာအနီး မော်ဟန်-နမ္မချီသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ဘိန်းဖြူ(၁.၈)ဂရမ်၊ ဆိုင်ကယ်(၁) စီး၊ ဖားကန့်မြို့၊ ပြည်သူ့ဆေးရုံရှေ့လမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၇)ပြား၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ မော်ဝမ်းအုပ်စု(၄)၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၂)ပြား၊ ဆက်လက်ဖော်ထုတ်ချက်အရ မော်ဝမ်း- ရတနာမြေစာပုံသွားကားလမ်းမပေါ်၌ သတင်းအရ Pajero ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ထပ်မံဖော်ထုတ်ချက်အရ မော့်ရှန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၉၀)ပြား၊ ဘိန်းဖြူ(၅)ဂရမ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၁)ပြား၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ သကြောကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၈၁.၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောင်တော-ကြိမ်ချောင်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မောင်တော- ဘူးသီးတောင်သွားကားလမ်း၊ (၃)မိုင်လမ်းဆုံ၌ ယာဉ်မောင်းမရှိဘဲ တိမ်းမှောက် နေသည့် သုံးဘီးဆိုင်ကယ်အတွင်းမှ စိတ်ကြွဆေးပြား(၁၉၄၆၁၀)ပြား၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ (၆)မိုင် စစ်ဆေးရေးဂိတ်၌ သတင်းအရ Probox ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ မော်တော်ယာဉ်(၁) စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဇလဲကျေးရွာအနီး၌ သတင်းအရ Honda Insight ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၃၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရေအေးကွင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၇၉၅)ပြား၊ ပင်လောင်းမြို့နယ်၊ နောင်ကားမိုးအနောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၉၅)ပြား၊ ဘိန်းဆီခဲ(၁၃၀.၆၃)ဂရမ်၊ လဲချားမြို့နယ်၊ လဲချား- မိုင်းနောင်သွားကားလမ်း၊ မတ်လန်းတံတားအနီး၌ သတင်းအရ Fuso (၁၂)ဘီးယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ Sulphuric Acid (၃၂၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နမ့်စန်မြို့နယ်၊ အမှတ်(၃)ကျေးရွာအနီး နမ့်စန်-ခိုလမ်သွားကားလမ်းမပေါ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ(၂၆၆၄၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုးနဲမြို့နယ်၊ ဆိုင်းဖယ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀)ပြား၊ ဘိန်း(၈၀၀)ဂရမ်၊ လားရှိုးမြို့နယ်၊ လားရှိုး-တန့်ယန်းသွားကားလမ်း မိုင်တိုင်(၅/၇)၌ သတင်းအရ Revo Hilux ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၉၆၀၀) ပြား၊ မော်တော်ယာဉ်(၁)စီး၊ သိန္နီမြို့နယ်၊ ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့၊ တန့်ယန်း-မိုင်းကောင်သွားကားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့နယ်၊ နောင်ရမ်းကျေးရွာကူးတို့ဆိပ်အနီး ရွာလယ်လမ်းမပေါ်၌ ယာဉ်မောင်းသူမရှိဘဲ တိမ်းမှောက်နေသည့် Jinlino (၆)ဘီးယာဉ်ပေါ်မှ ပလတ်စတစ်ပုံးများအတွင်းထည့်ထားသည့် Methanol/Nitric Acid (၄၀၀၀)လီတာ၊ မော်တော်ယာဉ်(၁) စီး၊ ကောင်းမှုတုံရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး၌ သတင်းအရ Alphard ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ (၁၆၉၄)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ သတင်းအရ Caldina ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာ၌ တရားခံအမျိုးသား (၅)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၉၀၀၀)ပြား၊ ဘိန်းဖြူ(၆၉၀)ဂရမ်၊ ဘိန်း(၈၀၀)ဂရမ်၊ ဆိုင်ကယ်(၄)စီး၊ လောက်ကိုင်မြို့နယ်၊ တာရှိ ကမ်းပါးကျေးရွာ၌ ပိုင်ရှင်မဲ့ Sulphuric Acid (၂၂၄၀)လီတာ၊ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၅)ပြား၊ ပါကွေ့(အထက်)ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃.၅)ဂရမ်၊ ဘိန်း (၁၀၀၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်၊ မြို့ရှောင်လမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၃၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ကလေးဝမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၂၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၆၉၀)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဇာမဏီခရီးသည်ပို့ဆောင်ရေးဂိတ်တွင် တရားခံအမျိုးသား(၁)ဦး ပို့ဆောင်ထားသည့် လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၈၀၀)ပြား၊ ဘိန်းဖြူ(၆၀၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အထက်ရေပုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၆၀၅)ပြား၊ ကော့သောင်းမြို့၏ အနောက်တောင်ဘက် ပင်လယ်ပြင်၌သတင်းအရ စက်လှေအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၇) ဦးထံမှ ICE (၁၂၃၈၀၀၀)ဂရမ်၊ စက်လှေ(၃)စီး၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ မော်လမြိုင်မြို့၊ တောင်ဝိုင်း သွေးသောက်ရပ်ကွက်ရှိ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေရာ တရားခံမှာကြိုတင်တိမ်းရှောင်နေပြီး ဂိုဒေါင်အတွင်းမှ စိတ်ကြွဆေးပြား (၆၀၅၈၀)ပြား၊ Sojen(၆)ဘီးယာဉ်(၁)စီး၊ ဖိုင်ဘာလှေ(၁) စီးနှင့် မြိုင်သာယာရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွ ဆေးပြား (၈၁၀)ပြား၊ ICE (၁၁၁၀)ဂရမ်၊ Mark II ယာဉ်(၁)စီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်းအနောက်ဘက်ရေပြင်၌ သတင်းအရလှေအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၃)ပြား၊ ဘိန်းစာမှုန့်(၁၁၄၀)ဂရမ်၊ ပန်းတောင်ကျွန်းအနောက်၊ သံကတော့အော်အနီးတောင်ပေါ်၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၁၂၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ရွာဘဲ ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၇၅)ပြား၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဆေးခြောက်(၆၅၃.၂) ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ်၊ (၆၂)လမ်းမပေါ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၆၅)ပြား၊ မော်တော်ယာဉ်(၁) စီး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးရဲကင်းရှေ့၌ သတင်းအရ Honda Insight ယာဉ်အား စစ်ဆေးရန်တားဆီးစဉ် မောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာယာဉ်အားရပ်တန့်၍ ယာဉ်မောင်းထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်မှ ဘိန်းဖြူ(၂၂၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂၅)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (၆)ရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ ဆေးခြောက်(၃၅)ဂရမ်၊ ထပ်မံဖော်ထုတ်ချက်အရ (၄)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁) ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဆေးခြောက်(၅.၅)ဂရမ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အမှတ်(၂) လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၄၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဧရာဝတီတိုင်း ဒေသကြီး၊မအူပင်မြို့၊အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၀) ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကယားပြည်နယ်၊လွိုင်ကော်မြို့နယ်၊ ဒေါ်ဆာဆီးကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၂၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ပွိုင့်၂၂ကျည်(၂၅)တောင့်အားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃)ပြား၊ တမူးမြို့နယ်၊ ခမ်းပါတ်မြို့၊ အမှတ်(၂)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၆၂.၅)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် Terminal-1 ၌ မလေးရှားနိုင်ငံသို့သွားရောက်မည့် အင်ဒိုနီးရှားနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ ICE(၅၆၀၀)ဂရမ် အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၈-၄-၂၀၁၉ ရက်နေ့မှ ၄-၅-၂၀၁၉ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း (၁၉၆)မှုတွင် တရားခံကျား(၂၆၂)ဦး၊ မ(၃၇)ဦး၊ ပေါင်း(၂၉၉) ဦးကို စိတ်ကြွဆေးပြား(၈၉၄၀၆၅)ပြား၊ ဘိန်းဖြူ (၃၃၀၈၇.၁၆၇) ဂရမ်၊

စာမျက်နှာ ၉ သို့

မြန်မာ- တရုတ် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးအခွန့်ရှည်တည်တံ့လာပြီဖြစ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်သွားမည်

နေပြည်တော် မေ ၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ် - မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးဆိုင်ရာ Master Plan ကို လက်မှတ်ရေးထိုးပြီးဖြစ်၍ အတော်အသင့်အခြေခိုင်နေပြီဖြစ်ရာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးမှာလည်း တစ်နေ့ထက်တစ်နေ့ အခွန့်ရှည်တည်တံ့လာပြီဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သံအမတ်ကြီးက အနာဂတ်တွင် တရုတ်- မြန်မာနှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ရန် မျှော်လင့်ပါကြောင်း၊ တရုတ်-မြန်မာစီးပွားရေး စင်္ကြံအကောင်အထည်ဖော်ရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍသည်အရေးကြီးပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် လျှပ်စစ်နှင့် စွမ်းအင်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကဏ္ဍများ၊ ရေအားလျှပ်စစ်နှင့်ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး မိမိတတ်အား သရွေ့အားပေးကူညီသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့၏ ညှိနှိုင်းအစည်းအဝေး သဘောတူညီချက်များရရှိ

KNPP နှင့် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ယခုမေလကုန်တွင် နေပြည်တော်၌ ထပ်မံတွေ့ဆုံမည်

လွိုင်ကော် မေ ၆

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့၏ ညှိနှိုင်းအစည်းအဝေးတွင် အချိန်ယူဆွေးနွေးနိုင်၍ သဘောတူညီချက်များ ရရှိခဲ့ကြောင်း ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေထံမှ သိရသည်။

NRPC ကိုယ်စားလှယ်အဖွဲ့၊ ကယားပြည်နယ်အစိုးရနှင့် KNPP တို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ Famous Hotel တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

ပြည်နယ်အဆင့်ပုံမှန်အစည်းအဝေး

သဘောတူညီချက်များ အဖြစ် ကယားပြည်နယ်အစိုးရ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ပြည်နယ်အဆင့် လစဉ်ပုံမှန်အစည်းအဝေး ကျင်းပခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို အတည်ပြုခြင်း၊ KNPP အနေဖြင့် ဆောင်ရွက်လိုသည့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ပြည်နယ်အစိုးရနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့မှ တစ်ဆင့် အဆိုပြုတင်ပြရန်၊ KNPP အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များအား ငြိမ်းချမ်းရေးကော်မရှင်သို့ ဆက်သွယ်ဆောင်ရွက်ရန်၊ ပြည်နယ်မှဆောင်ရွက်မည့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အရာများကို အသေးစိတ်ဆွေးနွေးရန်နှင့် Education Seminar ကျင်းပပြုလုပ်ရေးအပါအဝင် ပညာရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့် ပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးရန်နှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

ယုံကြည်မှုတည်ဆောက်တာအဓိက

“၂၀၁၉ မတ်လတုန်းက နေပြည်တော်မှာလုပ်ခဲ့တဲ့ အစည်းအဝေး နောက်ဆက်တွဲအကြောင်းအရာတွေကို အဓိက ဆွေးနွေးဖြစ်တယ်။ သူတို့ KNPP ဘက်လည်း ၁၁ ယောက်လောက်လာပြီး အချိန်ယူဆွေးနွေးတော့ တော်တော်လေး ကျေနပ်တယ်၊ အားရတယ်။ NCA ကို ဘယ်တော့ထိုးနိုင်မှန်း မသိပေမယ့် ယုံကြည်မှုကို တည်ဆောက်နိုင်ရင် အမြန်ဆုံးထိုးနိုင်မှာပါ။ တပ်ပိုင်းဆိုင်ရာကတော့ လွိုင်ကော်ဒေသ ကွပ်ကဲရေးမှူးတက်တယ်။ အဲ့ဒါကတော့ သီးခြားဆွေးနွေးမှာ။ နေပြည်တော်မှာလည်း သူတို့ လာဆွေးနွေးဦးမှာ။ ယုံကြည်မှု တည်ဆောက်တာကတော့ အဓိကပါပဲ” ဟု ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေက ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့သည် ယခုမေလနောက်ဆုံးပတ်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

ဦးလှမောင်ရွှေက “NCA စာချုပ်လက်မှတ် ရေးထိုးနိုင်ရေးအတွက် ကျွန်တော်တို့ NRPC နဲ့ KNPP နေပြည်တော်မှာ တွေ့ဖို့ရှိပါတယ်။ ဒီလမကုန်ခင်တွေ့ဖို့တော့ ကျွန်တော်တို့က ပြောထားပါတယ်” ဟုဆိုသည်။

ပူးပေါင်းဆောင်ရွက်နိုင်သည့်လုပ်ငန်း

ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်မရေးထိုးခင်အချိန်တွင် ပြည်နယ်အတွင်း တည်ရှိနေသည့် အခြေအနေအပေါ် KNPP ဘက်မှ ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းအချို့တွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး တပ်ပိုင်းဆိုင်ရာကိစ္စကို တပ်ပိုင်းဆိုင်ရာ အကြီးအကဲများနှင့် သီးခြားဆွေးနွေးသွားရန် စဉ်းစားထားကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

တက်ရောက်

ယနေ့အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)နှင့်အဖွဲ့ဝင်များ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ လွိုင်ကော်ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ခေါင်းဆောင်အဖြစ် KNPP ဒုတိယဥက္ကဋ္ဌ ခူဦးရယ်နှင့် အမြဲတမ်းဗဟိုကော်မတီဝင်များ၊ ဗဟိုကော်မတီဝင်များနှင့် အရန်ဗဟိုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

သတင်း - ရဲခေါင်ညွန့်
ဓာတ်ပုံ- HMS

စာမျက်နှာ ၈ မှ

ICE (၁၂၄၄၇၁၀.၆) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၀.၃)ဂရမ်၊ ဘိန်း(၃၁၁၀.၉၉) ဂရမ်၊ ဘိန်းဆီခဲ(၁၃၀.၆၃) ဂရမ်၊ ဘိန်းစာမှုန့်(၁၂၇၆.၃၃)ဂရမ်၊ ဘိန်းစာရွက်(၈၁.၆၅)ဂရမ်၊ ဆေးခြောက် (၁၁၂၉.၉)ဂရမ်၊ Sulphuric Acid (၅၄၄၀)လီတာ၊ Methanol/ Nitric Acid(၄၀၀၀)လီတာ၊ ပွိုင့် ၂၂ ကျည်(၂၅)တောင့်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ -၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ - ၃၉၀၂၃၃
အီးမေးလ်လိပ်စာ - **antinarcotics@presidentoffice.gov.mm**

ကော့ကရိတ်ခရိုင် မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပြုပေးရေးအဖွဲ့ ရုံးဖွင့်ပွဲကို မေ ၆ ရက်က အဆိုပါရုံး၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်ဥက္ကဋ္ဌ ဦးစောစံလင်း အမှာစကား ပြောကြားစဉ်။

တင်မောင်နိုင်

* ကျောဖုံးမှ

အသေးစိတ် ဆက်လက်ညှိနှိုင်းရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များအပါအဝင် အခြားလိုအပ်ချက်များကို ထပ်မံပြုလုပ်မည့် ဆွေးနွေးပွဲမတိုင်မီ NRPC သို့ တင်ပြရန်နှင့် လိုအပ်ပါက အလွတ်သဘောတွေ့ဆုံဆွေးနွေးရန်၊ ငြိမ်းချမ်းရေး ကော်မရှင်နှင့် KNPP တို့၏ ညှိနှိုင်းသဘောတူညီချက်အရ အကောင်အထည်ဖော်ရမည့် ပြည်နယ်အဆင့် လစဉ်အစည်းအဝေးကို ဆုံးဖြတ်ပေးနိုင်သည့် နှစ်ဖက်တာဝန်ရှိသူများ မပျက်မကွက် တက်ရောက်ရန်နှင့် လိုအပ်သော အကြောင်းချင်းရာများနှင့် ပတ်သက်၍ ကြိုတင်ပေးပို့ ညှိနှိုင်းဆောင်ရွက်ရန်၊ ထပ်မံပြုလုပ်မည့် အစည်းအဝေးကို ၂၀၁၉ခုနှစ် ဧပြီလ မကုန်မီ ကျင်းပပြီး အဆိုပါ အစည်းအဝေး၌ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ဟူ၍ သဘောတူညီချက် တချို့ရရှိခဲ့ပါကြောင်း။

အလေးအနက်ထား

ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် တပ်မတော်ညှိနှိုင်းရေးအဖွဲ့နှင့် ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သည့် KNPP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင်လည်း သဘောတူညီချက်အနေဖြင့် NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်ဖက်တပ်အကြား ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် လှုပ်ရှားသွားလာမှုများကို လက်နက်မဲ့သာ ဆောင်ရွက်ရန် သဘောတူပြီး အကယ်၍ လက်နက်ဖြင့်သွားလာရန် လိုအပ်ပါက နှစ်ဖက်ညှိနှိုင်း အကြောင်းကြားပြီး ဆောင်ရွက်ရန် သဘောတူသည် ဟူ၍လည်းကောင်း၊ ယခင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ သဘောတူညီချက်များအား နှစ်ဖက်စလုံးမှ အလေးအနက်ထားလိုက်နာဆောင်ရွက်ရန် သဘောတူသည်ဟူ၍လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်အကြား သံသယနှင့် ပြဿနာဖြစ်ဖွယ်ရာ ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်ဖက်ခေါင်းဆောင်များအကြား အမြန်ဆုံး တွေ့ဆုံပြီး ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဖြေရှင်းရန်နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားရန်၊ လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန် သဘောတူသည်ဟူ၍လည်းကောင်း၊ နောက်တစ်ချိန် ပြန်လည်တွေ့ဆုံရေးကို ၂၀၁၉ခုနှစ် ဧပြီလအတွင်း ကျင်းပရန် သဘောတူသည်ဟူ၍ ဆွေးနွေးကြပြီး လက်မှတ်ရေးထိုးကြခြင်းများ ရှိပါကြောင်း။

အဆိုပါ အချက်များကို ကြည့်ပါက အပြုသဘောဆောင်သည့် သဘောတူညီမှုများဖြစ်သည်ဟု ခံယူရမည်ဖြစ်ပါကြောင်း၊ KNPP အနေဖြင့် ယခုကဲ့သို့ ပုံမှန်လစဉ် တွေ့ဆုံရသည့် အခွင့်အရေးသည် အခြားအဖွဲ့အစည်းများနှင့်ယှဉ်ပါက များစွာကောင်းမွန်သည့် အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအနေဖြင့် ယခုကဲ့သို့ ပြည်နယ်အစိုးရနှင့် ဒေသဆိုင်ရာ၊ တပ်ပိုင်းဆိုင်ရာများ ဆွေးနွေးရန် ပုံမှန်အစည်းအဝေးများ ယခုထိ ဖော်ဆောင်နိုင်ခြင်း မရှိသေးပါကြောင်း၊ ကယားပြည်နယ်တွင် KNPP နှင့် ဒေသဆိုင်ရာအစိုးရ၊ ဒေသဆိုင်ရာ တပ်ကွပ်ကဲမှုများနှင့် လစဉ်တွေ့ဆုံနိုင်သည့် အခွင့်အရေးသည် များစွာကောင်းမွန်သည့် အခွင့်အရေးဖြစ်ပါကြောင်း။

ထိုသို့ တွေ့ဆုံရသည့် ရည်ရွယ်ချက်အနေဖြင့် လစဉ်တွေ့ဆုံမှုမှတစ်ဆင့် ပြည်နယ်အတွင်း အခက်အခဲများကို ညှိနှိုင်းဖြေရှင်းနိုင်ခြင်းအားဖြင့် KNPP အနေဖြင့် NCA ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးအတွက် လမ်းပွင့်သွားစေမည်ဖြစ်ပါကြောင်း၊ အဆိုပါ အစည်းအဝေးများမှတစ်ဆင့် ယုံကြည်မှုတည်ဆောက် နိုင်ရန်အတွက်လည်း ရည်ရွယ်ပါကြောင်း၊ မကြာမီ တွေ့ဆုံဆွေးနွေးပွဲများတွင် KNPP အနေဖြင့် အောက်ခြေတွင်တွေ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးပြီး သက်ဆိုင်ရာပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာကွပ်ကဲမှုအဖွဲ့များက မိမိတို့၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၊ ဒေသကွပ်ကဲမှုအဖွဲ့များ၏ လုပ်ပိုင်ခွင့်ဘောင်အား ကျော်လွန်နေသည့်အချက်များ ရှိပါက NRPC သို့ တင်ပြပေးနိုင်ရန်အတွက် မိမိတို့ငြိမ်းချမ်းရေး ကော်မရှင်အနေဖြင့် ယခုတစ်ကြိမ်တွင် တက်ရောက်ပါဝင်ဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စရပ်များကို ယခုပြုလုပ်သည့် အစည်းအဝေးတွင် တက်ရောက်လာကြသူများအနေဖြင့်လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း၊ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်လာသည်နှင့်အမျှ KNPP အနေဖြင့် မိမိတို့ ရည်ရွယ်ထားသည့် NCA စာချုပ်ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန်အတွက် ပိုမိုနီးကပ်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ငြိမ်းချမ်းရေးအမှန်တကယ် ဖော်ဆောင်စေလိုပါ

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မိမိတို့ ကယားပြည်နယ်တွင် ယခုကဲ့သို့ အမှန်တကယ်လိုအပ်နေသည့် ငြိမ်းချမ်းရေး အခန်းကဏ္ဍကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အတွင်းတွင်ရှိသည့် KNPP အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုလိုလားလား ခံယူချက်အပြည့်ဖြင့် အပြုသဘောဆန်ဆန် တွေ့ဆုံညှိနှိုင်းမှုပြုလုပ်သည့်အပေါ်တွင် ကယားပြည်နယ်၏ ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ် ဖော်ဆောင်စေလိုပါကြောင်း။

ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်များတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ မကြာခဏ လုပ်ဆောင်ခဲ့သော်လည်း အဖြေမရနိုင်ခဲ့ပါကြောင်း၊ မည်သည့်အတွက် အဖြေမရနိုင်သည်ကို ပြန်လည်သုံးသပ်ရပါက အနာဂတ်ပြည်သူများ အရေး၊ နောင်လာနောင်သားများ၏ အရေးကို အမှန်တကယ် မျှော်တွေးပြီး လုပ်ဆောင်လိုသည့် စိတ်ဆန္ဒ၊ စေတနာများရှိရန် လိုအပ်သည်ဟု ထင်မြင်မိပါကြောင်း၊ မိမိအနေဖြင့် စိတ်စေတနာ အပြည့်ဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများကို ကြိုးပမ်းဆောင်ရွက်ပါကြောင်း၊ ပြည်နယ်၏ တိုင်းရင်းသားတစ်ယောက်ပီပီ ပြည်နယ်တွင်ရှိသည့် တိုင်းရင်းသားများ၏ ခံစားချက်ကို နားလည်ပါကြောင်း။

ထို့ကြောင့် မိမိတာဝန်ယူသည့် အချိန်တွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းမှုများကို ပြုလုပ်နေပါကြောင်း၊ အဆိုပါ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ပေါင်းစပ်ညှိနှိုင်းမှုများတွင် တစ်ဆင့်ချင်း ဆောင်ရွက်၍ရသည့် ကဏ္ဍများရှိသကဲ့သို့ ချက်ချင်းဆောင်ရွက်၍ရသည့် ကဏ္ဍများလည်းရှိပါကြောင်း၊ အဆိုပါ ကဏ္ဍများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံ၍ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အမြဲအလေးထားပါကြောင်း၊ ထို့ပြင် KNPP မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံမှုများလည်း လုပ်ဆောင်ပါကြောင်း၊ သို့သော် ခရီးမပေါက်သေးသည့် အခြေအနေ အားနည်းချက်များကို အမြန်ဆုံး ပြင်ဆင်နိုင်ရန် မိမိအနေဖြင့် အားလုံးကို တိုက်တွန်းလိုပါကြောင်း၊ KNPP အဖွဲ့အနေဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်နှင့် ပြန်လည်ဝင်ရောက်လာသူအားလုံးကိုလည်း တစ်နိုင်တစ်ပိုင် ဖြေလျှော့ပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်တို့အတွက် တင်ပြသည့်အခါတွင်လည်း မိမိတို့ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းပံ့ပိုးမှုများကို လုပ်ဆောင်ပေးပါကြောင်း၊ လက်ရှိသွားနေသည့် ပြုပြင်ပြောင်းလဲမှု ကဏ္ဍတွင် ရရှိနေသည့် အခွင့်အရေး မှုဘောင်အတွင်းမှ တစ်ဆင့်ချင်းသွားစေလိုပါကြောင်း၊ မဖြစ်နိုင်သေးသည်များကို မျှော်မှန်းပြီးဆောင်ရွက်ပေးစေလိုပါက မိမိတစ်ယောက်တည်းအနေဖြင့် မစွမ်းဆောင်နိုင်ပါကြောင်း၊ အဆိုပါ ကိစ္စမျိုးရှိခဲ့ပါက မိမိအနေဖြင့် NRPC သို့ တင်ပြ၍ လမ်းညွှန်မှု ခံယူဆောင်ရွက်ရသည့် ကဏ္ဍများလည်းရှိပါကြောင်း၊ ပြည်နယ်တွင် တစ်ဆင့်ချင်း ဆောင်ရွက်၍ရသည့် အနေအထား အများအပြားရှိပါကြောင်း၊ ထိုအပေါ်တွင် KNPP မှ ခေါင်းဆောင်များအားလုံးအနေဖြင့် နောက်ပိုင်းတွင် ယခုထက်ပိုမို အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် မှန်ကန်စနစ်ကျသည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မည်ဆိုပါက မိမိအနေဖြင့် နွေးထွေးစွာ ကြိုဆိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်က ယနေ့တွေ့ဆုံဆွေးနွေးပွဲသည် KNPP နှင့် ကယားပြည်နယ်အစိုးရအကြားတွင် ပုံမှန်ပြုလုပ်နေကြ လစဉ်အစည်းအဝေး၏ အဆက်ဖြစ်ပါကြောင်း၊ KNPP နှင့် အစိုးရအကြား နှစ်ဖက်အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည့် ကာလအတွင်းတည်ငြိမ်အေးချမ်းမှုများရှိသကဲ့သို့ အဆင်မပြေမှုများလည်းရှိပါကြောင်း၊ သို့သော် အခြား ပြည်နယ်များထက်ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ထိန်းကျောင်းထားနိုင်သည်ဟု မှတ်ယူပါကြောင်း၊ တစ်ခါတစ်ရံ အဆင်မပြေမှုများရှိသည်မှာ နှစ်ဖက်အကြားတွင် တာဝန်အရ အပြောင်းအလဲဖြစ်သည့် အပေါ်တွင် နားလည်မှုအားနည်းခြင်း၊ ကွင်းဆက်မမိခြင်းတို့အပေါ်တွင် အတိမ်းအစောင်းများဖြစ်နေသည်ဟု နားလည်ပါကြောင်း။

ပြန်လည်ညှိနှိုင်းတိုင်ပင်

ယခင်အစိုးရ လက်ထက်ကပင် လစဉ်ပုံမှန် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်နှင့် နေ့စဉ်ဖြစ်ပေါ်လာမည့် အဆင်မပြေမှုများရှိပါက ညှိနှိုင်းတိုင်ပင်ပြီး အဖြေရှာနိုင်ရန် ရည်ရွယ်၍ လစဉ်အစည်းအဝေး ကျင်းပရန် နှစ်ဦးနှစ်ဖက် သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်ကိုယ်စားလှယ်များကိုလည်း ရွေးချယ်ပြီး အပြန်အလှန် အသိအမှတ်ပြုမှုဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ လက်တွေ့တွင် ဖွဲ့စည်းလိုက်သည့် ကော်မတီနှင့် လစဉ်ပုံမှန် အစည်းအဝေးနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ကြိုတင်မညှိနှိုင်းထားသည့်အတွက် ယခင်က ကျင်းပခဲ့သည့် လစဉ်အစည်းအဝေးများသည် အဆင်မပြေမှုများဖြင့် အဆုံးသတ်သွားပါကြောင်း၊ အပြန်အလှန် နားလည်မှု အားနည်းခြင်းကြောင့် နောက်ပိုင်းတွင် ပြတ်တောက်သွားခြင်းများရှိပါကြောင်း၊ ပြန်လည်စတင်ရန်အတွက် ယခင်ကရှိခဲ့သည့် ခေါင်းဆောင်များနှင့် ပြန်လည်ညှိနှိုင်းတိုင်ပင်ခဲ့ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်သွားမည်

သို့သော် အစိုးရပြောင်းလဲပြီးသည့်နောက်တွင် Bilateral Agreement အရ သဘောတူထားသည့် အခြေခံအချက်အလက်များအနက် တစ်ချက်အပါအဝင်ဖြစ်သည့် တစ်နိုင်ငံလုံးကို လွှမ်းခြုံသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဖြစ်ပေါ်ရေးအတွက် နှစ်ဖက်စလုံးက ကြိုးပမ်းဆောင်ရွက်သွားမည် ဆိုသည့် အချက်အပေါ်တွင် မူတည်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဖြစ်ပေါ်ရေးအတွက် ကျန်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ညှိနှိုင်းဆွေးနွေးမှုဖြစ်စေရေးကို ဦးတည်သွားခြင်းမှာ လစဉ်အစည်းအဝေးများ ကျင်းပရန် လစ်ဟာသွားစေသည့် အကြောင်းတရားတစ်ခုဖြစ်သည်ဟု နားလည်ပါကြောင်း၊ ထို့ကြောင့် မူလကသဘောတူထားခဲ့သည့် Bilateral Agreement အရ နှစ်ဖက်ပုံမှန်လစဉ် တွေ့ဆုံဆွေးနွေးသည့် ဖြစ်စဉ်မှ ပြဿနာများကို နှစ်ဖက်သက်ဆိုင်ရာ ကိုယ်စားလှယ်များက တွေ့ဆုံဆွေးနွေးအဖြေရှာပါက အဆင်ပြေမည်ဟူသည့် လမ်းစကိုပြန်လည်ဆက်ခဲ့ရခြင်း ဖြစ်ပါကြောင်း။

စဉ်ဆက်မပြတ် ကျင်းပသွားမည်

လစဉ်ပုံမှန်အစည်းအဝေးများတွင် မိမိတို့ဘက်မှ စေလွှတ်လိုက်သည့် ကိုယ်စားလှယ်များသည် ဗဟိုကော်မတီနှင့် အရန်ဗဟိုကော်မတီဝင်များ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ ဖြစ်ပါကြောင်း၊ သို့သော် အစည်းအဝေး၏ ဆွေးနွေးမှုပုံသဏ္ဌာန် ကြိုတင်ညှိနှိုင်းသဘောတူထားခြင်းများ မရှိသည့်အတွက် အဆင်မပြေမှုရှိခဲ့ခြင်းကြောင့် ရလဒ်ကောင်းမထွက်ပါကြောင်း၊ ထို့ကြောင့် ယခုတစ်ကြိမ်တွင် NRPC နှင့် ငြိမ်းချမ်းရေးကော်မရှင်တို့မှ ခေါင်းဆောင်ကိုယ်စားလှယ်တချို့နှင့် မိမိတို့အပါအဝင် နှစ်ဖက်ပါဝင်ဝန်းရံပြီး လစဉ်ပုံမှန်အစည်းအဝေးကို ပုံစံတကျဖြင့် ဆက်လက်ဖော်ဆောင်သွားရန် ပါဝင်တက်ရောက်ခြင်း ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ကျင်းပသွားမည့် လစဉ်အစည်းအဝေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

အဖြေရှာနိုင်ရန် ပြင်ဆင်ထား

ယနေ့ အစည်းအဝေးတွင် မိမိတို့ဘက်မှ အခြေခံစဉ်းစားသည်မှာ Bilateral Agreement ကို အကြောင်းပြုပြီး လတ်တလောတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်မရေးထိုးခင်အချိန်တွင် ပြည်နယ်အတွင်း တည်ရှိနေသည့် အခြေအနေအပေါ်တွင် မှီတည်ပြီး မိမိတို့ဘက်မှ ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းအချို့၊ မိမိတို့ဘက်မှ အဆင်မပြေမှုရှိသည့် ဧရိယာများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိညှိနှိုင်းနှိုင်း နှစ်ဦးနှစ်ဖက် ကျေကျေလည်လည်နှင့် အဖြေရှာနိုင်ရန် ပြင်ဆင်ထားပါကြောင်း၊ ပြည်နယ်အစိုးရနှင့် ဆွေးနွေးရမည့်ကိစ္စရပ်များကို ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ပြီး တပ်ပိုင်းဆိုင်ရာ ကိစ္စကို တပ်ပိုင်းဆိုင်ရာ အကြီးအကဲများနှင့် သီးခြားဆွေးနွေးသွားရန် စဉ်းစားထားပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကဏ္ဍသုံးခုကို ပြင်ဆင်ထားပါကြောင်း၊ ပစ်ခတ်ရပ်စဲရေးကာလတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်အဆုံးမရောက်ခင် ကြားကာလအစီအစဉ်သဘောအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များမှ ပြည်နယ်အစိုးရတာဝန်ရှိသူများနှင့် ညှိနှိုင်းအဖြေရှာရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများအနေဖြင့် အစည်းအဝေး အစီအစဉ်အရ ဆက်လက်တင်ပြဆွေးနွေးသွားမည့်အပေါ်တွင် အဖြေရှာသွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

အထွေထွေကိစ္စရပ်များ ဆွေးနွေး

ဆက်လက်၍ ပြည်နယ်အစိုးရနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့၏ လစဉ်ပုံမှန်အစည်းအဝေး ပြန်လည်ကျင်းပနိုင်ရန်နှင့် ယင်းတွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးပုံစံကို နှစ်ဖက်ညှိနှိုင်း သဘောတူညီနိုင်ရေးကိစ္စ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

သဘောတူညီ

အစည်းအဝေးတွင် ကယားပြည်နယ်အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ ပြည်နယ်အဆင့် လစဉ်ပုံမှန်အစည်းအဝေး ကျင်းပခြင်းဆိုင်ရာလုပ်ငန်း လမ်းညွှန်ကို အတည်ပြုကြပြီး ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သဘောတူညီကြသည်။

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် အကြံပေး ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဒေသကွပ်ကဲရေးမှူး (လွိုင်ကော်) ဗိုလ်မှူးချုပ် မျိုးသန့်နိုင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ ဒေါက်တာ အောင်ကျော်ဌေး၊ ဦးမော်မော်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ်၊ အမြဲတမ်းဗဟိုကော်မတီဝင် ဦးဘုန်းနိုင်၊ မော်ဒေးဒေးဖော၊ ခူထဲဘူး၊ ဗဟိုကော်မတီဝင် ဦးအောင်ဆန်းမြင့်၊ ခူညေးရယ်၊ ခူတော်ရယ် (အက်စ်)၊ ခွန်လေယာ၊ အရန်ဗဟိုကော်မတီဝင် လုဂေထူး၊ သဲရယ်ခေးလွီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ရန်ကုန်မြို့၌ မြန်မာ့ခရီးသွားဘဏ် ယနေ့ စတင်ဖွင့်လှစ်

ရန်ကုန် မေ ၆

မြန်မာ့ခရီးသွားဘဏ်ကို ရန်ကုန်မြို့ ပြည်လမ်း ကမာရွတ်မြို့နယ် စိုက်ပျိုးရေး မှတ်တိုင်အနီး အမှတ် ၄၃၇ (က)တွင် ယနေ့ စတင်ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါဘဏ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်း နိုဗိုတယ်ဟိုတယ်တွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ခရီးသွား လုပ်ငန်းကနေ ဆွဲဆောင်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားရာတွင် "ခရီးသွား လုပ်ငန်းတိုးတက်လာတာနဲ့အမျှ ကမ္ဘာက မြန်မာနိုင်ငံကို ပိုမိုသိရှိလာမယ်။ နိုင်ငံ တကာရင်းနှီးမြှုပ်နှံမှုလည်း ခရီးသွား လုပ်ငန်းကနေ ဆွဲဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ အစိုးရက အခုအခါမှာ ခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍ ပေါင်းစုံမှာ တိုးတက်ဖို့ရန်အတွက် ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလည်း ဖိတ်ခေါ်လျက်ရှိသလို လိုအပ်တဲ့အခြေခံ အဆောက်အအုံ တိုးတက်ရေးတွေကို လည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ခရီးသွား ဘဏ်အဆောက်အအုံကို ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင် မြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပြီး (ဝဲပုံ) ခရီးသွားဘဏ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ် ပေးခဲ့သည်။

၅ ရာခိုင်နှုန်း လှူဒါန်းမည်

မြန်မာ့ခရီးသွားဘဏ်အနေဖြင့် ခရီးသွားကဏ္ဍအပေါ် အထောက်အကူ ပြုမှုနှင့်ပတ်သက်၍ မြန်မာ့ခရီးသွား ဘဏ် ဥက္ကဋ္ဌ ဦးရန်ဝင်းက "ဘဏ်စဖွင့် ကတည်းက ရည်ရွယ်ချက်က ခရီးသွား ကဏ္ဍကြီး ဖွံ့ဖြိုးဖို့အတွက်ကို အထောက်အကူပြုဖို့ ဘဏ်ဖွင့်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှယ်ယာရှင် တွေကို စခေါ်ကတည်းက ဒီဘဏ်က ရလာတဲ့အကျိုးအမြတ် ၅ ရာခိုင်နှုန်းကို နှစ်စဉ်နှစ်တိုင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးရန် အတွက်သုံးစွဲဖို့ ဝန်ကြီးဌာနနဲ့ ခရီးသွား အဖွဲ့အစည်းတွေကို လှူဒါန်းမယ် ဆိုတာလည်း အရင်ကတည်းက အသိပေး ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ခရီးသွားကဏ္ဍကြီး ဖွံ့ဖြိုးဖို့အတွက်ကို နှစ်စဉ်ဘဏ်ရဲ့အမြတ်ထဲက ၅ ရာခိုင် နှုန်းကို လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဘဏ်၏ နည်းပညာပိုင်းဆိုင်ရာတွင် ကမ္ဘာ့အဆင့်မီနည်းစနစ်များ ကျင့်သုံး ထားပြီး ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ငွေလွှဲစနစ်များ၊ ကတ်စနစ်များကိုလည်း မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘဏ်ခွဲများအနေဖြင့် ရန်ကုန်နှင့် နေပြည်တော်တွင် ဘဏ်ခွဲတစ်ခုစီဖွင့်လှစ် သွားနိုင်ရန် စီစဉ်လျက်ရှိပြီး တစ်နှစ် အတွင်း ဘဏ်ခွဲပေါင်း ၁၀ ခု ဖွင့်လှစ် သွားနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုပမာဏ အနေဖြင့် မြန်မာငွေကျပ် ၂၂ ဘီလီယံ ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ နိုင်ငံခြားသုံးငွေ ခွင့်ပြုချက်ရရှိရန် အတွက် အမေရိကန်ဒေါ်လာ ငါးသန်း ထည့်ဝင်၍ ငွေကြေးဝန်ဆောင်မှုများကို စတင်လည်ပတ်တော့မည် ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ - အာကာစိုး

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

နေပြည်တော် မေ ၆

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို သတ်မှတ်ရက်အလိုက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲများကို မေ ၉ ရက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မေ ၁၃ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မေ ၁၅ ရက်တွင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ မေ ၁၇ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မေ ၂၀ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မေ ၂၃ ရက် တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ မေ ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မေ ၂၉ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မေ ၃၁ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ရှင်းလင်းသွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ ၊ e- mail; ir.pso.moi2015@gmail.com သို့လိပ်မူ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာ (e-mail လိပ်စာ) တို့အား ပေးပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ဖွင့်လှစ်ခြင်း ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ၊ ရှားပါးစာအုပ်ပြပွဲနှင့် အမှတ်တရဈေးရောင်းပွဲတော် ကျင်းပမည်

နေပြည်တော် မေ ၆

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ဖွင့်လှစ်ခြင်း ခြောက်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ၊ ရှားပါးစာအုပ်ပြပွဲနှင့် အမှတ်တရဈေးရောင်းပွဲတော်ကို မေ ၁၀ ရက်တွင် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို မေ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ စာပေဟောပြောပွဲတွင် ဆရာမ မစန္ဒာ၊ ဆရာနေဝင်းမြင့်နှင့် ဆရာမ ခင်ခင်ထူးတို့က ဟောပြောမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် မြန်မာ့ရိုးရာရုပ်သေးကပွဲ ပါဝင်မည်ဖြစ်သည့်အတွက် စိတ်ပါဝင်စားသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မောင်လူမော်

မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီး

မင်းလှ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း မေ ၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၅ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၆၇ လုံး အမိုးလန် ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အလယ်ကုန်းအုပ်စုတွင် နေအိမ် လေးလုံး၊ ညောင်သုံးပင်အုပ်စု နေအိမ် ၁၂လုံး၊ ညောင်ဝန်းအုပ်စုတွင် နေအိမ် ၁၁ လုံး၊ သရော(ဂျီ)အုပ်စုတွင် နေအိမ် ၁၃ လုံး၊ ကိုင်းပြင်ကြီးအုပ်စုတွင် နေအိမ် ၁၂ လုံး၊ အင်ကြင်းကုန်းအုပ်စုတွင် နေအိမ် ၁၁လုံး၊ ပတ်တန်းအုပ်စုတွင် နေအိမ် ၁၀လုံး၊ သရက်တပင်အုပ်စုတွင် နေအိမ်နှစ်လုံး၊ ဂန့်ဂေါ်ပင်အုပ်စုတွင် နေအိမ် နှစ်လုံး၊ သရော(အမ်)အုပ်စုတွင် နေအိမ် ၁၃ လုံး၊ ရွှေးကုန်းအုပ်စုတွင် နေအိမ် လေးလုံး၊ ထောက်ကြန့်အုပ်စုတွင် နေအိမ် ၁၂ လုံး၊ လှည်းကူးအုပ်စုတွင် နေအိမ် တစ်လုံး၊ လက်ဆက်အုပ်စုတွင် နေအိမ် ၈၅ လုံး အမိုးလန်၊ ပြိုကျပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။ **ပေါက်စ (မင်းလှ)**

မိုးညို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မေ ၅ ရက် မွန်းလွဲ ၃ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ် (၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၃) စု၊ ကျေးရွာပေါင်း ၄၃ ရွာတွင် အမိုးအကာ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၃၁၄ လုံး၊ စာသင်ကျောင်းလေးကျောင်း၊ ဘုန်းကြီးကျောင်း လေးကျောင်း ထိခိုက်ပျက်စီးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက် ပျက်စီးဒဏ်ခံရသူများအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

ဒိုက်ဦး

မေ ၅ ရက် ညနေပိုင်းက မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကံကလေးကျေးရွာအုပ်စု၊ ကတုတ်ဘုရားကြီး ကျေးရွာအုပ်စုနှင့် အင်းသဇင်ကျေးရွာအုပ်စုများရှိ လူနေအိမ်များ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း အမိုးလန်ခြင်း၊ နေအိမ်တချို့သစ်ပင်ပိခြင်း၊ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ ပျက်စီးသော အဆောက်အအုံ ၇၂ လုံးရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဘောလခဲ

ကယားပြည်နယ် ဘောလခဲမြို့တွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် သစ်တောဦးစီးဌာနဝင်းအတွင်း သစ်ပင်ကြီးပြိုလဲပြီး ဓာတ်တိုင် တစ်လုံး လဲခဲ့သည်။

ပျက်စီးသွားသည့် ဓာတ်တိုင်၊ ဓာတ်ကြိုးနှင့် သစ်ပင်ကြီးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ ဘောလခဲ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ဖိုးရယ်

အုတ်ဖို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မေ ၅ ရက် ညနေ ၄ နာရီက လူနေအိမ် (ဝဲပုံ) နှင့် ဘာသာရေးအဆောက်အအုံများ အမိုးလန် ပြိုလဲပျက်စီးမှုဖြစ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုတွင် ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ အိမ်ခြေ ၁၂၃ လုံးနှင့် ဘာသာရေးအဆောက်အအုံ နှစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး အိမ်ခြေ ၁၃ လုံး ပြိုလဲခဲ့သည်။ အဆိုပါ လေဘေးသင့် အိမ်ထောင်စုများအား မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆွေမျိုးသားချင်းများက လေဘေးသင့်မိသားစုများ၏ နေထိုင်စားသောက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်သူဆွေ(ပြန်/ဆက်)

ခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန် AIR KBZ လေကြောင်းလိုင်းမှ မှာယူထားသည့် လေယာဉ်သစ်များ ရောက်ရှိ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ ခရီးသွားလာရေး လွယ်ကူစေရေးတို့ကို ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပလေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရန် AIR KBZ Ltd က မှာယူထားသည့် ATR-72-600 (2019 Model) လေယာဉ်သစ်များအနက် လေယာဉ်အမှတ် MSN-1528 (XY-AMN)နှင့် MSN-1531 (XY-AMO) လေယာဉ်နှစ်စင်းသည် လေယာဉ်ထုတ်လုပ်သည့် ပြင်သစ်နိုင်ငံမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိလာသည်။

AIR KBZ လေကြောင်းလိုင်းမှ ဝယ်ယူထားသည့် ATR-72-600 လေယာဉ်သစ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ ဓာတ်ပုံ-စိုးညွန့်

AIR KBZ Ltd သည် ATR-72-600 (2019 Model) လေယာဉ်လေးစင်း မှာယူထားခြင်းဖြစ်ပြီး ကျန်ရှိသည့် လေယာဉ်အသစ်နှစ်စင်းမှာ ဇွန်လတွင် ထပ်မံရောက်ရှိမည်ဖြစ်သည်။ ယခုမှာယူထားသည့် လေယာဉ်များအနက် ဒုတိယအသုတ်အနေဖြင့် ဇွန်လတွင် နောက်ထပ်နှစ်စင်း ရောက်ရှိလာပါက ပြည်တွင်းတွင် ATR-72-600 အများဆုံးပိုင်ဆိုင်သော လေကြောင်းလိုင်းတစ်ခုဖြစ်လာမည်ဖြစ်ပြီး ပြည်တွင်းခရီးစဉ်များကို ယခုထက် ပိုမိုကောင်းမွန်ပြည့်စုံအောင် ပျံသန်းပြေးဆွဲပေးနိုင်တော့မည်ဖြစ်သည်။ ယခုထပ်မံရောက်ရှိလာသည့် လေယာဉ်အသစ်များအတွက် အတွေ့အကြုံရှိ ကျွမ်းကျင်သော လေယာဉ်မှူးများ၊ အင်ဂျင်နီယာများနှင့် လေယာဉ် မောင်/မယ်များ ကြိုတင်ခေါ်ယူသင်တန်းပို့ချလျက်ရှိသည်။ AIR KBZ Ltd သည် အသစ်လေးစင်းအပါအဝင် စုစုပေါင်းလေယာဉ် ၁၀ စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် အခြေပြုကာ ပြည်တွင်းခရီးစဉ်များဖြစ်သော နေပြည်တော်၊ ညောင်ဦး၊ ဟဲဟိုး၊ မြစ်ကြီးနား၊ တာချီလိတ်၊ လားရှိုး၊ လွိုင်ကော်၊ ကလေး၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ခရီးစဉ်များတိုးချဲ့ပျံသန်းပြေးဆွဲလျက်ရှိပြီး မကြာမီ အိမ်နီးချင်းပြည်ပနိုင်ငံများသို့ တိုးချဲ့ပျံသန်း ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ အင်ဖာမြို့နှင့် ထိုင်းနိုင်ငံရှိ ချင်းမိုင်၊ ဆူရတ်သနိနီစသည့်မြို့များသို့ တိုက်ရိုက်ပျံသန်းရန် စီစဉ်လျက်ရှိသည်။

AIR KBZ Ltd ကို ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ATR-72-600 ငါးစင်း၊ ATR-72-500 တစ်စင်းဖြင့် ပြေးဆွဲလျက်ရှိရာမှ ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေလုံခြုံစေရန် 2019 Model ATR-72-600 လေးစင်း ထပ်မံမှာယူခဲ့ခြင်း ဖြစ်သည်။

ဖိုးသော်ဇင်

မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း အပြီးသတ်လူရွေးချယ်

ရန်ကုန် မေ ၆

မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဦးအေးမင်း၊ **နည်းပြချုပ်**-ဒေါ်မေသူထွန်း၊ **နည်းစနစ်အကြံပေး**-ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြ**-ဒေါ်မာလာဝင်း၊ ဒေါ်မိုးမိုးဝါ၊ **ဂိုးနည်းပြ**-ဒေါ်မေခင်ယမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား**-လူစီယာ၊ ရင်ရင်မိုးနိုင်၊ မေဦးခင်၊ **နောက်တန်း**-ဖြူဖွေး၊ မေရီဦး၊ ပိုင်ဖြိုးဆု၊ မိုးပြည့်ပြည့်မောင်၊ ခင်ဖုန်း၊ ဖြိုးဖြိုးဝေ၊ ဂျူးထက်ဝေ၊ ခင်ဌေးကြိုင်၊ **အလယ်တန်း**-ထူးသိင်္ဂီနိုင်၊ အေးထက်ထက်ပိုင်၊ စန္ဒာလင်း၊ နန်းချိုမွှေး၊ ဒေစီအောင်၊ သန်းသန်းစိုး၊ ဖျားမြမိုးမိုးအေး၊ ကြယ်စင်၊ **ရှေ့တန်း**-ဇင်မိုးပြည့်၊ ယုယနိုင်၊ ဆုမြတ်နိုးနှင့် ဝေနှင်းဖြိုးတို့ ပါဝင်ကြသည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲကို မေ ၉ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စု(က)တွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁၀ ရက်တွင် တီမောအသင်း၊ မေ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၁၄ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည် ဖြစ်သည်။

မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် ဧပြီလဆန်းတွင် စတင်လေ့ကျင့်ခဲ့ပြီး အခြေခံပညာကျောင်းများနှင့် အား/ကာသိပ္ပံတို့မှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မေ ၅ ရက်တွင် အပြီးသတ်လူစာရင်း ကြေညာခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ညီမြတ်သော်တာ

✳ *ကျောဖုံးမှ*

နိုင်ပွဲရယူပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် မကစားမီ ကြားရက်တွင် ရှုံးထွက်ပွဲကစားရခြင်းဖြစ်ပြီး မြဝတီအသင်းသည် ပထမတန်းအသင်းဖြစ်သော်လည်း MNL အတွေ့အကြုံရှိသောကြောင့် ပေါ့ဆ၍မရပေ။

မေ ၅ ရက်က ကစားခဲ့သည့် အမှတ်ပေးပွဲတွင် နာမည်ကြီး ရတနာပုံအသင်းကို အနိုင်ကစားခဲ့သည့် ရခိုင်အသင်းသည် ခြေစွမ်းပြန်တက်လာသည့် ဇွဲကပင်နှင့် ကစားရမည်ဖြစ်ပြီး ကွာတားဖိုင်နယ်တက်ရန် အားကုန်ထုတ်ရဖွယ်ရှိနေသည်။ ယခုရာသီတွင် ရုန်းကန်နေရသည့် မကွေးအသင်းသည် ပထမတန်းရာသီဝက်ချန်ပီယံ အား/ကာသိပ္ပံနှင့် တွေ့ဆုံနေပြီး ရှုံးထွက်ပွဲဖြစ်သောကြောင့် မထင်မှတ်သည့် ရလဒ်များလည်း ထွက်ပေါ်လာဖွယ်ရှိနေသည်။

MNL ကလပ်အသင်းများသည် အမှတ်ပေးပွဲစဉ်များအပြင် ရှုံးထွက်ပွဲများပါ ကစားနေရပြီး ပြိုင်ပွဲနှစ်ခုစလုံးတွင် အောင်မြင်မှုရရေး ကြိုးပမ်းနေသောကြောင့် ပွဲစဉ်တိုင်းက အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။

ညီမြတ်သော်တာ

အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရေကူး ပဏာမလူရွေးပွဲကျင်းပ

ရန်ကုန် မေ ၆

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရေကူးပဏာမလူရွေးပွဲကို ရန်ကုန်မြို့ အမျိုးသားရေကူးကန်၌ မေ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့အဖွဲ့ချုပ်ကအသစ်ဖြစ်တယ်။ ပြိုင်ပွဲတွေ ကျင်းပဖို့ရှိတယ်။ အနီးစပ်ဆုံးက ဆီးဂိမ်းပြိုင်ပွဲဖြစ်တယ်။ ဆီးဂိမ်းပြိုင်ပွဲတိုင်းမှာ ဘောလုံး၊ ရေကူး၊ ပြေးခုန်ပစ်စတဲ့ အားကစားနည်းတွေက မပါမဖြစ် ကစားနည်းပါ။ ဆီးဂိမ်းကို မလွှဲမရှောင်သာ ရေကူးကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်ရမယ့်ပွဲလည်းဖြစ်တဲ့အတွက် အဆင်သင့် မဖြစ်သေးဘူး။ ရှိတဲ့ကစားသမားများကို စုစည်းပြီး ပဏာမအဆင့်အနေနဲ့ရွေးချယ်ပြီးရင် ပြည်ပနည်းပြခေါ်ယူမယ်။ ပူးတွဲလေ့ကျင့်မှုတွေကို ပြည်ပကိုလွှတ်ဖို့ အစီအစဉ်ရှိပါတယ်" ဟု မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က ပြောသည်။

"အမျိုးသားရေကူးကန်ကြီးက ၁၉၆၅ ခုနှစ်က ဖြစ်တော့ ရေကန်ရေစစ်ကန် ရေပိုက်လိုင်းများ အကြီးစားပြင်ဆင်ရတယ်။ ရေကောင်းမှ ကစားသမားတွေ ကူးချင်မယ်။ ရေကူးချင်မှ အသက်အန္တရာယ်မရှိဘဲ လိုချင်တဲ့ ပန်းတိုင်ကိုရောက်မှာ ဖြစ်ပါတယ်။ ရေကန်ပြင်ပြီးရင် သက်ဆိုင်ရာကလပ်တွေမှာရှိတဲ့ ကစားသမားတွေကို မြေတောင်မြှောက်ပေးသွားပါမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦး ရွေးချယ်ရန် လျာထားပြီး မီတာ ၅၀ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် (၂၇)ကြိမ်မြောက် ဆီးဂိမ်း၌ လက်ဆင့်ကမ်းပြိုင်ပွဲတွင် တတိယရရှိပြီး (၂၈)ကြိမ်၊ (၂၉)ကြိမ်ဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်သည့် အဆင့်တစ်ခုသာရရှိခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၆

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ MIU အသင်းသည် ၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်သည်။

၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIU အသင်း။ ဓာတ်ပုံ-စိုးညွန့်

၂၀၁၉ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံခြောက်နိုင်ငံမှ ကလပ်အသင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာကလပ် MIU အသင်းသည် အုပ်စု(ခ)တွင် Down Town(ကမ္ဘောဒီးယား)၊ မီလာကာ (မလေးရှား)တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စု(က)တွင် ချောင်ဘူရီ (ထိုင်း)၊ ဆာဗီနက်စ် (ဗီယက်နမ်)၊ ဘလက်စတီး (အင်ဒိုနီးရှား) တို့နှင့် ကျရောက်နေသည်။

MIU အသင်းသည် MIC အသင်းကို အမည်ပြောင်းလဲထားခြင်းဖြစ်ပြီး အောင်မြင်မှုရရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ မြန်မာကလပ် MIU အသင်းသည် ယင်းပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးကြိမ်စလုံး တတိယဆုရခဲ့သည်။

MIU အသင်းသည် ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၈ ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရခဲ့ပြီး ၂၀၁၇ ပြိုင်ပွဲတွင် PU အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

MIU အသင်းကို နည်းပြချုပ်အဖြစ် ဦးသန်းဝဏ္ဏအောင်က ကိုင်တွယ်နေပြီး လက်ရွေးစင်ကစားသမား အများစုဖြင့် ဖွဲ့စည်းထားသည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဝဲလ်ဘတ်အား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည်မဟုတ်

အာဆင်နယ်အသင်းသည် ဒန်နီဝဲလ်ဘတ် (၂၈နှစ်) အား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည်မဟုတ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ကစားသမားအား နွေရာသီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရရှိနိုင်တော့မည် ဖြစ်သည်။

လိုဇာနိုနှင့် ထရစ်ပီရာတို့အား ခေါ်ယူရန် နာပိုလီအသင်း စိတ်ဝင်စားနေ

နာပိုလီအသင်းအနေဖြင့် ပီအက်စ်ဗွီအသင်းမှ အသက် ၂၃ နှစ်အရွယ် လိုဇာနိုနှင့် တော့တင်ဟမ်အသင်းမှ အသက် ၂၈ နှစ်အရွယ် ဗဟိုခံစစ်ကစားသမား ထရစ်ပီရာတို့အား ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု နည်းပြ အန်ဆယ်လော့တီက အတည်ပြုပြောကြားလိုက်ကြောင်း ဂိုးဒေါ့ကွန်းတွင် ဖော်ပြထားသည်။

ဆေးလ်ဗားနှင့် ဆန်ဆွန်တို့အား ဦးစားပေးခေါ်ယူသွားမည့် ဝုဖ်

ဝုဖ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်းတို့ ဦးစားပေးခေါ်ယူမည့် ကစားသမားများမှာ အေစီမီလန်အသင်းမှ တိုက်စစ်ကစားသမား အန်ဒရီဆေးလ်ဗားနှင့် မာဆေးလ်အသင်းမှ ကွင်းလယ်ကစားသမား မော်ဂန် ဆန်ဆွန်တို့ ဖြစ်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

ရာသီအကြိုအစပိုင်းတွင် စတန်းဖို့ဒ်ဘရစ်သို့ ပြန်သွားရန် ဇူးမား မျှော်လင့်နေ

ယခုနှစ်ရာသီတွင် အဲဗာတန်အသင်း၌ အငှားကစားလျက်ရှိသော ချယ်လ်ဆီးခံစစ်ကစားသမား ဇူးမား (၂၄နှစ်)သည် အဲဗာတန်အသင်းက အမြဲတမ်းစာချုပ်ခေါ်ယူချင်နေသော်လည်း အဆိုပါကစားသမားက ရာသီအကြိုအစပိုင်းတွင် စတန်းဖို့ဒ်ဘရစ်သို့ ပြန်သွားရန် မျှော်လင့်နေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

ဆဲလ်တစ်နည်းပြအဖြစ် မန်ယူနည်းပြဟောင်း မော်ရင်ဟိုအား ကမ်းလှမ်း

ဆဲလ်တစ်အသင်းသည် လာမည့်ရာသီတွင် အသင်းနည်းပြအဖြစ် မန်ယူနည်းပြဟောင်း မော်ရင်ဟို (၅၆နှစ်) အား ကမ်းလှမ်းလိုက်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

ဇီဒန်း အနေဖြင့် လူကာမိုဒရစ်အား အသင်းမှ ထွက်ခွာခွင့်ပြုဖွယ်ရှိ

ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းသည် အသက် (၃၃ နှစ်)အရွယ်ရှိပြီဖြစ်သော လူကာမိုဒရစ်၏ ခြေစွမ်းကျဆင်းလာမှုကြောင့် ၎င်းအား အသင်းမှ ထွက်ခွာခွင့်ပြု ဖွယ်ရှိကြောင်း အေအက်စ်ဒေါ့ကွန်းတွင် ဖော်ပြထားသည်။

အောင်ဇော်

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၆

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးညှင်းမြို့နယ် အင်းတော်ကြီးအရှေ့ဘက်ခြမ်း ပန်းလားကျေးရွာအုပ်စု အိုင်လေးတူကျေးရွာနေ မြင့်အေး (ခ)ဇော်မင်းထွန်း၏နေအိမ်ကို ရှာဖွေရန် ဝင်ရောက်စဉ် မြင့်အေး(ခ)ဇော်မင်းထွန်းက ဓားဖြင့်ခုတ်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ပူးပေါင်းအဖွဲ့မှ လုံးထွေးဖမ်းဆီးကာ ၎င်း၏ထံမှ ဘိန်းဖြူ ၀ ဒသမ ၀၁ ဂရမ်၊ ဘိန်းစိမ်း ၂၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ လက်ပစ်ဗုံး နှစ်လုံး၊ ဓား နှစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ် ရေနီရွာသစ်ကျေးရွာနေ ဒေါ်မိုးဝင်း၏နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၄၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၃ ပြားတို့ကို လည်းကောင်း။

ထို့အတူ နံနက် ၁၀ နာရီခွဲကလည်း မူးယစ်တပ်ဖွဲ့စု(၃၁)ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ဇရပ်ဖြူကျေးရွာအနီး တောစပ်၌ Caldina အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြားနှင့် ငွေကျပ် ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ဇရပ်ဖြူကျေးရွာရှိ ထွန်းကိုကိုနှင့် မအိမွန်တို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၆ ပြားနှင့် ငွေကျပ် ၂၄၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ မေ ၄ ရက် ည ၁၁ နာရီခွဲက ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ကန်ဆွယ်ကျေးရွာနေ တိုးဝင်း၏နေအိမ်ကိုရှာဖွေရာ တိုးဝင်း၊ အောင်အောင်ဦးနှင့် ရဲနိုင်တို့အား နေအိမ်ရှိတန်းလျား၌ တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၆၁၅ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မေ ၅ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် နေပူကုန်းကျေးရွာအနီး၊ ရမည်းသင်း-ရွာတန်းသွားလမ်း၌ မော်တော်ဆိုင်ကယ်နှင့်အတူ ကိုမင်းအားတွေ့ရှိ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ၊ ငွေကျပ် ၁၀၉၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၁ ပြား ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု အထက်ညောင်နီကျေးရွာ ရွာလယ်လမ်းနေ ဒေါ်စိန်မြ၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၉၅ ဒသမ ၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၀ နှင့် ငွေကျပ် ၃၇၀၀၀၀ တို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြင့်အေး(ခ)ဇော်မင်းထွန်းကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်ပစ်ဗုံး၊ ဓားနှင့်အတူ တွေ့ရစဉ်။

တာချီလိတ် နန်းနန်းဘွန်းကျောက် ရွှေဆိုင် ဓားပြတိုက်မှုတွင် ပါဝင်သူတစ်ဦးကို ထပ်မံဖမ်းဆီးရမိ

တာချီလိတ် မေ ၆

တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းမပေါ်မှ နန်းနန်းဘွန်းကျောက်ရွှေဆိုင်ကို ဓားပြတိုက်ရာတွင် ပါဝင်သူခြောက်ဦးထဲမှ ဒုတိယမြောက် တစ်ဦးကို မေ ၄ ရက် မွန်းလွဲပိုင်းက ဝမ်ပုံကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နန်းနန်းဘွန်းကျောက်ရွှေဆိုင်ကို ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် အိုက်ခမ်းသန်း (ခ) ခမ်းထန် (ခ) ဆန်ခမ်းဆန်၏နေအိမ်ကို ဝမ်ပုံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက မေ ၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဝင်ရောက်ရှာဖွေရာ ကျည်ဆန်နှစ်တောင့်၊ ရွှေ/သတ္တုအရည်ကြိုသည့် ဖားဖိုတစ်စုံအပါအဝင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည်။

ဧပြီ ၂၉ ရက် နံနက် ၇ နာရီခွဲခန့်က တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ နန်းနန်းဘွန်းကျောက်ရွှေဆိုင်ကို လူခြောက်ဦးပါဝင်သည့်အဖွဲ့က လက်နက်များကိုင်ဆောင်ကာ ဓားပြဝင်တိုက်ခဲ့ပြီး ငွေသား၊ ရွှေထည်နဲ့ စိန်ထည်အပါအဝင် ငွေကျပ်သိန်း ၂၉၀၀ တန်ဖိုးခန့်ရှိ ပစ္စည်းများကို ယူဆောင်သွားခဲ့ခြင်းဖြစ်သည်။

ဓားပြတိုက်မှုတွင် ပါဝင်သူတစ်ဦးကို တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့က မေ ၂ ရက်တွင် မိုင်းကိုးကျေးရွာအုပ်စုအတွင်း ဖမ်းဆီးရမိပြီး ဒုတိယမြောက် ပါဝင်သူတစ်ဦးကို မေ ၄ ရက်တွင် ထပ်မံဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အရက်မူး၍ အိပ်ပျော်ရာမှ သေဆုံး

ကော့သောင်း မေ ၆

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်ခရီးသည်နားနေဆောင် အုတ်ခုံတန်းပေါ်၌ လူတစ်ဦး အရက်မူးအိပ်ပျော်ရာမှ သေဆုံးမှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းက လူတစ်ဦးသေဆုံးနေကြောင်း ပိတောက်ရွှေဝါရပ်ကွက်အုပ်ချုပ်ရေးမှူးက ရဲစခန်းသို့အကြောင်းကြားလာသဖြင့် စခန်းမှူး ဒုရဲမှူးအောင်မိုး၊ တာဝန်မှူး ဒုရဲအုပ်ထွန်းထွန်းစိုးတို့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အောင်သုခရပ်ကွက် တစ်မိုင်ကုန်းနေ ဦးသန်းစိုး(ခ)ဘုကုန်း (၅၄ နှစ်)ကျပန်းလုပ်ကိုင်သူဖြစ်ကြောင်း၊ ၎င်းသည် အရက်သေစာသောက်စားပြီး အမျှားပြည်သူနားနေဆောင်တွင် အိပ်ပျော်နေရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

မြန်မာ့ရုပ်မြင်သံကြား

၇-၅-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀	-	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	-	Breakfast News
၇း၃၅	-	အပူဒဏ်အန္တရာယ် ကာကွယ်ရေး
၈း၃၅	-	စကားဝိုင်းအစီအစဉ် (မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်သော လူနာတင်ယာဉ်များ အကြောင်း သိကောင်းစရာများ)
၉း၂၅	-	ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (သတ်မှတ်အမြန်နှုန်း)
၁၀း၃၅	-	ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအကြောင်း သိကောင်းစရာ" (ဦးဟန်ညွန့် (ဥပဒေ) တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ကိုမင်းမင်းထွန်း၊ ကိုထက်ဝင်း၊ စိုးစိုးဦး၊ နွယ်နွယ်အေး) (ဒါရိုက်တာ-ဝေဠု (ဝသန်))
၁၄း၃၀	-	Yes or No Talk Show

ညပိုင်း

၁၆း၂၅	-	မြို့တော်များရဲ့မြို့ပြ (ယာဉ်စည်းကမ်း)
၁၇း၃၀	-	မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၇း၅၅	-	သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (လျှပ်စီးအန္တရာယ်)
၁၈း၂၀	-	"ဝိညာဉ်မဲ့ ကဝိတစ်ပါး" (Set-top-Box)
၁၈း၃၀	-	ကြယ်ပွင့်များရဲ့ရှင်ခုန်သံ
၁၉း၂၀	-	"ဒီမိုကရေစီစိတ်ထား" (အပိုင်း-၂)
၂၀း၀၀	-	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅	-	ပညာရေးစကားဝိုင်း "ကာယပညာ၏အခန်းကဏ္ဍ"
	-	အနုပညာခန်းရိပ်သာ "အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေနှင့် တွေ့ဆုံမေးမြန်းခန်း"

ခဲအိုဖြစ်သူက ခယ်မဖြစ်သူအား သုသာန်အတွင်း၌ သတ်ဖြတ်

ပုသိမ် မေ ၆

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်၌ ခဲအိုတော်စပ်သူက ခယ်မဖြစ်သူကို သုသာန်အတွင်း၌သတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် အထောင်နယ်မြေရဲစခန်းအပိုင် အထောင်ကျေးရွာနှင့် ပန်ကြာကျေးရွာချင်းဆက်လမ်းအကြား သုသာန်ဘက်တောစပ်၌ မေ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ခြေလက်တုပ်နှောင်၍ ပုပ်ပွသေဆုံးနေသော အမည်မသိအမျိုးသမီးတစ်ဦးကို တွေ့ရှိရသဖြင့် အထောင်နယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးရာ မျက်နှာမှာ ရုပ်ပျက်နေသဖြင့် လွန်ခဲ့သောငါးရက်ခန့်ကသေဆုံးခြင်းဟု ယူဆရသည်။

ဒုရဲအုပ်ဇော်ဇော်ထက်၏ စုံစမ်းချက်အရ ဧပြီ ၂၈ ရက်ခန့်က အထောင်သိန်ကုန်းကျေးရွာအုပ်စု သိန်ကုန်းကျေးရွာနေ မသဉ္ဇာလင်း (၂၂ နှစ်)သည် ပန်ကြာကျေးရွာသို့ အလုပ်သွားစဉ် ၎င်း၏ခဲအိုတော်စပ်သူက ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ခဲ့ပြီး လမ်းတစ်ဝက်အရောက်၌ ဆင်းကျန်ရစ်ခဲ့ကြောင်း၊ ထိုနေ့မှစ၍ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ လူပျောက်တိုင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းအရ မသဉ္ဇာလင်း၏ ခဲအိုတော်စပ်သူ ဇင်မောင်မောင် (၃၁ နှစ်) ကို စုံစမ်းရှာဖွေရာ ကျုံတနီကျေးရွာနှင့် ပန်းတနော်အနီး၌ ဖမ်းဆီးနိုင်ခဲ့သည်။

၎င်းကို စစ်ဆေးရာတွင် ဧပြီ ၂၈ ရက်က သေဆုံးသူ မသဉ္ဇာလင်းသည် အထောင်သိန်ကုန်းကျေးရွာတွင် အလုပ်ဆင်းရန်အတွက် ခဲအိုတော်စပ်သူ အိမ်ချင်းကပ်နေ ဇင်မောင်မောင်က ဆိုင်ကယ်ဖြင့် လိုက်ပို့ကြောင်း၊ ပန်ကြာကျေးရွာနှင့် သိန်ကုန်းရွာ သုသာန်အရောက်၌ ဆိုင်ကယ်ပေါ်မှ ဆင်း၍ ရန်ကုန်သို့ခိုးပြေးရန် စီစဉ်မှုကို မသဉ္ဇာလင်းက ငြင်းဆန်၍ အချင်းများကြစဉ် ဇင်မောင်မောင်က မသဉ္ဇာလင်းအား သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုသိမ်လှကြည်

အရက်သေစာသောက်စားမူးယစ်ရမ်းကားပြီး ရဲတပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်

ကမမောင်း မေ ၆

ကရင်ပြည်နယ် ကမမောင်းမြို့အမှတ်(၂)ရပ်ကွက် ဇီဇဝါလမ်းနေ ဦးဘရွှေက ၎င်း၏ နေအိမ်သို့ သားဖြစ်သူ ဇင်မင်းထိုက်(ခ) တာတီးဖိုးမှာ မူးယစ်ရမ်းကားနေကြောင်း မေ ၅ ရက် ည ၉ နာရီခွဲခန့်တွင် တိုင်ကြားသဖြင့် စခန်းမှူး ရဲအုပ်ထွန်းထွန်းလင်း ဦးစီးသောတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းခဲ့ရာ မူးယစ်ရမ်းကားနေသော ဇင်မင်းထိုက်(ခ) တာတီးဖိုး(၄၀နှစ်)က ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများအား ပြန်လည်ခုခံပြီး ၉၁ အမျိုးအစား ဖျူစ်ပါ လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခဲ့ရာ လက်ပစ်ဗုံးမှာပေါက်ကွဲမှုမရှိဘဲ ရဲတပ်ဖွဲ့ဝင်များက လုံးထွေးဖမ်းဆီးခဲ့ကြောင်း သိရသည်။

ရှင်းလင်းပေး

အဆိုပါ မပေါက်ကွဲသောလက်ပစ်ဗုံးကို နယ်မြေခံတပ်မှ တာဝန်ရှိသူများမှ အခင်းဖြစ်သောနေရာကို အတားအဆီးများ ပြုလုပ်ခဲ့ပြီး ယနေ့နံနက် ၆ နာရီတွင် လာရောက်ရှင်းလင်းပေးခဲ့သည်။

စစ်ဆေးဆောင်ရွက်

အရက်သေစာသောက်စား၍ မူးယစ်ရမ်းကားပြီး ရဲတပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သော ဇင်မင်းထိုက်(ခ) တာတီးဖိုး (၄၀နှစ်)ကို နယ်မြေခံစခန်းမှူး ရဲအုပ် ထွန်းထွန်းလင်းက တရားလိုပြုလုပ်၍ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းသန့်(ပြန်/ဆက်)**

မိုးညှင်းမြို့နယ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး တန်ချိန် သုံးရာခန့် သိမ်းဆည်းရမိ

မိုးညှင်း မေ ၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီး မြို့ရှောင်လမ်း၌ မော်တော်ယာဉ် ၁၇ စီးဖြင့် တရားမဝင်တင်ဆောင်ထားသည့် ကျောက်စိမ်းအရိုင်းတုံး ဆိုက်စုံ ၁၀၀ တုံးမှ တန်ချိန်သုံးရာခန့်ကို သိမ်းဆည်းရမိခဲ့၍ မေ ၅ ရက်က အမှုဖွင့် အရေးယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီး မြို့ရှောင်လမ်း၌ မေ ၂ ရက် ညနေပိုင်းက မသင်္ကာဖွယ် ၁၀ ဘီးယာဉ်နှင့် ၁၂ ဘီးယာဉ်များ ရပ်တန့်ထားကြောင်း သတင်းအရ မိုးညှင်းတပ်နယ်မှူးရုံးမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ မိုးညှင်းမြို့မရဲစခန်းမှ တာဝန်ရှိသူများပူးပေါင်း၍ သွားရောက်စစ်ဆေးရာ UD Canter အမျိုးအစား ၁၀ ဘီးနှင့် ၁၂ ဘီးယာဉ် ၁၇ စီးပေါ်မှ တရားမဝင်တင်ဆောင်ထားသည့် ကျောက်စိမ်းအရိုင်း ၁၀၀ တုံးမှ အလေးချိန် ၂၈၈ တန်အား သိမ်းဆည်းရမိသည်။

အဆိုပါသိမ်းဆည်းရမိသည့် ကျောက်စိမ်းအရိုင်းတုံးများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာနေ ဦးဘသိန်း(ခ)ရန်ဇာရိမ် (၆၃ နှစ်)ထံမှ ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက်နေ ဦးအောင်ကျော်မိုးက ငွေကျပ်သိန်းလေးရာဖြင့် ဝယ်ယူခဲ့ပြီး ဖားကန့်မြို့နယ် ဆိုင်းဂျာဘွမ်ကျေးရွာနေ ဒေါ်ပျော်မေ (ခ)နိုင်နိုင်စိုး(၆၁ နှစ်)အား ကျောက်စိမ်းတစ်တန်လျှင် ငွေကျပ်ရှစ်သိန်းနှုန်းဖြင့် နေပြည်တော်သို့ သယ်ယူပို့ဆောင်ရန် ငှားရမ်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဒေါ်ပျော်မေ(ခ)နိုင်နိုင်စိုးနှင့် ဦးအောင်ကျော်မိုးတို့နှစ်ဦးက အဆိုပါကျောက်စိမ်းအရိုင်းတုံးများကို နေပြည်တော်သို့ ပို့ဆောင်နိုင်ရန် မိုးညှင်းမြို့နယ် နမ္မချီမှော်မှ ထွက်သည့်ကျောက်များအဖြစ် နမ္မချီမှော် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ ကိုယ်စားလှယ် ဦးယိန်းဘောမ်(၄၇ နှစ်)၏ အမည်ခံကာ မိုးညှင်းမြို့ ကျောက်မျက်တူးဖော်ရေးဌာနမှ တာဝန်ရှိသူများနှင့် ဟိုပင်မြို့တွင် ကျောက်များကိုတစ်တန်လျှင် ငွေကျပ်သုံးသိန်းခွဲဖြင့် တန်ချိန်၊ ရာဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်ရာတွင် ပါဝင်သူများကို မိုးညှင်းမြို့မရဲစခန်းက ကျောက်မျက်ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၂၇

ရုရှားခရီးသည်တင်လေယာဉ် မီးလောင်မှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရပြီး လူ ၄၁ ဦး သေဆုံး

ခရီးသည်တင်လေယာဉ်မီးလောင်နေသည်ကို တွေ့ရစဉ်။

မော်စကို မေ ၆

ရုရှားခရီးသည်တင်လေယာဉ် SSJ-100 တွင် မီးလောင်မှုဖြစ်ပွားပြီး မီးခိုးများထွက်လာမှုကြောင့် မော်စကိုမြို့ရှိ ခရီးသွားအများဆုံး အသုံးပြုရာ လေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရပြီး ကလေးငယ်နှစ်ဦးအပါအဝင် ၄၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လေယာဉ်မီးလောင်ပြီးအရေးပေါ်ဆင်းသက်ခဲ့ရသည့် ဗီဒီယိုမှာ လူမှုကွန်ရက်တွင် ပျံ့နှံ့နေပြီး ခရီးသည်များ လေထိုးလှေျာများမှတစ်ဆင့် လေယာဉ်ပေါ်မှ ခုန်ဆင်းရသည်ကို တွေ့မြင်ရသည်။ လူပေါင်း ၄၁ ဦး သေဆုံးခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းများ အပါအဝင် လူပေါင်း ၇၈ ဦး လိုက်ပါလာခဲ့ပြီးနောက် မြောက်ပိုင်းရှိ မူမန့်စ်ခ်မြို့သို့ ဦးတည်လာခြင်းဖြစ်ကြောင်း ရုရှားစုံစမ်းစစ်ဆေးသူများက ပြောသည်။

လက်ရှိအချိန်အထိ သိရှိရသော သတင်းများအရ ၃၇ ဦး အသက်ရှင်ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မော်စကိုရှိ ဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီး ဒီမီထရီမက်ဗ်ဒီရိပ်က ယနေ့အစောပိုင်းတွင် ပြောသည်။ အဆိုပါ လေယာဉ်သည် ရှယ်ရီမီတီဗို လေဆိပ်မှ ဒေသစံတော်ချိန် ညနေ ၆ နာရီက ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး မိနစ် ၄၀ ခန့် ပျံသန်းပြီးချိန်တွင် မီးလောင်မှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ယင်းကဲ့သို့မီးလောင်ရမှုမှာ မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်နိုင်ကြောင်း အစောပိုင်းသတင်းများအရ သိရသည်။ လေကြောင်းသယ်ယူပို့ဆောင်မှုအတွက် လုံခြုံစိတ်ချရမည့် နည်းလမ်းများ လိုက်နာခြင်းမရှိသည့်အတွက် ရာဇဝတ်မှုအဖြစ် ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက သတ်မှတ်ကြောင်း၊ အဆိုပါအဖြစ်အပျက်နှင့် စပ်လျဉ်း၍ နောက်ထပ်စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေကြောင်း ထုတ်ပြန်ကြေညာချက်အရသိရသည်။

စစ်ဆေးသူများသည် လေယာဉ်ပေါ်မှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၊ လေဆိပ်ဝန်ထမ်းများနှင့် အခြားသော လေယာဉ်ပျံသန်းမှုနှင့် ဆက်စပ်မှုရှိသူများကို မေးမြန်းခဲ့သည်။

အေအက်ဖ်ပီ ၊ ဆင်ဟွာ

ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးနှင့် သဘောတူထားဟု ဟားမားစ်တို့ပြော

ဂါဇာ မေ ၆

အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုဖြစ်သည့် ဟားမားစ်တို့က အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရထားပြီဟု တနင်္လာနေ့က ကြေညာခဲ့ပြီးသည့်နောက် ဂါဇာကမ်းမြောင်ဒေသ ၌ ဟားမားစ်နှင့် အစ္စရေးတို့ကြား တိုက်ပွဲများ ရပ်စဲသွားပြီဖြစ်ကြောင်း သိရသည်။

အစ္စရေးဘက်ကမူ တရားဝင်ကြေညာချက် ထုတ်ပြန်ခြင်းမပြုခဲ့ပေ။ စနေနေ့က ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် နှစ်ဖက်စလုံးမှအရပ်သားများ သေဆုံးခဲ့ရသည်။ ဟားမားစ်တို့ဘက်မှ ဒုံးကျည် ၇၀၀ ခန့်ဖြင့် အစ္စရေးနယ်မြေဘက်သို့ ပစ်ခတ်ခဲ့ပြီး အရပ်သားလေးဦး သေဆုံးခဲ့သည်။ အစ္စရေးတို့ဘက်မှ လေကြောင်းတိုက်ခိုက်မှုများဖြင့် လက်တုံ့ပြန်ခဲ့ပြီး ဂါဇာဒေသရှိ နေရာပေါင်း ၃၅၀ ကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အစ္စရေးတို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၂၃ ဦး သေဆုံးခဲ့ပြီး သေဆုံးသူများထဲတွင် အရပ်သား ၁၁ ဦး ပါဝင်ခဲ့သည်။ နောက်ဆုံးပဋိပက္ခများဖြစ်ပွားချိန်မှစ၍ အီဂျစ်နှင့် ကုလသမဂ္ဂတို့က အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်စေ့စပ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

လစ်ဗျား၌ တစ်ပတ်ခန့် အပစ်အခတ်ရပ်နားထားရန် ကုလသမဂ္ဂတောင်းဆို

ထရီပိုလီ မေ ၆

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေးအဖွဲ့ UNSMIL က ထရီပိုလီမြို့တွင် တစ်ပတ်ခန့်အပစ်အခတ်ရပ်စဲရန် မေ ၅ ရက်တွင် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသော လစ်ဗျားအစိုးရနှင့် လစ်ဗျားနိုင်ငံအရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့တို့ကြား တိုက်ပွဲများကိုရပ်ဆိုင်းရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ လိုအပ်သည့်နေရာများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် ခွင့်ပြုပေးရန် အပစ်အခတ်ရပ်နားထားချိန်အတွင်းအရပ်သားများကို လွတ်လွတ်လပ်လပ်သွားလာခွင့်ပြုရန် လစ်ဗျားနိုင်ငံတွင် ပဋိပက္ခများဖြစ်ပွားနေသောအဖွဲ့များအား UNSMIL က တောင်းဆိုခဲ့သည်။

ဆင်ဟွာ

နိုင်ငံခြားတပ်ဖွဲ့ဝင်များရုပ်သိမ်းရေး မရေရာ၍ အမေရိကန်-တာလီဘန် ဆွေးနွေးမှု ရှေ့မဆက်နိုင်

ကဘူးလ် မေ ၆

အမေရိကန်နှင့် တာလီဘန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ နိုင်ငံခြားသားတပ်ဖွဲ့ဝင်များ အာဖဂန်နိုင်ငံအတွင်းမှ မည်သည့်အချိန်တွင် ထွက်ခွာသွားမည်ကို အတိအကျမပြောနိုင်သောကြောင့် ရှေ့မတိုးနိုင်ဘဲဖြစ်နေကြောင်း တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောသည်။

တာလီဘန်နှင့် အမေရိကန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အထူးကိုယ်စားလှယ် ဇယ်မေးခါလစ်ဇတ်သည် အာဖဂန်စစ်ပွဲ အဆုံးသတ်နိုင်ရေးအတွက် မကြာသေးမီလများအတွင်းက ကာတာနိုင်ငံ ဒိုဟာမြို့သို့ အကြိမ်ပေါင်းများစွာသွားခဲ့သည်။

ဆွေးနွေးညှိနှိုင်းရာတွင် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ မည်သည့်အချိန်တွင် ထွက်သွားမည်ဟူသော အချိန်သတ်မှတ်ချက်အပေါ် မေးခွန်းများ ရှိလာသည်။ အာဖဂန်စစ်ပွဲသည် နှစ်ပေါင်း ၁၇ နှစ်ရှိလာပြီဖြစ်သည်။ အမေရိကန်ဘက်မှ တပ်ဖွဲ့ဝင်များ မရုပ်သိမ်းမီ တာလီဘန်များဘက်မှ လုံခြုံရေးကို အာမခံချက်ပေးရမည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေး အပါအဝင် အခြားသော ကတိပြုမှုများကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။

သို့သော် အမေရိကန်တို့ အာဖဂန်မြေမှ ထွက်ခွာသွားမည့်အချိန် အတိအကျကို မသိရသေးသရွေ့ အခြားကိစ္စများ ဆက်လက်လုပ်ဆောင်ရန် မဖြစ်နိုင်ဟု တာလီဘန်များဘက်မှ ပြောသည်။ တာလီဘန်မှ ပြောရေးဆိုခွင့်ရှိသူ ဆူဟေးလ် ရှဟင်းနှင့် အေအက်ဖ်ပီတို့ အင်တာဗျူးပြုလုပ်စဉ် ၎င်းက ကွာခြားချက်များ ကျဉ်းမြောင်းအောင် နှစ်ဖက်စလုံးမှ ဆောင်ရွက်နေကြောင်း၊ အမေရိကန်ဘက်မှ တပ်ဖွဲ့ဝင်များရုပ်သိမ်းမည့်အချိန်ကာလ အတိအကျကို မသိရသေးသရွေ့ ရှေ့ဆက်ရန်မဖြစ်နိုင်ကြောင်း၊ ယခုတစ်ကြိမ်ဆွေးနွေးမှုဖြင့် ယင်းကိစ္စကို မဖြေရှင်းနိုင်သေးကြောင်း ပြောသည်။

အကယ်၍ ယင်းကိစ္စကို ပြေလည်အောင် မညှိနှိုင်းနိုင်လျှင် ငြိမ်းချမ်းရေးမှာ အလှမ်းဝေးသွားနိုင်ကြောင်း ၎င်းက ဆက်ပြောခဲ့သည်။ ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးကမူ မည်သည့်မှတ်ချက်မှ မပေးခဲ့ပေ။ သို့သော် မစ္စတာခါလစ်ဇတ်က ဆွေးနွေးပွဲအောင်မြင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်ပင်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အမေရိကန်ဘက်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် တာလီဘန်တို့ဘက်မှ ကတိပြုရာများမှာ အာဖဂန်နယ်မြေကို နောက်ထပ် အကြမ်းဖက်သမားများ ခိုအောင်းရာနယ်မြေအဖြစ် အရောက်မခံရန်၊ အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်နှင့် အာဖဂန်ကိုယ်စားလှယ်များနှင့် ဆွေးနွေးရန်တို့ပင်ဖြစ်ကြောင်း မစ္စတာ ခါလစ်ဇတ်က ပြောသည်။

အာဖဂန်မြေပေါ်မှ နိုင်ငံခြားသားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အေအက်ဖ်ပီ

အမေရိကန်ရေတပ်မှ တိုက်ခိုက်ရေးအုပ်စုများကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်

ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောကိုတွေ့ရစဉ်။

ဝါရှင်တန် မေ ၆

အမေရိကန် ပြည်ထောင်စုသည် လေယာဉ်တင်သင်္ဘောတစ်စင်းနှင့် ဗုံးကြဲလေယာဉ်များကို အရှေ့အလယ်ပိုင်းဒေသဆီသို့ စေလွှတ်ကာ အီရန်ကို သတိပေးခဲ့ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောကြားခဲ့သည်။

တင်းမာမှုများ ပေါက်ဖွားလာစေသည့် ဖော်ပြချက်များနှင့် သတိပေးချက်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စုသည် ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စုနှင့် ဗုံးကြဲလေယာဉ်များကို အမေရိကန်စစ်ရေးညွှန်ကြားမှုဒေသဆီသို့ ချထားရန် လုပ်ဆောင်နေကြောင်း ဂျွန်ဘော်လ်တန်က ဖော်ပြခဲ့သည်။

ယင်းသို့ချထားမှုမှာ အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွား သို့မဟုတ် အမေရိကန် မဟာမိတ်နိုင်ငံများ၏ အကျိုးစီးပွားထိခိုက်စေမည့် တိုက်ခိုက်မှုတစ်စုံတစ်ရာ လုပ်ဆောင်လာပါက နောင်တရသွားစေမည့် တိုက်ခိုက်ရေးအုပ်စုနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း အီရန်သို့ အတိအလင်းအသိပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အပြည့်အဝပြင်ဆင်

အမေရိကန်သည် အီရန်နိုင်ငံနှင့် စစ်ဖြစ်ပွားရန် ကြိုးပမ်းနေခြင်းမရှိကြောင်း၊ သို့သော်လည်း အစ္စလာမ္မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့ဖြစ်စေ၊ သာမန်အီရန်တပ်ဖွဲ့ကဖြစ်စေ လုပ်ဆောင်လာနိုင်သည့် မည်သည့်တိုက်ခိုက်မှုကို မဆို တုံ့ပြန်သွားရန် အပြည့်အဝပြင်ဆင်လျက်ရှိကြောင်း ဂျွန်ဘော်လ်တန်က ပြောကြားသည်။

သို့သော်လည်း အမေရိကန်မှ စေလွှတ်လိုက်သည့် ရေတပ်တိုက်ခိုက်ရေးအုပ်စုများကို အဘယ့်ကြောင့် ယခုအချိန်တွင်ချထားရန် လုပ်ဆောင်ရကြောင်းနှင့် ပတ်သက်၍ အသေးစိတ် ဖော်ပြခြင်း မရှိခဲ့ပေ။

သို့သော်လည်း ယင်းသို့စေလွှတ်မှုသည် ဂါဇာအခြေစိုက် ပါလက်စတိုင်းစစ်သွေးကြွများနှင့် အစ္စရေးတို့အကြား မကြာသေးမီရက်များအတွင်း ပေါ်ပေါက်လာသည့် တင်းမာမှုအခြေအနေများအတွင်း ပေါ်ထွက်လာခဲ့သည်။

အေအက်ဖ်ပီ

ဘင်လာဒင်သေဆုံးပြီး ရှစ်နှစ်အကြာ အယ်လ်ခိုင်ဒါအဖွဲ့ရဲ့အခြေအနေ

ကလျာမိုးမြင့်

အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ကို ထူထောင်ခဲ့တဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်ဟာ ပါကစ္စတန်နိုင်ငံ အဘူတာဘက်မြို့မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ နှိမ်နင်းမှုကြောင့် သေဆုံးသွားခဲ့တာ အခုဆိုရင် ရှစ်နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ၎င်းဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းဟာဆိုရင် ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံး ဂျီဟတ်စစ်သွေးကြွအုပ်စုဖြစ်ပြီး ရာထောင်ချီတဲ့ တိုက်ခိုက်ရေးသမားတွေကို ညွှန်ကြားမှုတွေလုပ်ဆောင်နေပါတယ်။

အရှိန်အဝါကျဆင်း

ဒီလိုတွေလုပ်ဆောင်နိုင်အောင်လည်း အဖွဲ့ဟာ ငွေကြေးရင်းမြစ်တစ်ခုရှိနေတယ်လို့ ယူဆရပါတယ်။ သို့သော်လည်း ခေါင်းဆောင်ဖြစ်တဲ့ အိုစမာဘင်လာဒင် သေဆုံးသွားတာက တစ်ကြောင်း၊ အိုင်အက်စ်လို့ခေါ်တဲ့ အစ္စလာမ္မစ် အစွန်းရောက်စစ်သွေးကြွအဖွဲ့ပေါ်ထွက်လာတာက တစ်ကြောင်းရယ်ကြောင့် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ရဲ့ အရှိန်အဝါနဲ့ လွှမ်းမိုးမှုဟာ အတော်လေးကို ကျဆင်းသွားခဲ့ပါတယ်။ ဒီတော့ ယနေ့အခါမှာ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ကြီးဟာ ဘယ်လောက်ထိအောင် လွှမ်းမိုးမှုရှိနေသလဲ။ ပြီးတော့ ကမ္ဘာ့လုံခြုံရေးကို ဘယ်လိုခြိမ်းခြောက်လာသလဲ ဆိုတာကို မှန်းဆကြည့်ကြပါမယ်။

အနောက်နိုင်ငံတွေကိုတိုက်ခိုက်ဖို့အားထုတ်

မကြာသေးခင်နှစ်တွေအတွင်း အိုင်အက်စ်အဖွဲ့က သတင်းစာတွေရဲ့ခေါင်းကြီးပိုင်းတွေမှာ နေရာယူစိုးမိုးလာချိန် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟာ ဒေသတွင်းက အုပ်စုတွေနဲ့အတူ တိတ်တဆိတ်ပြန်လည်ထူထောင်လာပြီး မဟာမိတ်တွေကို ရှာဖွေစုစည်းတဲ့ နည်းဗျူဟာတစ်ရပ်ကို အသုံးချနေခဲ့ပါတယ်။ နောက်ဆုံးထွက်ပေါ်ခဲ့တဲ့ သတင်းဖော်ပြမှုတွေထဲမှာ အမေရိကန်အမျိုးသားထောက်လှမ်းရေးအဖွဲ့က အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ အကြီးတန်းခေါင်းဆောင်တွေဟာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ညွှန်ကြားမှုဖွဲ့စည်းပုံကွန်ရက်ကို ခိုင်မာအောင်အားဖြည့်နေသလို အနောက်နိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုတို့ကို တိုက်ခိုက်မှုတွေ လုပ်ဆောင်ဖို့ ဆက်လက်တွန်းအားပေးနေခဲ့ပါတယ်။

နိုင်ငံတကာအထိထိုးဖောက်ဖို့ ရည်ရွယ်ထား

ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်နဲ့ပတ်သက်ပြီး ကုလသမဂ္ဂက ယခုနှစ်အစောပိုင်းမှာဖော်ပြခဲ့တဲ့ အစီရင်ခံစာထဲမှာ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟာ ပိုပြီးရည်မှန်းချက်ကြီးမားတဲ့ အသွင်နဲ့ပေါ်ထွက်လာတယ်၊ နောက်ကောက်ကျနေတဲ့ အနေအထားကနေ တစ်ဟုန်ထိုးပြန်ထူထောင်လာပြီး ဒေသအများအပြားမှာ ထကြွလှုပ်ရှားလာသလို နိုင်ငံတကာအထိ ထိုးဖောက်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို စွဲကိုင်ထိန်းသိမ်းထားတဲ့ ပုံစံမျိုးဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ယခုနှစ်ဖေဖော်ဝါရီလတုန်းက ဗြိတိန်ထောက်လှမ်းရေး အကြီးအကဲ အလက်စ်ယန်က အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ ပြန်လည်ပေါ်ပေါက်လာမှုနဲ့ပတ်သက်ပြီး သတိပေးခဲ့ပါတယ်။

နည်းဗျူဟာသစ်တွေမွေးဖွားလာ

အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ ကြမ်းတမ်းတဲ့ဒရုန်းစစ်ဆင်ရေး၊ အဖွဲ့ခေါင်းဆောင် ဘင်လာဒင်သေဆုံးမှုနဲ့ အစ္စလာမ္မစ် အစွန်းရောက်စစ်သွေးကြွအဖွဲ့ရဲ့စိန်ခေါ်မှုတွေက အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ကို နည်းဗျူဟာအသစ်တွေ မွေးဖွားစေဖို့ ဖြစ်လာစေခဲ့ပါတယ်။ အယ်လ်ခိုင်ဒါအဖွဲ့ဟာ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသနဲ့ တောင်အာရှဒေသတွေမှာ အဖွဲ့ခွဲ ကွန်ရက်တွေကိုလည်း အောင်အောင်မြင်မြင် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ဒီအဖွဲ့တွေဟာဆိုရင် ဒေသဆိုင်ရာအဖွဲ့အစည်းတွေထဲမှာ ဇာတ်မြှုပ်ခိုအောင်းနေကြပြီး အယ်လ်ခိုင်ဒါစစ်သွေးကြွ အဖွဲ့ခေါင်းဆောင်ကို သစ္စာခံဖို့ ကျမ်းကျိန်ထားကြသူတွေဖြစ်ပါတယ်။

လူထုနဲ့ကင်းကွာမှုမရှိ

အိုင်အက်စ်အဖွဲ့နဲ့မတူတဲ့အချက်ကတော့ အယ်လ်ခိုင်ဒါအဖွဲ့ဟာ ဒေသဆိုင်ရာလူထုအဖွဲ့အစည်းတွေနဲ့ကင်းကွာစေမှုမရှိအောင် အထူးသတိထားတယ်ဆိုတာပါပဲ။ အဖွဲ့ရဲ့ နည်းဗျူဟာသစ်တွေထဲကတစ်ခုကတော့ ဒေသဆိုင်ရာ မဟာမိတ်တွေထူထောင်ဖွဲ့စည်းပြီး လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေမှာ စေ့စပ်ညှိနှိုင်းပါဝင်မှုတွေ လုပ်ဆောင်တာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ်မှာ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟာ ၎င်းရဲ့အဖွဲ့အစည်းအတွင်းမှာ သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မိတ်ဆက်တဲ့ ဂျီဟတ်စစ်သွေးကြွများအတွက် အထွေထွေလမ်းညွှန်ချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။

ပစ်မှတ်ကိုလမ်းညွှန်ပေး

အဲဒီထုတ်ပြန်ချက်ထဲမှာပါရှိတဲ့ တခြားသောအကြောင်းအရာများအနက် ပိုပြီးထိန်းချုပ်မှုရှိတဲ့ လူထုအခြေပြုချဉ်းကပ်မှုကို အလေးပေးဖော်ပြထားပြီး လူအစုလိုက်အပြုံလိုက်အုံကြွမှု၊ တော်လှန်မှုဖြစ်လာစေမယ့် အပြုအမူမျိုးတွေကို ရှောင်ရှားဖို့ တိုက်ခိုက်ရေးသမားတွေကို ညွှန်ကြားထားတာကိုတွေ့ရပါတယ်။ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟာ ဒေသဆိုင်ရာပြည်သူလူထုက အထူး စိုးရိမ်တဲ့အရာ ဥပမာအကျင့်ပျက်ခြစားမှု သို့မဟုတ် ပမာမခန့်ပြုလုပ်မှုတွေမှာ ပစ်မှတ်ကိုလမ်းညွှန်ပေးတဲ့ အတတ်ပညာရပ်ကို ကောင်းစွာတတ်မြောက်ပြီး ကမ္ဘာလုံးဆိုင်ရာ ဂျီဟတ်အဖွဲ့ရဲ့ အစီအစဉ်တွေထဲကို အဖွဲ့သားတွေကိုအလိုက်သင့် သွတ်သွင်းလိုက်နိုင်သူတွေဖြစ်တယ်လို့ အောက်စဖို့ဒ်ရှိ Pembroke ကောလိပ်မှ ဒေါက်တာအယ်လီဆာဘက်ကန်ဒေါလ်က ပြောကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟာ အဖွဲ့ခွဲတွေနဲ့ ဆက်စပ်အဖွဲ့အစည်းအမျိုးမျိုးကနေတစ်ဆင့် တိုက်ခိုက်မှုတွေကို တိုးပြီးလုပ်ဆောင်လာနေပါတယ်။ ၂၀၁၈ ခုနှစ်မှာတုန်းကဆိုရင် ကမ္ဘာတစ်ဝန်းမှာ တိုက်ခိုက်မှုပေါင်း ၃၁၆ခုကိုလုပ်ဆောင်ခဲ့တယ်လို့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုတည်နေရာနဲ့ ဒေတာပရောဂျက်အဖွဲ့က စုစည်းထားတဲ့ အချက်အလက်တွေအရသိရပါတယ်။

အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ ခြင်္သေ့တစ်ကောင်ဘယ်မှာလဲ

အယ်လ်ခိုင်ဒါအဖွဲ့ကို လက်ရှိဦးဆောင်နေတဲ့ခေါင်းဆောင် အီမန်အယ်လ် ဇာဝါဟီရီက ၂၀၁၅ ခုနှစ်မှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ လူငယ်တစ်ဦးကို မိတ်ဆက်ပေးလိုက်ပြီး ဘင်လာဒင်ရဲ့အကြမ်းဖက်ကွန်ရက်မှ ခြင်္သေ့တစ်ကောင်အဖြစ် တင်စားဖော်ပြခဲ့ပါတယ်။ အဲဒီလူငယ်ကတော့ သေဆုံးသွားပြီဖြစ်တဲ့ အိုစမာဘင်လာဒင်ရဲ့သားဖြစ်သူ ဟမ်ဇာဘင်လာဒင်ဖြစ်ပြီး အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ အနာဂတ်ခေါင်းဆောင်လို့ ကျယ်ကျယ်ပြန့်ပြန့် သိထားကြတဲ့သူ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက ဟမ်ဇာပုန်းအောင်းတဲ့နေရာ သတင်းပေးနိုင်သူကို အမေရိကန်ဒေါ်လာတစ်သန်း ဆုကြေးပေးဖို့ ကမ်းလှမ်းထားပါတယ်။

ဖခင်အတွက် လက်တုံ့ပြန်တိုက်ခိုက်မည်

အသက် ၃၀ ရှိပြီဖြစ်တဲ့ ဟမ်ဇာကို အယ်လ်ခိုင်ဒါအဖွဲ့ထောက်ခံတဲ့ ဝက်ဘ်ဆိုက်တွေမှာ ထွန်းတောက်နေတဲ့ ကြယ်တစ်ပွင့်အဖြစ် တင်စားထားသလို ဂျီဟတ်စစ်သွေးကြွအဖွဲ့ရဲ့ နောက်မျိုးဆက်ကို ရှင်သန်ပေါက်ဖွားစေမယ့်သူ တစ်ဦးအဖြစ် မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ မကြာသေးခင် နှစ်တွေအတွင်း ဟမ်ဇာဟာ ၎င်းရဲ့ဖခင်သေဆုံးမှုအတွက် လက်တုံ့ပြန်တဲ့အနေနဲ့ ၎င်းရဲ့နောက်လိုက်တပည့်သားတွေကို အမေရိကန်နဲ့ ၎င်းရဲ့အနောက်မဟာမိတ်နိုင်ငံတွေကို တိုက်ခိုက်ကြဖို့ တိုက်တွန်းတဲ့ ရုပ်သံဖိုင်တွေ၊ အသံဖိုင်မက်ဆေ့ချ်တွေကို ထုတ်လွှင့်ခဲ့ပါတယ်။

မဟာဗျူဟာ ကြွယ်ဝလာစေ

အိုင်အက်စ်အဖွဲ့ရဲ့ကျဆုံးမှုဟာ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ကွန်ရက်တွေကို တွေးခေါ်မြော်မြင်မှုရှိလာစေတဲ့ အပြင် ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး မဟာဗျူဟာကျကျ ပိုမိုဆောင်ရွက်တတ်လာအောင် လမ်းပြပေးနေသလိုမျိုး ဖြစ်စေခဲ့တယ်။ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့ဟာ မဟာဗျူဟာကြွယ်ဝတဲ့ခေါင်းဆောင်တစ်ဦးကို ပိုင်ဆိုင်ထားတဲ့ အခြေအနေအပေါ်မှာ ပိုပြီးမှီခိုအားထားပြုလာနေတယ်။ ဒီအခြေအနေက ပါကစ္စတန်မှာ နှိမ်နင်းခံရပြီး သေဆုံးသွားတဲ့ အိုစမာဘင်လာဒင်ရဲ့သားဖြစ်သူ ဟမ်ဇာဘင်လာဒင်ကို အယ်လ်ခိုင်ဒါအဖွဲ့ရဲ့ ခေါင်းဆောင်အနေနဲ့ ၎င်းရဲ့ဖခင်နေရာမှာ ဝင်ရောက်အစားထိုးနေရာယူဖို့ ကြိုးပမ်းတဲ့နေရာမှာ အထောက်အကူရရှိစေခဲ့ပြီဖြစ်တယ်လို့ ဒီအဖွဲ့နဲ့ပတ်သက်ပြီး လေ့လာစောင့်ကြည့်နေသူတွေက သုံးသပ်ပြောကြားခဲ့ပါတယ်။

ကိုးကား - ဘီဘီစီ၊ ဆင်ဟွာ

၂၀၁၁ ခုနှစ်က အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်ကို နှိမ်နင်းပြီးနောက် ပါကစ္စတန်၌ အမေရိကန်ကို ဆန့်ကျင်သည့် ဆန္ဒပြသူများကိုတွေ့ရစဉ်။

နိုင်ငံတကာသတင်းတိုထွာ

အာဖဂန်အရှေ့ပိုင်း ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်၌ စစ်သွေးကြွ ၃၅ ဦးပါဝင်လာ

ဂျလာလာဘတ် မေ ၆

အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့မှ တိုက်ခိုက်ရေးသမားများအပါအဝင် စစ်သွေးကြွ ၃၅ ဦးတို့သည် အာဖဂန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်ရှိ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်၌ ပါဝင်လာကြကြောင်း ပြည်နယ်အစိုးရအဖွဲ့က မေ ၆ ရက်တွင် ပြောကြားခဲ့သည်။ မေ ၅ ရက်က တာလီဘန်အုပ်စုကိုသစ္စာခံသည့် စစ်သွေးကြွ ၂၂ ဦးနှင့် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်နေသည့်အုပ်စုမှ အခြား ၁၃ ဦးတို့သည် စစ်ပွဲကိုစွန့်လွှတ်ကာ ငြိမ်းချမ်းရေးဖြစ်စဉ်၌ပါဝင်လာခဲ့ကြောင်း အစိုးရကထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။

ယခုရက်သတ္တပတ်အစောပိုင်းက အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုနှင့်ဆက်နွှယ်နေသည့် တိုက်ခိုက်ရေးအဖွဲ့ဝင် ၂၀ ကျော်နှင့် တာလီဘန်အုပ်စုမှ အခြားအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ခေါင်းဆောင်များသည် နန်ဂါဟာပြည်နယ် လုံခြုံရေးတပ်ဖွဲ့၏ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးအတွင်း သေဆုံးခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာ

အမေရိကန်၏ စွက်ဖက်မှုကြောင့် ဗင်နီဇွဲလားနိုင်ငံရေး ရှုပ်ထွေးနေရကြောင်း ရုရှားနှင့် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ကရာကတ် မေ ၆

အမေရိကန်ပြည်ထောင်စု၏ ဝင်ရောက်စွက်ဖက်မှုက ဗင်နီဇွဲလားနိုင်ငံကို အရှုပ်အထွေးများဖြစ်စေခဲ့ကြောင်း ရုရှားနှင့် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးတို့က ဝေဖန်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့နှင့် ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး ဂျော့အရီယာဇာတို့သည် မေ ၅ ရက်က မော်စကို၌ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ ဗင်နီဇွဲလားနိုင်ငံ၏ ဖွဲ့စည်းပုံနှင့်ညီညွတ်သော အစိုးရတစ်ရပ်ကို ဖြုတ်ချရန် အမေရိကန်၏ ကြိုးပမ်းမှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်လိုက်ခြင်းပင်ဖြစ်ကြောင်း ဆာဂျီလက်ဗရော့က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ထောက်ခံပေးလျက်ရှိသည်။ ရုရှားနိုင်ငံသည် လက်တင်အမေရိက၌ ၎င်း၏လွှမ်းမိုးမှုကိုချဲ့ထွင်ရာတွင် အရေးကြီးသည့်နိုင်ငံတစ်ခုအနေဖြင့် ဗင်နီဇွဲလားနိုင်ငံကို ရှုမြင်လျက်ရှိသည်။ မတ်လအတွင်းက ရုရှားသည် ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုကို အကူအညီပေးရန် တပ်ဖွဲ့ဝင် ၁၀၀ ခန့် စေလွှတ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

လက်ဆင့်ကမ်းထိန်းသိမ်းရမည့် ပင်းတယမြို့က မနုရိုးရာ စက္ကူထီးလုပ်ငန်း

ဇင်ဦး (မြန်မာ့အလင်း)၊ ဓာတ်ပုံ- သီဟစည်သူ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့လေးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၈၀ အမြင့်တွင် တည်ရှိသည်။ ရွှေဥမင်လိုဏ်ဂူတော်ဘုရား၊ ပုန်းတလုတ်ရေကန်နှင့် သက်တမ်းရင့် ညောင်ပင်ကြီးများဖြင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်သည့်အပြင် ဓနုရိုးရာ စက္ကူထီးလုပ်ငန်းမှာလည်း ထင်ရှားသည်။

စက္ကူထီး၊ ယပ်တောင်၊ စာအုပ်၊ စာအိတ်၊ မီးပုံး၊ မီးအိမ်၊ ခမောက် စသည်တို့ကို မွေးဖွားပေးရာ သာလဲလျှော်ပင်။

ပင်းတယမြို့ပြည်တော်သာရပ်ကွက်တွင်ရှိသည့် အောင်ရိုးရာထီးလုပ်ငန်းမှာ ရွှေဥမင်လိုဏ်ဂူတော်ဘုရား အဆင်းတွင် တည်ရှိပြီး စက္ကူထီးများအပြင် ယပ်တောင်၊ စာအုပ်၊ စာအိတ်၊ မီးပုံး၊ မီးအိမ်၊ ခမောက်နှင့် ကလေးကစားစရာ ထုတ်ကုန်ပစ္စည်းများသည် နိုင်ငံခြားသားများနှင့် ပြည်တွင်းခရီးသွားများ အကြိုက်တွေ့နေသည့် ပစ္စည်းများဖြစ်သည်။

အောင်ရိုးရာလက်မှုလုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းအားလုံးကို အစမှအဆုံးတိုင် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရသည်။ စက္ကူကုန်ကြမ်းအဖြစ် သာလဲလျှော်ကို ခွာပြီး တစ်ညရေစိမ်ကာ ပြာဖြင့်ရှစ်နာရီကြာ ထပ်ပြုတ်ပြီး ရေဆေး၍ ရရှိလာသော ပျော့ဖတ်များကို မိနစ် ၂၀ ကြာ ဘယ်ညာဟန်ချက်ညီညီထုရကြောင်း၊ ထို့နောက် အသင့်အသုံးပြုနိုင်သည့် စက္ကူပျော့ဖတ်များကို ရရှိကြောင်း သိရသည်။ အဆိုပါ စက္ကူပျော့ဖတ်များကို ပုံသွင်းပြီးနောက် ရာသီချိန်ပွင့်သည် ပန်းပွင့်ဖတ်အစစ်များကို အသုံးပြု၍ ပန်းအလှဖော်ကာ နှစ်နာရီကြာ နေလှန်းပြီးပါက အသင့်အသုံးပြုနိုင်သည့် စက္ကူကို ရရှိကြောင်း သိရသည်။

ထီးပြုလုပ်ရာတွင် အသုံးပြုမည့် အစိတ်အပိုင်းများဖြစ်သည့် ထီးခေါင်း၊ ထီးမ၊ ထီးလက်တံ၊ ထီးခရိုင်နှင့် ထီးလက်ကိုင်များကိုလည်း သစ်သား၊ ဝါးများဖြင့် ကိုယ်တိုင်ဖန်တီးကာ ရိုးရာလက်မှုအမွေအဖြစ် ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သာလဲလျှော်ပျော့ဖတ်များကို မိနစ် ၂၀ ကြာ ဟန်ချက်ညီညီ ထုရိုက်နေစဉ်။

ပုံသွင်းထားသော စက္ကူပျော့ဖတ်များပေါ်တွင် ပန်းပွင့်ဖတ်အစစ်များ ထည့်သွင်းကာ စက္ကူပြုလုပ်နေစဉ်။

ပန်းအလှဖော်ပြီးနောက် နှစ်နာရီကြာ စက္ကူများနေလှန်းပေးရစဉ်။

ထီးခရိုင်များ တပ်ဆင်နေစဉ်။

ထီးရိုးပြုလုပ်နေစဉ်။

ထီးရွက်ကို အလှပုံရေးဆွဲနေစဉ်။

အရောင်အသွေးအမျိုးမျိုးဖြင့် အလှဆင်ထားကာ ရောင်းချရန်အသင့်ဖြစ်နေသည့် ထီးများ။

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသီရိဘိဝံသအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၆

နိုင်ငံတော်အစိုးရ၏ "မဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ဆက်ကပ်ခြင်းခံရသော ဘဒ္ဒန္တသီရိဝံသအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က အင်းစိန်မြို့အထက်မင်္ဂလာလမ်း ဖော့ကန်ရပ်ကွက်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်အတွင်း ဆွမ်းစားကျောင်းအပေါ်ထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒသီရိဘိဝံအရှင်သူမြတ်အား ဥပါသကာများက ထီးဖြူမိုး၍ ပူဇော်ပွဲပြုလုပ်မည့် မင်္ဂလာမဏ္ဍပ်သို့ သတ်မှတ်အစီအစဉ် အတိုင်း ပင့်ဆောင်လာရာ မိုးမြန်မာမင်္ဂလာဆိုင်းအဖွဲ့မှ မင်္ဂလာစည်တော်ယွန်း၍ တီးခတ်ပူဇော်ခဲ့သည်။

ထို့နောက် ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပရာ ဖော့ကန်ဝါဠုပရိယတ္တိစာသင်တိုက် ပဓာနနာယဆရာတော်ထံတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ မန္တလေးဆရာတော်က ဂုဏ်ပြုခံဆရာတော်၏ ထေရုပတ္တိဖတ်ကြားခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပစဉ်။

ဉာဏ်လင်း

မကွေးမြို့နယ်၌ နှမ်းဧက ၁၃၅၀၀ ကျော် စိုက်ပျိုးမည်

မကွေး မေ ၆

ယခုနှစ်မိုးရာသီတွင် မကွေးမြို့နယ်အတွင်း သီးနှံစိုက်ဧကများထဲ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသုံးပြု၍ နှမ်းဧက ၁၃၅၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နှမ်းနက်ကို နိုင်ငံတကာဈေးကွက်မှ စိတ်ဝင်စားနေပြီး ဝယ်လိုအား များလည်း မြင့်တက်နေခြင်း၊ သာမန်နှမ်းစိုက်တောင်သူများထက် နှမ်းစိုက်ပျိုးသူ တောင်သူများက အကျိုးအမြတ်ပိုမိုရရှိနေခြင်းတို့ကြောင့် ယမန်နှစ်က ဧက ၅၀၀၀ ခန့်သာ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဧက ၈၅၀၀ ကျော် ပိုမိုစိုက်ပျိုး ထုတ်လုပ် သွားတော့မည်ဖြစ်သည်။

"GAP စနစ်နဲ့စိုက်ပျိုးတဲ့ သီးပင်စားပင်တွေက အစားအစာဘေးကင်းလုံခြုံတယ်။ ဈေးကွက်လည်းဝင်တယ်။ ပုံမှန်စိုက်ပျိုးတဲ့နှမ်းတွေထက် အာမခံချက်လည်း ပိုရှိတဲ့အတွက် တောင်သူတွေက ဒီစနစ်ကို လိုက်ပါစိုက်ပျိုးလာတာပါ။ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးသွားနိုင်ဖို့ ဦးစီးဌာနအနေနဲ့ တခြားမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခိုင်မင်းက ပြောသည်။

ဓာတုပိုးသတ်ဆေးမဖျန်းဘဲ သဘာဝပိုးသတ်ဆေးကိုသာအသုံးပြုခြင်း၊ စတင်စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းသည်အထိ မှတ်တမ်းများထားရှိခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများမှာ ဒေသခံတောင်သူများနှင့် တဖြည်းဖြည်း အကျွမ်းတဝင်ဖြစ်လာနေပြီဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မြို့နယ်၌ ယခုနှစ်မိုးရာသီတွင် နှမ်းဧက၁၈၀၀၀၀ကျော်ခန့်နှင့် မြေပဲဧက ၆၀၀၀၀ မှ ၈၀၀၀၀ အထိ စိုက်ပျိုးသွားရန် လျာထားကြောင်း ၊ ယမန်နှစ်က နှမ်းနက်ကို ကျေးရွာ ၄၈ ရွာတွင်သာ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ကျေးရွာပေါင်း ၅၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

ဇေယျာတု(မကွေး)

မိုင်းယုမြို့နယ်ကျေးလက်တောင်သူများ မိုးမခမျှစ်ခါးရှာဖွေတူးဖော်ရောင်းချလျက်ရှိ

မိုင်းယု မေ ၆

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့တွင် မိုးမခမျှစ်ခါးများကို ပြည်သူများ ကြိုက်နှစ်သက်သောကြောင့် စားသုံးမှုများပြားလာနေသည့်အတွက် မိုးမခမျှစ်ခါး ရှာဖွေတူးဖော်ရောင်းချနေသည့် ကျေးလက်တောင်သူများမှာ မိသားစုအပိုဝင်ငွေရ၍ အဆင်ပြေလျက်ရှိသည်။

ဒေသခံတိုင်းရင်းသားတို့၏ ဒေသအစားအစာများအနက် တစ်နှစ်မှတစ်ခါတည်းသာ စားခွင့်ရသော သဘာဝအလျောက် အလေ့ကျပေါက်ရောက်ပြီး နွောင်းတန်းခူးလတွင် မြေကြီးအတွင်း၌ ကိန်းအောင်းနေကာ မိုးရေမထိတွေ့သေးသည့် မျှစ်ခါးကို စတင်တူးယူကြရပြီး တန်ခူးလနှောင်းပိုင်းနှင့် ကဆုန်လဆန်းကာလအကြား သင်္ကြန်မိုးကျပြီးနောက် မျှစ်ခါးပင်မှာ မိုးရေကိုရရှိ၍ ယင်းပင်စည်မှတစ်ဆင့် မျှစ်အစို့စတင်ထွက်ရှိလာကာ မြေပေါ်သို့ ယင်းမျှစ်အစို့ စတင်ထွက်ပေါ်လာချိန်၌ တူးယူခြင်းသည် အခါးဓာတ်ကင်းမဲ့နေပြီး ချိုမြိန်သော မိုးမခမျှစ်ခါးအရသာကို ရရှိစေကြောင်း၊ ထိုမျှစ်အစို့များ မြေပေါ်အထက်ထိ စတင်ထွက်ပေါ်လာချိန်တွင် မိုးရေထိတွေ့သွားပါက အချိုအဖြစ်မှ အခါးအဖြစ်သို့ သဘာဝအလျောက် ပြောင်းလဲသွားသောကြောင့် "မျှစ်ခါး"ဟု ခေါ်ဝေါ်ရခြင်းဖြစ်ကြောင်း သိရသည်။

သင်္ကြန်မိုးကျပြီးနောက် မြေပေါ်သို့ အစို့စတင်ထွက်ပေါ်လာချိန်၌ပင် ဒေသခံများက အုပ်စုလိုက်သော် လည်းကောင်း၊ တစ်ဦးတည်းသော်လည်းကောင်း မျှစ်ခါးပင်ရှိရာ ဝေးလံသည့် တောတောင်လျှိုမြောင်များသို့ သွားရောက်၍ ယင်းမျှစ်ခါးပင်စည်အခြေရှိ မိုးရေမထိတွေ့သေးသည့် မျှစ်ဦးစို့များကို အပေါ်ယံမြေအနည်းငယ်တူးဖော်ကြည့်ကာ မြင်တွေ့ပါက မြေအနက်တစ်ပေနီးပါးအထိ ဆက်လက်တူးယူမှသာလျှင် ချိုမြိန်သော မိုးမခမျှစ်ခါးကို ရရှိကြောင်း၊ အဆိုပါ မျှစ်ခါးများကို တစ်နေ့သာတူးယူလျှင် မိမိတို့ဆာလာအိတ်ဖြင့် ပြုလုပ်ထားသည့် ဘေးလွယ်အိတ် တစ်လုံးခန့်သာ တူးဖော်ရရှိကြောင်း မျှစ်ခါးရှာဖွေတူးဖော်ရောင်းချသူထံမှ သိရသည်။

ထိုသို့ တူးဖော်ရရှိလာသော မိုးမခမျှစ်ခါးကို မီးဖုတ်၍ ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ၊ တို့စရာ ဟင်းလျာအဖြစ်လည်းကောင်း၊ ကြော်ချက်၍လည်းကောင်း အမျိုးမျိုးချက်ပြုတ်ကာ မြိန်ယှက်သော ဟင်းလျာတစ်ခွက်အဖြစ် စားသုံးခြင်းဖြစ်ကြောင်း၊ ရှားပါးစွာတူးဖော်ရရှိလာသော မိုးမခမျှစ်ခါး ငါးချောင်းမှ ခြောက်ချောင်းပေါင်း တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ မှ ၂၀၀၀အကြား၊ ယင်းသုံးစည်းလျှင် ငွေကျပ် ၅၀၀၀ အထိ ပေးဝယ်ရကြောင်း ဝယ်ယူစားသုံးသူများက ပြောသည်။

ဒေသခံများ မိုးမခမျှစ်ခါးများ ရောင်းချနေကြစဉ်။

ကိုကိုနိုင် (မိုင်းယု)

ပင်းတယမြို့၌ စားသုံးရန်မသင့်သည့် စားသုံးဆီများအား ဖျက်ဆီး

ပင်းတယ မေ ၆- ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ထိုးပုံကျေးရွာအနီး အမှိုက်ပုံကွင်းတွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် စားသုံးဆီများကို ယနေ့နံနက်က ဖျက်ဆီးခဲ့သည်။

ပင်းတယမြို့နယ်မှ ပြည်သူတစ်ဦး၏ အကြောင်းကြားမှုအရ လူနေရပ်ကွက်အတွင်းစားသုံးဆီများကို ကျိုချက်ရာတွင် ဘူးသွပ်ပြီး ရောင်းချနေသည့် ဆီချက်လုပ်ငန်းမှ ဆီနမူနာကို ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်ခဲ့ရာ စားသုံးရန်မသင့်သည့်ဆီများဖြစ်ကြောင်း ရှင်းလင်းပြောကြားပေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးကော်မတီ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၂/၂၀၁၈-၂၀၁၉) ၏ ဆုံးဖြတ်ချက်အတိုင်း အရေးယူ၍ ယင်းဆီချက်လုပ်ငန်းတွင် အသုံးပြုသည့် စားသုံးဆီပီပါအပြာ ၁၇ လုံး၊ ၁၀ ပိဿာ ဝင်ပုံးအဝါ ၆၄ လုံး စုစုပေါင်း ဆီပိဿာချိန် ၂၅၀၀ ကျော်ကို အမှိုက်ပုံကွင်းတွင် စွန့်ပစ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၂၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၅၅/၁၀၁၀ ကျပ်	၁၀၁၀/၁၀၃၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၂၀ ကျပ်	၁၀၂၅/၁၀၅၀ ကျပ်
အောက်တိန်း ၉၂	၈၅၀/၉၁၀ ကျပ်	၉၃၅/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၇၀ ကျပ်	၁၀၁၀/၁၀၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၄ · ၃
ဥရောပ	တစ်ယူရို	ကျပ် ၁၇၀၄ · ၉
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၈ · ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၉၈ · ၁
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၇၆ · ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၅ · ၃
တရုတ်	တစ်ယွမ်	ကျပ် ၂၂၅ · ၂၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၉၅၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၀ · ၁၃
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၇ · ၅၂
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ · ၇၉၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မန္တလေးမြို့မှ ဥရောပဟန် ကျောင်းတိုက်နှစ်ခု

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းတစ်လျှောက်၌ ပျူခေတ်ဦးကာလများတွင် လူနေအဆောက်အအုံများကို အစောဆုံး ဆောက်လုပ်ခဲ့ကြောင်း ယူဆကြသည်။ ထို့ကြောင့် ပျူလူမျိုးများတည်ဆောက်ခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ မြို့ရိုးများကို ယနေ့တိုင် မြင်တွေ့ကြရပြီး သစ်ဝါးများဖြင့် ဆောက်လုပ်ခဲ့ဟန်ရှိသည့် အဆောက်အအုံများကိုကား မမြင်တွေ့နိုင်တော့ပါချေ။

ပုဂံခေတ်တွင် ဘာသာရေးအဆောက်အအုံများကို ကျောက်၊ အုတ်များဖြင့် တည်ဆောက်ခဲ့ကြ၍ နန်းတော်နှင့် လူနေအိမ်များကို သစ်ဝါးများဖြင့် ဆောက်လုပ်ခဲ့သည်။ ထို့ကြောင့် နှစ်ကာလ ရှည်ကြာလာချိန်တွင် ကျောက်၊ အုတ် အဆောက်အအုံများသာ ကျန်ရှိခဲ့ပြီး သစ်ဝါး အဆောက်အအုံများကား မရှိတော့ပါချေ။

သို့သော် ရတနာပုံခေတ်က တည်ဆောက်ခဲ့သည့် သစ်သားနှင့်အုတ် အဆောက်အုံအချို့ကို ယနေ့တိုင် ထိန်းသိမ်းထားနိုင်ခဲ့သဖြင့် မြန်မာမှုလက်ရာများကို မြင်တွေ့နိုင်ကြသည်။ ယင်းတို့အနက် မြန်မာမှု ဗိသုကာလက်ရာနှင့် ဥရောပဟန်များ ပေါင်းစပ်တည်ဆောက်ထားသည့် ဘုန်းကြီးကျောင်း အဆောက်အအုံ နှစ်ခုဖြစ်သည့် သာကဝန်ကျောင်းနှင့် ယောမင်းကြီး အုတ်ကျောင်းကို အစဉ်အဆက် ထိန်းသိမ်းခဲ့သဖြင့် မန္တလေးမြို့၌ ယနေ့တိုင် လေ့လာနိုင်ကြသည်။ သာကဝန်ကျောင်းသည် ကင်းဝန်မင်းကြီး ဦးကောင်း လှူဒါန်းခဲ့သည့် သစ်သားကျောင်းဖြစ်ကာ ယောမင်းကြီးအုတ်ကျောင်းသည် ယောအတွင်းဝန်ဦးဘိုးလှိုင် ဆောက်လုပ်ခဲ့သည့် အုတ်အဆောက်အအုံဖြစ်သည်။

မန္တလေးဧည့်လမ်းညွှန်များအသင်း နာယက ဦးရဲမြတ်ထွန်းနှင့် MTVTH သင်တန်းကျောင်းမှ ဒေါ်စန္ဒာအောင်တို့ စီစဉ်ပေးသည့် Hidden Treasures in Mandalay လေ့လာရေးခရီးကြောင့် မန္တလေးမြို့ရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိခဲ့ရာ သာကဝန်ကျောင်းနှင့် ယောမင်းကြီးကျောင်းတို့ကို လေ့လာခွင့်ရရှိခဲ့သည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းနှင့် ရတနာပုံခေတ်တွင် ဘုန်းတော်ကြီးကျောင်းများကို ဘုရင်များ၊ မှူးမတ်များ၊ သူဌေးများက တည်ဆောက်လှူဒါန်းခဲ့ကြသည်။ သို့သော် စစ်ဘေးစစ်ဒဏ်ကျရောက်ခဲ့ခြင်း၊ ရာသီဉတုဒဏ်ကို ခံခဲ့ရခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်း စသည့် အကြောင်းများစွာကြောင့် ဘုန်းကြီးကျောင်းအချို့သည် ပျက်စီးပျောက်ကွယ်ခဲ့သည်။ ယင်းတို့အနက် မန္တလေးမြို့တွင် ယနေ့တိုင် ထိန်းသိမ်းထားသည့် မြန်မာမှုလက်ရာ ဘုန်းတော်ကြီးကျောင်းများဖြစ်သော သာကဝန်ကျောင်း၊ ယောမင်းကြီး အုတ်ကျောင်း၊ ရွှေနန်းတော်ကျောင်း၊ သင်္ဂဇာကျောင်း၊ ရွှေအင်ပင်ကျောင်း၊ မဟာမင်းထင်ကျောင်း၊ ရမည်းသင်းကျောင်း၊ မိုးကောင်းကျောင်းနှင့် ကြေးမြင်ကျောင်းတို့သည် လူသိများထင်ရှားကြပေသည်။

သာကဝန်ကျောင်း

သာကဝန်ကျောင်းသည် မန္တလေး မဟာအောင်မြေမြို့နယ် ကုက္ကိုစုရပ်ကွက် (၈၆)လမ်းနှင့် (၃၈)လမ်းထောင့်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိသည်။ ကျောင်းတိုက်အတွင်းသို့ အရှေ့အနောက်သွယ်တန်းထားသည့် စောင်းတန်းအတိုင်း ၈၆ လမ်းဘက်မှ ဝင်ရောက်နိုင်သည်။ ကျောင်းတိုက်ဝန်းကျင်တွင် ကျွန်းပင်များ စိုက်ပျိုးထားသဖြင့် လည်းကောင်း၊ တစ်ကျောင်းလုံးကို ကျွန်းသစ်ဖြင့် တည်ဆောက်ထားသဖြင့်လည်းကောင်း သာကဝန်ဟု အမည်တွင်ခဲ့သည်ဟု အစဉ်အဆက် ပြောဆိုခဲ့ကြသည်။

သာကဝန်ကျောင်းသည် ကိုလိုနီခေတ်လက်ရာ ခမ်းနားသော အိမ်ကြီးတစ်လုံးကဲ့သို့ ထင်မှတ်ရကာ တြိဂံပုံ မြင့်မိုရ်ပိတ်များ၊ ကြောင်လိမ်လှေကား၊ လေးထောင့် ကျွန်းသစ်သားတိုင်ကြီးများသည် ပြင်သစ်၊ အင်္ဂလန်စသည့် ဥရောပတိုက်နိုင်ငံများရှိ နန်းတော်များ၏ပုံစံကို ယူထားဟန်ရှိနေပေသည်။ ယခင်က သာကဝန်ကျောင်းကို အကျယ် ၁၀ ပေ ရှိသည့် ကျုံးတစ်ခုဖြင့် ပတ်ထားခဲ့ကာ အတင်အချလုပ်နိုင်သည့် တံတားကိုဖြတ်သန်း၍ ကျောင်းသို့ သွားကြရသည်ဟု ဆိုကြသည်။

မြောက်အရပ်သို့မျက်နှာပြုထားသည့် သာကဝန်ကျောင်း၏ ပန္နက်ပုံစံသည် လေးထောင့်စပ်စပ်ဖြစ်သည်။ ကျောင်း၏ အောက်ထပ်မှ လေးထောင့်ပုံကျွန်းတိုင်များသည် ကျောင်းမျက်နှာစာ အလျားဘက်တွင် ၁၂ တိုင်နှင့် အနံဘက်တွင် ကိုးတိုင်ရှိသည်။ ကျွန်းတိုင် ၁၀၈ တိုင်ဖြင့် တည်ဆောက်ထားသည့် သာကဝန်ကျောင်း၏ အောက်ထပ်တွင် အလျားဘက်၌ တိုင် ၁၀ တိုင်၊ အနံဘက်၌ တိုင်ခုနစ်တိုင်ကို သစ်သားဆန်ခါကွက်များဖြင့် တစ်ဆက်တည်း ကာရံထားသည်။

သာကဝန်ကျောင်း တည်ဆောက်ထားမှု

ကျောင်းတွင်တပ်ဆင်ထားသည့် အုတ်လှေကားများအနက် မြောက်ဘက်လှေကားသည် အကြီးဆုံးနှင့် အကျယ်ဆုံးဖြစ်သည်။ ကျောင်းအမိုးလေးဘက်တွင် မြင့်မိုရ်ပိတ်များ ပြုလုပ်၍ ထောင့်စွန်းရှိ တြိဂံပုံအကွက်များ၌ ဥရောပဟန် သစ်သား လင်းယုန်ငှက်ရုပ်များကို ထည့်သွင်းထားသည်။

ခြေတံရှည်တည်ဆောက်ထားသည့် သာကဝန်ကျောင်း၏ တိုင်လုံးများထိပ်တွင် မြန်မာဟန်ပန်းကနုတ်များ ပုံဖော်ထားကာ တိုင်များကို မြေတွင်စိုက်ထားခဲ့သဖြင့် ဆွေးမြည့်လာခြင်းမှ ကာကွယ်နိုင်ရန် လက်ရှိအချိန်တွင် အပြင်ဆုံးတိုင်များ၏ အောက်ခြေကို အင်္ဂတေဖြင့်ပတ်၍ ထိန်းသိမ်းထားသည်။ အတွင်းပိုင်းတိုင်များကိုမူ မူလအတိုင်း မြေစိုက်တိုင်များအဖြစ် မြင်တွေ့ကြရပေသည်။ သာကဝန်ကျောင်း၏ မူလအမိုးသည် အမိုးခုံးဖြစ်ခဲ့ပြီး မန္တလေးမြို့၌ ၁၉၉၉ ခုနှစ်ကတိုက်ခတ်ခဲ့သော လေပြင်းကြောင့် အမိုးနှင့် ပြာသာဒ်ဆောင် နှစ်ဆောင်ပျက်စီးခဲ့ရာ ကင်းဝန်မင်းကြီး၏မွေးစားသား ဆရာတော် ဦးခမ္မာဘိ၏ ကပ္ပိယ ဦးလှေက ကျပ် ၈၀၀၀၀ အကုန်အကျခံ၍ အသစ်ပြန်လည်မိုးထားကြောင်း သိရှိခဲ့ရသည်။

မြောက်ဘက်လှေကားမှ ကျောင်းပေါ်သို့ တက်လျှင် စင်္ကြံသို့ ဝင်ရန် အပြင်တံခါးမတွင် သံပန်းများတပ်ဆင်ထားရာ ယင်းတို့သည် မူလလက်ရာမဟုတ်ဘဲ ကျောင်းတိုက် လုံခြုံရေးအတွက် နောက်ပိုင်းမှတပ်ဆင်ထားသည့် အရံအတားများသာဖြစ်ကြသည်။

သာကဝန်ကျောင်း၏ ပင်မဆောင်ကို စင်္ကြံလမ်းဖြင့် ပတ်ထားကာ သစ်သားကနုတ်များပုံဖော်ထားသည့် တံခါး ၁၀ ချပ်ကို တွေ့ရှိကြရသည်။ ကျောင်းတိုက် ပင်မအဆောက်အအုံ တစ်ခုလုံးကိုလည်း သစ်သားအပြောက်အမွှမ်းများဖြင့် တန်ဆာဆင်ထားပြီး မျက်နှာကြက်ပန်းများ၊ တိုင်ဖုံးနှင့် တိုင်ထောင့် ပန်းကနုတ်များ၊ အမြှောင်းများဖော်ထားသည့် တိုင်ထောက်များသည် အလွန် လှပထူးခြားနေပေသည်။ တံခါးမင်းတုပ်များတွင် ဝဲယာနှစ်ဘက်လှည့်နိုင်သည့် လက်ကိုင်ဘုလုံးများဖြင့် တံခါးအဖွင့်အပိတ်ကို ထိန်းထားသည်။

မြန်မာမှုနှင့် အနောက်တိုင်း ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသော ယောမင်းကြီး အုတ်ကျောင်း

သာကဝန်ကျောင်း၏ အပေါ်ထပ်ခန်းမဆောင်သည် မြောက်ဘက်ရှိ ဇာပြတင်းများမှဝင်သည့် အလင်းရောင် အနည်းငယ်သာရှိသဖြင့် အလင်းအားနည်းနေသော်လည်း တံခါးမကြီးကိုဖွင့်လိုက်လျှင် လုံလောက်သောအလင်းရောင်ကို ရရှိသည်။ ခန်းမဆောင်ကြီးကို အခန်းငယ်ငါးခန်းဖြင့် ဝန်းရံထားကာ လူတစ်ဦးကောင်းစွာ ဝင်ထွက်နိုင်သော လူတစ်ရပ်ကျော်မြင့်သည့် ထပ်ခိုးတစ်ခုကို ထည့်သွင်းပြုလုပ်ထားသည်။ ထပ်ခိုးသို့တက်ရန် သစ်သားကြောင်လိမ်လှေကား ပြုလုပ်ထားပြီး ထပ်ခိုးအလယ်၌ ရှိသည့် ထုလုံးရှည်ပုံအခန်းသည် ကင်းဝန်မင်းကြီး တရားထိုင်ခဲ့သည့်နေရာဖြစ်ကြောင်း သာကဝန်ကျောင်းမှ ဆရာတော်က ရှင်းပြခဲ့သည်။

ယင်းနေရာသည် အပူဒဏ်ကာကွယ်ရန်နှင့် အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်ချိန်တွင် ပုန်းအောင်းရန် ပြုလုပ်ခဲ့ခြင်းဟုတ်မဟုတ်ကိုမူ မသိရှိနိုင်ခဲ့ချေ။ ဝင်ပေါက်တစ်ပေါက်သာရှိသည့် ယင်းနေရာတွင် ရေဆင်းမြောင်းငယ်များကို ထည့်သွင်းပြုလုပ်ထားသဖြင့် ဘုရားဆောင်ဟုလည်း ယူဆဖွယ်ဖြစ်ခဲ့သည်။

ဥရောပဟန် ကျောင်းကြီးကို ရတနာပုံခေတ် လက်သမားပညာရှင်များနှင့် ပန်းပုပညာရှင်များက တည်ဆောက်ခဲ့ကြကာ ကင်းဝန်မင်းကြီးသည် သာကဝန်ကျောင်းကြီးကို မိမိနေထိုင်ရန် တည်ဆောက်ခဲ့ပြီး လက်ရာကောင်းလွန်းသဖြင့် ဘုန်းတော်ကြီးကျောင်းအဖြစ် လှူဒါန်းခဲ့သည်ဟူသည့် ယူဆမှုများလည်း ရှိခဲ့သည်။ ကင်းဝန်မင်းကြီး ဦးကောင်းသည် သာကဝန်ကျောင်းကို မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် ငွေကျပ် ၅၀၀၀၀ ကျော် ကျခံသုံးစွဲ တည်ဆောက်ခဲ့ပြီး ပထမကျော် ပထမစာတော်ချကျမ်းပြု စလင်းဆရာတော် ဦးပညာသီဟအား ရေစက်ချလှူဒါန်းခဲ့သည်။

ကင်းဝန်မင်းကြီး

ရတနာပုံခေတ်တွင် အလွန်ထင်ရှားခဲ့သည့် ဝန်ကြီးတစ်ပါးဖြစ်သူ ကင်းဝန်မင်းကြီး၏ ငယ်အမည်သည် မောင်ချင်းဖြစ်ပြီး ၁၈၂၂ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် ဖခင်ဦးမှိုနှင့် မိခင်ဒေါ်မယ်စိတို့က မုံရွာစီရင်စု ဇန့်ကျိုတိုက်အဝင် ဆင်ရှင်မြို့နယ် မုံတိုင်ပင်ရွာ(ယခု စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းတိုင်ပင်ရွာ)၌ ဖွားမြင်ခဲ့သည်။ (ထိုစဉ်က မင်းတိုင်ပင်ရွာတွင် အိမ်ခြေခုနစ်လုံးသာရှိခဲ့သည်ဟု ဆိုစမှတ်ပြုခဲ့သည်။) မောင်ချင်းသည် မွေးချင်းညီအစ်ကိုမောင်နှမ ခုနစ်ဦးအနက် ဒုတိယမြောက်ဖြစ်သည်။

မောင်ချင်းသည် အသက် ၁၀ နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့၍ ရဟန်းဝါ ငါးဝါအရောက် ၁၈၄၇ ခုနှစ်တွင် မင်းနေပြည်တော် အမရပူရသို့ ရောက်ရှိခဲ့ပြီး ပုဂံမင်းလက်ထက် ၁၈၄၉ ခုနှစ်တွင် လူဝတ်လဲ၍ မင်းတုန်းမင်းသားထံတွင် ခစားခဲ့သည်။ နန်းတွင်း၌ခစားစဉ် ကဗျာရေးစပ်မှု အလွန်ကောင်းမွန်သဖြင့် မောင်ကောင်းဟု အမည်တွင်ခဲ့သည်။

အသက် ၂၈ နှစ်တွင် ဘဏ္ဍာစာရေး၊ အသက် ၃၀ တွင် ရွှေတိုက်စိုး ဖြစ်လာခဲ့သည့် ဦးကောင်းသည် တိဏ္ဏကပျို့ကို ရေးသားသဖြင့် အမှုတော်ရေးဖြစ်လာခဲ့ပြီးနောက်တွင် လွှတ်တော်စာရေးကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် ကင်းဝန်ဖြစ်ခဲ့ချိန်မှစ၍ ကင်းဝန်မင်းကြီးဟု ထင်ရှားခဲ့သည်။ ၁၈၇၁ ခုနှစ်တွင် ဝန်ကြီးဖြစ်လာခဲ့ကာ ပြင်သစ်၊ အီတလီနှင့် အင်္ဂလန်နိုင်ငံတို့သို့ ချစ်ကြည်ရေးသံအဖွဲ့ကို ဦးဆောင်၍ သွားရောက်ခဲ့ပြီး ခရီးသွားစာမှတ်တမ်းများ ရေးသားခဲ့သည်။

အင်္ဂလန်သို့ ရောက်ရှိခဲ့စဉ် ပို့စ်မောက်မြို့မှခံတပ်များကို မြင်တွေ့ခဲ့ပြီး မြန်မာနိုင်ငံပြန်ရောက်ချိန်တွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ခံတပ်များဆောက်လုပ်ရန် စီစဉ်ခဲ့သည်။ ယင်းတို့အနက် သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သည့် အစေခံ ခံတပ်၊ ဆင်ကျုံးခံတပ်နှင့် သပြေတန်းခံတပ်တို့သည် အထင်ရှား ဆုံးဖြစ်သည်။ ထို့အတူ ဥရောပတိုက်နိုင်ငံများသို့ ရောက်ရှိခဲ့စဉ် မြင်တွေ့ခဲ့ရသည့် ဗိသုကာလက်ရာများကို သာကဝန်ကျောင်း ဆောက်လုပ်ရာတွင် ထည့်သွင်းပုံဖော်ခဲ့သည်။ ကင်းဝန်မင်းကြီးသည် ၁၉၀၈ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

ယောမင်းကြီး အုတ်ကျောင်း

မန္တလေးမြို့ရှိ ဥရောပဟန်လွှမ်းနေသည့် အုတ်အဆောက်အအုံသည် အီတလီ ဗိသုကာလက်ရာဖြင့် တည်ဆောက်ထားသည့် ယောမင်းကြီး အုတ်ကျောင်းဖြစ်ကာ မန္တလေးတောင်၏ အနောက်ဘက် ဥပုသ်တော်ရပ်တွင် တည်ရှိသည်။ ယင်းကျောင်းကို ဣင္ဒကာရာမ ယောမင်းကြီးအုတ်ကျောင်းဟုလည်း ခေါ်ဆိုကာ မန္တလေးမြို့မှအထွက် ဂေါက်ကွင်းနှင့် မျက်နှာချင်းဆိုင် မန္တလေး-မတ္တရာ မော်တော်ကားလမ်း၏ လက်ဝဲဘက်တွင် မြင်တွေ့ရသည်။

ကျောင်းတိုက်ကြီး၏အတွင်းပိုင်း သစ်သားထည်များအားလုံးသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့သဖြင့် ၁၉၉၈ ခုနှစ်တွင် အလှူရှင်များနှင့် နိုင်ငံတော်အစိုးရက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်။

ယောမင်းကြီးအုတ်ကျောင်းကို မင်းတုန်းမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်(ခရစ်နှစ် ၁၈၆၆ နှစ်)က ယောအတွင်းဝန် ဦးဘိုးလှိုင်က ငွေကျပ် ၉၀၀၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့ရာ မင်းတုန်းမင်းက အလှူငွေ ကျပ် ၁၀၀၀၀ ထည့်ဝင်လှူဒါန်းခဲ့သည်။ ယောမင်းကြီးအုတ်ကျောင်းသည် မန္တလေးမြို့ရှိ အခြားသောအုတ်ကျောင်းများနှင့် ပုံစံကွဲပြားကာ အနောက်တိုင်းဗိသုကာဟန်နှင့် မြန်မာဗိသုကာလက်ရာများကို ပေါင်းစပ်တည်ဆောက်ခဲ့သည့် လက်ရာအဖြစ် ထူးခြားခဲ့သည်။ ကျောင်းကြီးကို အိန္ဒိယနိုင်ငံမှပညာရှင်များ ခေါ်ယူ၍ တည်ဆောက်စေခဲ့ကာ အုတ်တိုင်များသည် အိန္ဒိယနိုင်ငံ အာသောကဘုရင်ခေတ်လက်ရာ တိုင်လုံးများ ဖြစ်ကြသည်။ ထို့ကြောင့် ဥရောပဟန်အပြင် အိန္ဒိယအငွေ့အသက်များပါပါရှိနေသည်ဟု ဆိုနိုင်ပေသည်။

အုတ်ကျောင်း၏အမိုးကို အင်ကြင်းသားရက်မနှင့် မြားတန်းများပေါ်၌ အုတ်ချပ်များခင်းကာ တည်ဆောက်ခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းက ကျောင်းပေါ်သို့ကျခဲ့သည့် ဗုံးဒဏ်ကြောင့် အမိုးနှင့် အတွင်းပိုင်း သစ်သားလက်ရာများ၊ အင်္ဂတေကနုတ်ပန်းများ ပျက်စီးခဲ့ကာ ကျောင်းတိုက်၏ ပင်မနံရံလေးဘက်သာ ကျန်ရှိခဲ့သည်။

နှစ်ထပ်အုတ်တိုက်၏ အပေါ်ထပ် နံရံလေးဘက်တွင် ပြတင်းပေါက်နှင့် လေဝင်ပေါက် ၁၁၃ ပေါက်ရှိကာ အမိုးပေါ်မှကျလာသည့်ရေများကို ပိုက်ဖြင့်သွယ်ယူ၍ ကျောင်းတိုက်၏ အရှေ့မြောက်ယွန်းယွန်းတွင် တူးဖော်ထားသည့် ရေကန်အတွင်းသို့ စီးဝင်စေကြောင်း ကျောင်းတိုက်ကိုစောင့်ရှောက်နေသည့် ဆရာတော်က လိုက်လံရှင်းပြခဲ့သည်။

ကျောင်းတွင်ပုံဖော်ထားသည့် အင်္ဂတေပန်းများသည် အရှေ့တိုင်းနှင့် အနောက်တိုင်း အနုပညာနှစ်ရပ်ကို ပေါင်းစပ်ပြုလုပ်ထားသည်။ ဥရောပဟန်ကြောင်လိမ်လှေကား၊ ခုံးဆောင်၊ ဆင်ဝင်၊ အင်္ဂတေနံရံပေါ်မှ မြန်မာကနုတ်ပန်းများ၊ ခြသေ့်ခံတိုင်လုံးများသည် မြင်ရသူများအား ဆွဲဆောင်လျက်ရှိနေသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်

ယောအတွင်းဝန်ဖြစ်လာမည့် မောင်ဘိုးလှိုင်ကို မြန်မာသက္ကရာဇ် ၁၁၉၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်(၁၈၃၀ ပြည့်နှစ် ဧပြီလ ၂ ရက်)တွင် ရေနံချောင်းမြို့စား ယင်းတောဝန်ကြီး သတိုးမင်းလှကျော်ထင်နှင့် ဝန်ကတော် မယ်ငြိမ်းတို့က မြင်းခြံမြို့အပိုင် ရွာပုလဲ၌ ဖွားမြင်ခဲ့သည်။ အသက် ကိုးနှစ်အရွယ်တွင် ကျပို့ရွာဆရာတော်ကျောင်း၌ သာမဏေဝတ်ခဲ့သည်။

အသက် ၁၆ နှစ်အရွယ်တွင် ဖခင်ဖြစ်သူ ယင်းတောဝန်ကြီးအား သာယာဝတီမင်းက အဆုံးစီရင်ခဲ့ပြီးနောက် မိခင်က ကိုရင်ဘိုးလှိုင်ကို လူထွက်စေ၍ မင်းတုန်းမင်းသားထံ အပ်နှံခဲ့သည်။ မင်းတုန်းမင်းသည် မောင်ဘိုးလှိုင်အား သာမဏေ ပြန်ဝတ်စေပြီး ပင်းဆရာတော်ထံ အပ်နှံခဲ့သည်။ ၁၂၁၄ ခုနှစ်တွင် နောင်တော်ပုဂံမင်းကို ပုန်ကန်ခြားနားရန် ရွှေဘိုသို့ထွက်ခဲ့သည့် မင်းတုန်းမင်းသားနှင့်အတူ မောင်ဘိုးလှိုင်သည်လည်း ပဋ္ဌင်းဘဝမှလူထွက်၍ လိုက်ပါသွားခဲ့သည်။ အသက် ၂၃ နှစ်တွင် ယောမြို့ကို စားခဲ့ရာမှ နောင်အချိန်တွင် ယောမင်းကြီး ဟု ထင်ရှားခဲ့သည်။ ယောမြို့စားဘိုးလှိုင်သည် မြန်မာသက္ကရာဇ် ၁၂၁၅ ခုနှစ်တွင် မကွေးဝန်ကြီး၏သမီး ခင်ဖြူနှင့် လက်ဆက်ခဲ့သည်။ ဘုရင့်မင်းမှုထမ်းဘဝတွင် မကြာခဏ ရာထူးမှချခြင်းခံခဲ့ရသည်။

ဦးဘိုးလှိုင်သည် ပါဠိ၊ သက္ကတ ဘာသာများအပြင် အနောက်တိုင်းသိပ္ပံပညာရပ်များကိုပါ နှံ့စပ်စွာ သိကျွမ်းသဖြင့် ဘာသာရေးကျမ်း၊ ဆေးကျမ်း၊ နီတိကျမ်းများကို ရေးသားပြုစုခဲ့ရာ ရာဇဓမ္မသင်္ဂဟကျမ်းနှင့် ဥတုဘောဇနသင်္ဂဟကျမ်းသည် အလွန်ထင်ရှားခဲ့သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင် အလိုအရ ယောမင်းကြီးဦးဘိုးလှိုင်သည် မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ် ဝါဆိုလပြည့်ကျော်တွင် ကွယ်လွန်ခဲ့သည်။ ယောမင်းကြီးရုပ်တုနှင့် အထိမ်းအမှတ်ဗိမာန်ကို အောင်မြေသာစံမြို့နယ် (၂၂)လမ်း၊ လမ်း(၉၀)နှင့် (၉၁)လမ်းကြား၌ တည်ဆောက်ခဲ့သည်။

လက်ရာထူးခြားသော ကျောင်းများ

ကင်းဝန်မင်းကြီးနှင့် ယောအတွင်းဝန်တို့သည် မိမိတို့အလှူတော်ကျောင်းများကို ရတနာပုံခေတ်လက်ရာ မြန်မာ ဘုန်းတော်ကြီးကျောင်းများ၏ ပုံစံဖြစ်သည့် ကျောင်းဦးပြာသာဒ်၊ စနုဆောင်၊ ဇေတဝန်ဆောင်နှင့် ဘောဂဆောင်တို့ဖြင့် မဖွဲ့စည်းဘဲ အနောက်တိုင်းဟန်များဖြင့် တည်ဆောက်ခဲ့ကြကာ မြန်မာမှုများဖြင့်လည်း မွမ်းမံခဲ့ကြသည်။ ထို့ကြောင့် ရတနာပုံခေတ်လက်ရာ ကျောင်းများအနက် ထူးခြားသောကျောင်းများ ဖြစ်ခဲ့ရပေသည်။

မည်သို့ပင်ဆိုစေ လွန်ခဲ့သည့် နှစ် ၁၅၀ ဝန်းကျင်က တစ်ကျောင်းနှင့်တစ်ကျောင်း ၁၃ နှစ်ခြားကာ တည်ဆောက်ခဲ့သည့် ကျောင်းတိုက်နှစ်ခုသည် ဥရောပဟန်လွှမ်းနေသည့် ကျောင်းတိုက်များအဖြစ် ယနေ့ ပြည်တွင်းပြည်ပ ခရီးသွားများအကြား ထင်ရှားလျက်ရှိရာ နောင်နှစ်များကြာရှည်စွာ တည်တံ့နေစေရန် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်နေကြပြီဖြစ်ပေသည်။ ။

ဘားအံမြို့၌ တတိယအကြိမ်မြောက် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း ဖွင့်လှစ်

ဘားအံ မေ ၆

ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်နယ်ဧည့်လမ်းညွှန်အသင်းတို့ ပူးပေါင်း၍ ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်သော ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် (၄၄) သင်တန်းဖွင့်ပွဲကို မေ ၆ ရက်က ဘားအံ မြို့ သီရိဘားအံဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က ကရင်ပြည်နယ်တွင် မြဝတီနယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ခဲ့သည့်အပြင် ပြည်ပခရီးသွားဧည့်သည် ဝင်ထွက်ခွင့်ပြုသည့်နောက်ပိုင်း ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်ကို တွေ့ရကြောင်း၊ ခရီးသွားဧည့်သည် ဝင်ရောက်မှုများမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုလို သင်တန်းများ ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်ကြောင်း ပြောကြားသည်။

ဘားအံမြို့၌ ဧည့်လမ်းညွှန်အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

အဆိုပါသင်တန်းမှာ ဘားအံမြို့တွင် တတိယအကြိမ်မြောက်ဖြစ်ပြီး (၂) ကြိမ်မြောက်အထိ သင်တန်းသား သင်တန်းသူ ၁၂၄ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ယခုသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀၄ ဦး တက်ရောက်သင်ကြားကာ သင်တန်းကာလမှာ မေ ၆ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ဟိုတယ် ၃၃ လုံး၊ အခန်းပေါင်း ၁၁၇၀ လိုင်စင်ရယူ၍ လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)

လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ မိတ်ဆက်ရှင်းလင်း

မြင်းခြံ မေ ၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်မျှဝေမိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့က Kanaung Institute မှ ဦးဆောင်ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသားဒီမိုကရေစီ ဥက္ကဋ္ဌ ဦးကိုကိုမောင်က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုးက ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်က ဒေသန္တရစီမံကိန်း၊ အရသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့က လွှတ်တော်ကိုယ်စားလှယ်လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Kanaung Institute အမှုဆောင်ဒါရိုက်တာ ဦးသန်းမြတ်စိုးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ စီမံကိန်းထောက်ပံ့မှု ဒါရိုက်တာ ဦးဇော်ဝင်းအောင်က လွှတ်တော်သတင်းအချက်အလက်များ ရယူကြည့်ရှုနိုင်သည့်အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များကို မေးမြန်းရာ မြင်းခြံခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဇော်မင်းနိုင် (မြင်းခြံ)

မြင်းခြံမြို့၌ လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပစဉ်။

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တိရစ္ဆာန်အာဟာရဗေဒသင်တန်းဖွင့်

ရေတာရှည် မေ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးလက်ဒေသနေတောင်သူများ မွေးမြူရေးအသိပညာတိုးတက်စေရန် ရည်ရွယ်၍ တိရစ္ဆာန်အာဟာရဗေဒသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်က ကြံသန္တယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ငူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ နေစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ကျေးလက်ဒေသနေတောင်သူများသည် လယ်ယာစိုက်ပျိုးခြင်းအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်သည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ မွေးမြူရေးလုပ်ကိုင်ရာတွင် မိရိုးဖလာနည်းစနစ်များအတိုင်း ဆောင်ရွက်ကြသည့်အခါ အကျိုးအမြတ်နည်းပါးမည်ဖြစ်၍ ဥပမာအားဖြင့် ဝက်မွေးမြူသည့်အခါ မျိုးကောင်းမျိုးသန့်များကို မွေးမြူခြင်း၊ နိုင်ငံခြားမှ တင်သွင်းသော အစာများကို ဝယ်ယူကျွေးမည့်အစား မိမိတို့ကိုယ်တိုင် အာဟာရပြည့်ဝသည့် အစာများကို ကျွေးနိုင်မည်ဆိုပါက ကုန်ကျစရိတ်သက်သာမည့်အပြင် အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူခြင်းသည် ပထမ၊ အစာသည် ဒုတိယအနေဖြင့် အာဟာရပြည့်ဝသော အစာဖြစ်ကြောင်း၊ သင်တန်းမှ ရရှိလိုက်သည့် အသိပညာများကို အချင်းချင်း ပြန်လည်မျှဝေပေးကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းသို့ စိုင်တမော့ကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသားများ တက်ရောက်ကြပြီး မေ ၁၁ ရက်အထိ ၆ ရက်ကြာမြင့်မည်ဖြစ်သည်။

သန်းလွင်

သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

၁။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

❖ ဂနာမငြိမ်ခြင်း
❖ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း
❖ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း
❖ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍ စိုစွတ်ခြင်း
❖ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

၂။ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

❋ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း
❋ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း
❋ ကယောင်ကတမ်းဖြစ်ခြင်း
❋ သတိလစ်ခြင်း၊ တက်ခြင်း

အရေးပေါ်ရှေးဦးပြုစုခြင်း

❇ လူနာကို အရိပ်ရပြီး အေးမြသောနေရာသို့ ရွှေ့ထားပါ။
❇ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါက ယပ်ခတ်ပေးပါ။
❇ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
❇ လူနာ၏ အဝတ်အစားများကို ချွတ်ပါ။
❇ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ။
❇ လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ချောင်းဆုံအနောက် မြို့မဈေး အမှတ် (၁) ဈေးအား အဆောက်အအုံအသစ် ပြန်လည်တည်ဆောက်မည်

ချောင်းဆုံ မေ ၆

မွန်ပြည်နယ် ချောင်းဆုံမြို့ရှိ အိုမင်းဟောင်းနွမ်းနေသည့် မြို့မ အမှတ် (၁) ဈေးကို မြို့အင်္ဂါရပ်နှင့်အညီ အဆောက်အအုံအသစ် ပြန်လည်ဆောက်လုပ်ခြင်းအား မြို့နယ်စည်ပင်သာယာရေးဘတ်ဂျက်ဖြင့် တင်ဒါအောင် ဇေ့ဗျူအောင်ကုမ္ပဏီမှ မေလအတွင်း ဈေးဆိုင်ခန်းအဆောက်အအုံအသစ် ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။

"ဈေးအဆောက်အအုံကို အရင်က ကွန်ကရစ်ခင်း၊ သစ်တိုင်၊ သွပ်မိုးဖြစ်ပြီး နှစ်ပေါင်း ၆၀ ကျော် အသုံးပြုခဲ့ပြီးဆိုတော့ အခုဆိုရင် မိုးဒဏ်၊ လေဒဏ်ခံနိုင်ရည်အားမရှိရင် မိုးတွင်းကာလတွေမှာ ဈေးရောင်းချသူနဲ့ ဈေးဝယ်အသုံးပြုသူတွေအတွက်က မထင်မှတ်တဲ့ ဘေးအန္တရာယ်တွေ ကျရောက်လာနိုင်ပါတယ်။ အဲဒါကြောင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က တင်ဒါခေါ်ယူပြီး အသစ်ပြန်လည်တည်ဆောက်ဖို့ လုပ်နေတာဖြစ်တယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအုန်းသန့်ထံမှ သိရသည်။

ချောင်းဆုံအနောက်မြို့မဈေးတွင် ဆိုင်ခန်းပေါင်း ၄၉ ခန်းရှိကာ ဆိုင်ခန်းရှင်များအား ခေတ္တနေရာရွှေ့ထားပြီး မေ ၆ ရက်က အဆိုပါအဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်ရန် အရင်မူလဈေးအဆောက်အအုံကို ဖြိုချနေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်အင်ဂျင်နီယာ ဦးဝင်းကိုဦးက ပြောသည်။

အဆိုပါဈေးဆိုင်ခန်းများကို တင်ဒါအောင်သည့် ဇေ့ဗျူအောင်ကုမ္ပဏီက ဘတ်ဂျက်ငွေကျပ် ၅၈၂ သိန်းဖြင့် တာဝန်ယူတည်ဆောက်မည်ဖြစ်ကာ အကျယ် ပေ ၁၂၀၊ အမြင့် ၃၅ ပေရှိ သံထည်ဟောတိုက် တစ်ထပ်ခန်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မိုးနဲမြို့၌ လျှပ်စစ်ဝန်အားလျှော့ချမည့်အချိန် ကြေညာ

မိုးနဲ မေ ၆

နွေရာသီကာလ ရာသီဥတုအပူချိန်လွန်ကဲမှုကြောင့် ရေအားလျှပ်စစ်ထုတ်ယူနေသော ဆည်တမံများမှ ရေများလျော့နည်းလာသဖြင့် လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်သည့် ပမာဏကျဆင်းလာမှုကြောင့် နိုင်ငံအတွင်း ဓာတ်အားပေးစနစ်အားလုံး အလှည့်ကျ ဝန်အားလျှော့၍ ဓာတ်အားများ အလှည့်ကျသုံးစွဲနေရသည်။

မိုးနဲမြို့နယ်အတွင်း ဝန်အားလျှော့ချမည့်အချိန်ကို မေ ၃ ရက်မှစတင်ကာ နံနက် ၁ နာရီမှ နံနက် ၅ နာရီအထိလည်းကောင်း၊ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိလည်းကောင်း၊ ည ၇ နာရီမှ ည ၁၀ နာရီအထိလည်းကောင်း နေ့စဉ် သုံးကြိမ်ဝန်အားလျှော့ချသွားမည်ဖြစ်ကြောင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မှူးနှင့် ဝန်ထမ်းများက မြို့အနှံ့လှည့်လည် ကြေညာပေးခဲ့ကြောင်း လျှပ်စစ်ရုံးမှ သိရသည်။

မျိုးညွှန့်ရွှေ (မိုးနဲ)



(၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

တောင်ကြီး မေ ၆

ရှမ်းပြည်နယ်တောင်ပိုင်း ပြည်နယ်မီးသတ်ဦးစီးမှူးရုံး တောင်ကြီးခရိုင် မီးသတ်စခန်းမှ ကျင်းပသော (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့က တောင်ကြီး-ဟိုပုံး လမ်းမကြီးဘေး၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ရေးပြတပ်ခွဲများက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များကို မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခဲ့ကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့တို့က ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြသရာတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့သုံး ကြိုးကူး၊ ကြိုးဆင်း၊ ကြိုးတက် နည်းစနစ်များ လက်တွေ့သရုပ်ပြသခြင်း၊ အလိုအလျောက်မီးထောက်လှမ်းမှု(အာရုံခံစနစ်)နှင့် မီးလန့်အချက်ပေးကိရိယာများ လုပ်ဆောင်မှုနှင့် မီးသတ်ဆေးဘူးအသုံးပြုလက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ လျှပ်စစ်ရှော့ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ စီမံခန့်ခွဲမှုသရုပ်ပြသခြင်း၊အထပ်မြင့်အဆောက်အအုံ မီးလောင်မှုကို ငြိမ်းသတ်ခြင်းနှင့် ပိတ်မိနေသူများအား နည်းပညာအထောက်အကူပြု ကယ်ဆယ်သရုပ်ပြသခြင်း၊ မီးသတ်ရေပက်ပိုက်ဖြင့် Water Curtain/Wateer Fun သရုပ်ပြကွက်ပြသခြင်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့က ကြည့်ရှုကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

ရှမ်းပြည်နယ်၌ ပြည်နယ်အဆင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပနေစဉ်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဓမ္မာရုံသစ်နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ဘားအံမြို့၌ ပြုလုပ်သော (၇၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

ဘားအံ မေ ၆

(၇၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော မီးသတ်တပ်ဖွဲ့ဝင်များအား အလေးပြုပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က (၇၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေးတာဝန်သာမက ယနေ့ခေတ်၏ လိုအပ်ချက်အရ ပြည်သူလူထုအပေါ် ကျရောက်မည့် သဘာဝဘေးနှင့် အခြားသောအန္တရာယ်များမှ ရှာဖွေကယ်ဆယ်ဆောင်ရွက်နိုင်ရန်အတွက် သင်ကြားတတ်မြောက်အစဉ် လေ့ကျင့်နေလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်စွမ်းရည် သရုပ်ပြသခြင်းတွင် အထပ်မြင့်တိုက်များ မီးလောင်ရာတွင်ကြိုးကူးနည်းစနစ်များ၊ မီးငြိမ်းသတ်ရေး စွမ်းရည်အမျိုးမျိုး သရုပ်ပြသခြင်း၊ မီးသတ်ယာဉ်စက်များ၏ စွမ်းရည်သရုပ်ပြသခြင်းများဆောင်ရွက်ပြသခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်း ထူးချွန်မီးသတ်တပ်ဖွဲ့ဝင်များအား ထူးချွန်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က စခန်းသန့်ရှင်းသာယာလှပရေးဆု၊ ယာဉ်မောင်းသင်တန်းဆု၊ အင်္ဂလိပ်စာသင်တန်းဆု၊ မီးသတ်ပညာနည်းပြ (အခြားအဆင့်) သင်တန်းဆု၊ ပြည်နယ်အတွင်းအကြိုအခြေခံသင်တန်းအများဆုံးဖွင့်လှစ်နိုင်မှုဆု၊ မီးငြိမ်းသတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် တပ်ဖွဲ့ဝင်ဆုများကို ချီးမြှင့်ပေးခဲ့ပြီး မီးသတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

နေမျိုးလွင်(မြန်/ဆက်)

မယ်စဲ့မြို့ မြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံသစ်နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

မယ်စဲ့ မေ ၆

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော မယ်စဲ့မြို့မြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံသစ်နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ ဓမ္မာရုံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ပြည်နယ် အတွင်းရေးမှူးဦးညီညီမင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မြို့မဘုန်းတော်ကြီးကျောင်းဓမ္မာရုံသစ်နှင့် ကွန်ကရစ်လမ်းသစ်ကို ဖားဆောင်းမြို့နယ်သံဃမဟာနာယကဉက္ကဋ္ဌ ဆရာတော်ဂန္ဓဝါစကဘဒ္ဒန္တဝိဇယ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဓမ္မာရုံကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်နယ်ရန်ပုံငွေကျပ်သန်း၉၉ ဒသမ ၈၀ဖြင့်လည်းကောင်း၊ ဓမ္မာရုံအတွင်းလိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှု၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုဖြင့်လည်းကောင်း၊ ဆက်လက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၈၀ ဒသမ ၀၀ သန်းဖြင့် ဓမ္မာရုံကွန်ကရစ်လမ်း အရှည်ပေ ၁၀၀၀၊ ကျောက်စီမြေထိန်းနံရံပေ ၄၅၀နှင့် အေပရွန်ရေနုတ်မြောင်း ပေ ၃၅၀ တို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝတ်ရည်(မြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ထူးချွန်မီးသတ်တပ်ဖွဲ့ဝင်များအား ထူးချွန်ဆု ချီးမြှင့်ပေးနေစဉ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသအဆင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

နမ့်ဆန် မေ ၆

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန် မြို့နယ်၌ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်မြောက်ပိုင်း တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်လွင်နှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် တွေ့ဆုံပွဲကို ယမန်နေ့က ဒေသဦးစီးအဖွဲ့ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်မြောက်ပိုင်း တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် လက်ဖက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်ဖက်တောင်သူများ အတိုးနည်းချေးငွေရရှိရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် မြို့မိမြို့ဖများက မြို့ရှောင်လမ်းဖောက်လုပ်ပေးရန်၊ မြို့မအားကစားကွင်းလက်ထက် အကောင်အထည်ဖော်ရေးကိစ္စ၊ ဆင်းရဲမှုလျှော့ချရေး လူသားအရင်းအမြစ်ဘော်ဒါဆောင်နေ ကျောင်းသားကျောင်းသူများ၏ လိုအပ်ချက်များထောက်ပံ့ကူညီပေးရန်အတွက်လည်းကောင်း၊ ဗဟိုတအောင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီရုံးတွင် ထောက်ပံ့ကူညီပေးရန်ကိစ္စများနှင့် မြေပြိုမှုကြောင့် ပျက်စီးသွားသည့် ၈ ယန်းကြီးကျောင်းတိုက်မြေထိန်းနံရံ ပြုပြင်တည်ဆောက်ရန်ကိစ္စများ တင်ပြဆွေးနွေးရာ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်မြောက်ပိုင်းတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌက ကူညီဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အောင်မိုး (မြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုင်းကြီးကျွန်းမြို့ ဒေသခံများ တွေ့ဆုံ

ဟိုင်းကြီးကျွန်း မေ ၆

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောသည် ယမန်နေ့က ဟိုင်းကြီးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေး၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနှံ့ တွေ့ဆုံပွဲများ ပြုလုပ်နေကြသည်ကို မီဒီယာများကတစ်ဆင့် တွေ့မြင်နိုင်ကြောင်း၊ ဆွေးနွေးပွဲတိုင်းသည် ဒေသတစ်ခုအတွက် တန်ဖိုးကြီးမားကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖ ငါးဦးတို့အား ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ကြိုတင်ဖိတ်ကြားထားပြီး မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးမှူးများက ဦးဆောင်ကာ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ဝန်ကြီးက ဆွေးနွေးပြောကြားသည်။

ဟိုင်းကြီးကျွန်းမြို့သို့ မိမိတို့ဒေသ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိလာသည့်အချိန်များကို သိရှိလိုကြောင်း၊ အမှတ်(၁)ရပ်ကွက်နေသူတစ်ဦးက ဆွေးနွေးတင်ပြခဲ့ပြီး ကျောက်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဒေသလိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြား ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာအထူးပြပွဲကို လေ့လာကြဖို့ဖိတ်ခေါ်ပါသည်

အေးအေးသင်း(အမျိုးသားပြတိုက်၊ နေပြည်တော်)

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာအထူးပြပွဲသို့ လာရောက်လေ့လာကြသည့် ပြည်သူများ။

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲကို အများပြည်သူလေ့လာနိုင်ရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ အဆောင် (C)၊ အခန်း C2 တွင် ၂၀၁၉ ခုနှစ်မေ ၂ ရက်မှ ၁၉ ရက်အထိ အခမဲ့ပြသပေးလျက်ရှိပါသည်။

ရိုးရာပန်းဆယ်မျိုး ဂုဏ်ယူတတ်ရန်

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာအထူးပြပွဲကို မိမိတို့၏ ရှေးဘိုးဘွားအစဉ်အဆက် အသုံးပြုခဲ့ကြသည့် ရှားပါး၍လက်ရာမြောက်လှသော ရွှေထည်လက်ဝတ်ရတနာများကို အများပြည်သူ လေ့လာကြည့်ရှုနိုင်ကြစေရန်နှင့် မြန်မာတို့၏ ရိုးရာလက်မှုပညာပန်းဆယ်မျိုးတွင် ပါဝင်သော ပန်းထိမ်ပညာရပ်အဆင့်အတန်းကို သိရှိပြီး ဂုဏ်ယူတတ်ကြစေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ပါသည်။

လူတို့သည် လက်ဝတ်ရတနာများကို အဝတ်အထည်များတွင် အသုံးပြုရန်၊ ဆံပင်ဆင်ယင် ထုံးဖွဲ့ရာ၌ အသုံးပြုရန်တို့အတွက် ပြုလုပ်ခဲ့ကြသည့်အပြင် အဆောင်အနေဖြင့်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ အဆင့်အတန်းများကို ပြသရန်အတွက်လည်းကောင်း၊ အဆင်တန်ဆာများအဖြစ်လည်းကောင်း ပြုလုပ်သုံးစွဲခဲ့ကြသည်။

ယခုပြသသည့် ရှေးဟောင်းမြန်မာ့လက်ဝတ်

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာအထူးပြပွဲ၌ ပြသထားသည့် ရွှေထည်ပစ္စည်းအချို့။

ရတနာအထူးပြပွဲတွင် ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများကိုသာ ပြသထားပါသည်။ ရွှေချိန်ဂရမ် ၄၅၀၀ ကျော်(၂ ပိဿာ ၇၅ ကျပ်သားခန့်)ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကို ပြသထားခြင်းဖြစ်ပါသည်။ ရွှေကို ကမ္ဘာအရပ်ရပ်ရှိ လူမျိုးတိုင်း မက်မောကြပါသည်။ ရွှေကိုအမြတ်တနိုးအသုံးပြုကြသည်။ ထိုသို့ အသုံးပြုချင်လောက်အောင်လည်း ရွှေတွင်ထူးခြားသော သဘာဝသတ္တိများရှိပါသည်။ ရွှေ၏ ပင်ကို မူလအရောင်သည် အစဉ်သဖြင့် ဝင်းဝါသော အရောင်အဆင်းရှိသည်။ မည်သည့်နေရာတွင် ထားစေကာမူ ချေးတင်ခြင်း၊ သူ၏သဘာဝအရောင် ပျက်ပြယ်ခြင်းလည်းမရှိပေ။ ထို့အပြင် ရွှေကို ကြိမ်ဖန်များစွာ ကျိုချက်စေကာမူ ရွှေ၏မူလသတ္တိမှာ ယုတ်လျော့သွားခြင်း၊ မူလအလေးချိန်များ လျော့သွားခြင်းမျိုးမရှိပေ။ အခြားသတ္တုပစ္စည်းများနှင့်ယှဉ်၍ ချိန်တွယ်ကြည့်မည်ဆိုပါက အရွယ်ပမာဏ၊ အစိုင်အခဲပမာဏချင်းတူခဲ့လျှင် ရွှေကသာပို၍ အလေးချိန်စီးကြောင်း တွေ့ရသည်။ ရွှေ၏သိပ်သည်းမှုကို မည်သည့်သတ္တုပစ္စည်းနှင့်မျှ ယှဉ်၍မရပါ။ ထို့ကြောင့်လည်း ရွှေကို နှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့ကြခြင်း ဖြစ်ပါသည်။

နိုင်ငံအနှံ့ ရွှေများထွက်

မြန်မာနိုင်ငံသည် သယံဇာတကြွယ်ဝသော နိုင်ငံဖြစ်ပြီး နိုင်ငံ၏နေရာအနှံ့အပြားတွင် ရွှေများထွက်ရှိကြောင်း သိရှိရသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဒေသများ၊ မေခ-မလိခမြစ်ဆုံဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၊ ကောလင်းမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ကျွန်းလှမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်၊ မော်လိုက်မြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ရှမ်းပြည်နယ် ကလောမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပဲခူးရိုးမတောင်ခြေဒေသများ၊ ရွှေကျင်မြို့နယ်အတွင်းရှိဒေသများ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ဒေသများတွင် အများဆုံးတွေ့ရှိရသည်။

ဤသို့ မြန်မာနိုင်ငံနေရာအနှံ့ ရွှေထွက်ရှိသဖြင့် ရှေးခေတ်အခါကပင် ရွှေကိုလက်ဝတ်ရတနာများအဖြစ်လည်းကောင်း၊ နန်းသုံးတော်ဝင် အဆင်တန်ဆာများအဖြစ်လည်းကောင်း သုံးစွဲခဲ့ကြရာ ယနေ့ထက်တိုင် မြန်မာနိုင်ငံအတွင်း ထွက်ရှိသည့် ရွှေများဖြင့် လက်ဝတ်ရတနာများကို အမြတ်တနိုး ပြုလုပ်သုံးစွဲလျက်ရှိကြပါသည်။

ရွှေရည်သတ်မှတ်ရာ၌ အကောင်းဆုံးရွှေရည် အပြည့်ရှိသော ရွှေရည်ကို မြန်မာအခေါ် ၁၆ ပဲရည် (ပုရပိုက်ခေါက်) ဟုခေါ်ကြသည်။ အင်္ဂလိပ်စကားဖြင့် Pure Gold ဟုခေါ်သည်။ ဒီဂရီအားဖြင့် ၁၀၀ ရာခိုင်နှုန်းဖြစ်ပြီး ကရက်အားဖြင့် ၂၄ ကရက်ရွှေဟုခေါ်ပါသည်။ ရွှေတွင် ကြေးနီနှင့် ဘော်ငွေစင် ရောစပ်သည့် အချိုးအစားပေါ် မူတည်၍ ရွှေရည်ကွာခြားပါသည်။

မြန်မာတို့၏ ရိုးရာလက်မှုပညာ ပန်းဆယ်မျိုးတွင် ပါဝင်သော ပန်းထိမ်ပညာရပ်သည် ရွှေကို အမှီပြုကာ ဖြစ်ပေါ်လာသော ပညာရပ်ပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ရွှေပန်းထိမ်ပညာများ ထွန်းကားခဲ့ကြကြောင်းကို စာပေအထောက်အထားများအပြင် ပစ္စည်းအထောက်အထားများအရ သိရှိရပါသည်။

လက်ရာလှပပျူရွှေထည်

မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ရွှေထည်လက်ဝတ်ရတနာများကို ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုအထိ ထွန်းကားခဲ့သည့် ပျူခေတ်တွင် ပြုလုပ်သုံးစွဲခဲ့ကြကြောင်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည့် ပစ္စည်းအထောက်အထားများအရ သိရှိခဲ့ရပါသည်။ ပျူခေတ်လက်ရာ ရွှေထည်လက်ဝတ်ရတနာများကို အဓိကအားဖြင့် ပျူမြို့ဟောင်းများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးမြို့ဟောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ဟန်လင်းမြို့ဟောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်းတို့တွင် အများဆုံးတွေ့ရှိရသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၊ မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တို့တွင်လည်း အများပြည်သူတို့ အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ ထူးခြားထင်ရှားသည့် ပျူခေတ်လက်ရာများမှာ ၁၉၇၂ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ ဦးချစ်အေး အပ်နှံခဲ့သည့် အလေးချိန် ၃၁၄.၃ ဂရမ်ရှိ နရားခေါင်းပုံလက်ကြပ်၊ ၁၉၈၀ ပြည့်နှစ်က စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ ဦးလှမောင် အပ်နှံခဲ့သော အလေးချိန် ၃၁ ဒသမ ၅ ဂရမ်ရှိ ရွှေပုတီးလုံး၊ ၂၀၁၃ ခုနှစ်က မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်မှ ဦးတင့်လွင် အပ်နှံခဲ့သည့် အလေးချိန် ၄၇ ဒသမ ၆ ဂရမ်ရှိ ကြာနုစိတ်ပါ ရွှေဆံထိုးပေါက်တို့သည် လက်ရာအလွန် သေသပ်လှပသည့် ပျူခေတ်ရွှေထည် လက်ဝတ်ရတနာများဖြစ်ကြပါသည်။

ထို့အပြင် ပျူခေတ်၏ ထူးခြားချက်တစ်ရပ်ဖြစ်သည့် နွားလားဥသဖပုံ၊ တောဝက်ပုံ၊ ခြသေ့်ပုံ၊ ဆင်ပုံ၊ မနုသီဟပုံ၊ လူပုံ၊ ကလသာအိုးပုံ စသည်ဖြင့် ပါဝင်သော လက်စွပ်များ၊ ဆွဲပြားများနှင့် လေးထောင့်ပုံ ဆွဲသီးများကိုလည်း တွေ့ရှိခဲ့ကြသည်။

ပျူခေတ်အလွန်ကာလ (အေဒီ ၉-၁၀ ရာစု) တွင် အဝတ်အစားအဆင်တန်ဆာ ပြုလုပ်ရာတွင် အသုံးပြုခဲ့သည်ဟုယူဆရသော အလေးချိန် ၁၆၄၃ ဂရမ် (၁ ပိဿာကျော်ခန့်)ရှိ ရွှေခွက်ငယ်များကိုလည်း ၂၀၁၈ ခုနှစ်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ ဦးထွန်းရီနှင့် ဉူးသာသနတို့က အပ်နှံခဲ့ကြသည်။ တစ်နေရာတည်းတွင် ရွှေပမာဏ အများအပြားကို ရရှိခဲ့သည်မှာ ထူးခြားလှပါသည်။

ပျူခေတ်အပြီး ပုဂံခေတ်တွင်လည်း လက်ဝတ်ရတနာများ ဝတ်ဆင်ကြကြောင်းကို နံရံဆေးရေးပန်းချီများမှလည်းကောင်း၊ ၂၀၀၂ခုနှစ် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ်မှ ဦးမျိုးဦး အပ်နှံခဲ့သည့် အလေးချိန် ၃၃ ဒသမ ၇ ဂရမ်ရှိ ပုဂံခေတ်လက်ရာ တာရာဒေဝီနတ်သမီး ရွှေစင်ရုပ်တုတွင် ဝတ်ဆင်ထားသည့် အဆင်တန်ဆာများကို ကြည့်ခြင်းဖြင့်လည်းကောင်း သိရှိနိုင်ပါသည်။ ပုဂံခေတ်လက်ရာ လက်ဝတ်ရတနာများအနက် ၁၉၈၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ ဦးညွန့်ဝင်းအပ်နှံခဲ့သည့် အလေးချိန် ၃၁၄ ဒသမ ၃၅ ဂရမ် (၂၀ ကျပ်သားခန့်) ရှိ ရွှေကွင်းဆက်ဆွဲကြိုးနှင့် ၃၀၀ ဒသမ ၈ ဂရမ် (၂၀ ကျပ်သားခန့်) ရှိ ရွှေအုန်းဖူးဆွဲကြိုးတို့သည် အနုစိတ်လက်ရာ မပါသော်လည်း ရွှေအလေးချိန်များစွာ အသုံးပြု၍ ပြုလုပ်ထားခြင်းသည် ပုဂံခေတ်၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါသည်။

ခေတ်အဆက်ဆက်ရွှေထည်လက်ရာ

ပုဂံခေတ်နှောင်းပိုင်း ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်များတွင် ပြုလုပ်အသုံးပြုခဲ့ကြသည့် ရွှေထည်လက်ဝတ်ရတနာများကိုမူ တွေ့ရှိမှု နည်းပါးပါသည်။ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်တို့တွင် လက်ရာအနုစိတ်သည့် ရွှေနော်ဇာကုံးများ၊ ခရေပွင့်ပုံ ကွင်းဆက် ဆွဲကြိုးများ၊ ရွှေဘယက်လည်ဆွဲများ၊ ရွှေခြင်းလုံး ဆွဲကြိုးများကို အဆန်းတကြယ် ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် အချင်း ၂ စင်တီမီတာ၊ အလျား ၄ စင်တီမီတာရှိပြီး ၁၈ ဂရမ်အထိ အလေးချိန်ရှိသည့် နားတောင်းကြီးများ၊ ၁၄၁ ဒသမ ၇ ဂရမ်ရှိ ရွှေခြေချင်းများကိုလည်း တွေ့ရှိ ခဲ့ရသည်။ ကုန်းဘောင်ခေတ်လက်ရာများအနက် အနုစိတ်လှပသည့် လက်ရာများဖြင့် ပြုလုပ်ထားသည့် လည်ဆွဲများမှာ ၁၉၈၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ဦးဇော်မျိုးအောင် အပ်နှံခဲ့သည့် အလေးချိန် ၂၆ ဂရမ် (၂ ကျပ်သားခန့်) ရှိ ရွှေခြင်းလုံးလည်ဆွဲ၊ ၂၀၁၈ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ ဦးခင်မောင်ဝင်း အပ်နှံခဲ့သည့်အလေးချိန် ၅၃ ဂရမ် (၃ ကျပ်သားကျော်) ရှိ ရွှေဘယက်လည်ဆွဲနှင့် ၂၀၀၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ်မှ ဦးသိန်းထွန်းဦး အပ်နှံခဲ့သည့် အလေးချိန် ၅ ဒသမ ၃ ဂရမ်ရှိ ရွှေခြင်းလုံးပုတီးစေ့သည်လည်း လက်ရာအလွန်ဆန်းကြယ်ပြီး အနုစိတ်သည်ကို တွေ့ရှိရပါသည်။

နန်းသုံးတော်ဝင်ရတနာ

ကုန်းဘောင်ခေတ်တွင် နန်းတွင်း၌ ရွှေထည်ပစ္စည်းများ ပြုလုပ်ရန်အတွက် နန်းတော်သုံး ပန်းထိမ်ပညာရှင်များကို ခန့်ထားလေ့ရှိသည်။ အဆိုပါ ပန်းထိမ်ပညာရှင်များတွင် ရွှေဇွန်း၊ ရွှေထွေးအင်၊ ရွှေကလပ်စသော ရွှေထည်အကြီးစားများနှင့် ရွှေရုပ်တုရုပ်လုံးများ ပြုလုပ်ပေးရသော ပညာရှင်များ၊ သေးသွယ်သော ရွှေနန်းကြိုးများဖြင့် ပြုလုပ်ရသော စလွယ်များ၊ ရွှေချည်ထိုးများ၊ မဟာလတ္တာများ၊ ကြိုးအမျိုးမျိုးဖြစ်သည့် သွယ်ပျောင်း၊ နော်ဇာ၊ ဒါလီ စသည်တို့နှင့် သေးငယ်သော ရွှေကွင်း၊ ရွှေဥကလေးများကို ပြုလုပ်ပေးရသော ပညာရှင်များ၊ ကျောက်နှင့် ရွှေတွဲဖက်လုပ်ဆောင်ရသော ရွှေထည်ပစ္စည်းများ၊ မင်းခမ်းတော်များ၊ မင်းမြောက်တန်ဆာများကို လုပ်ဆောင်ရသည့် ပညာရှင်များဟူ၍ ခွဲခြားထားပါသည်။ ထို့ကြောင့်လည်း ကုန်းဘောင်ခေတ် ရွှေထည်လက်ဝတ်ရတနာများသည် နန်းသုံးတော်ဝင်များဖြစ်သည်နှင့်အညီ လက်ရာမှာ အံ့မခန်းအောင် အနုစိတ်ပြုလုပ်ထားကြသည်ကို တွေ့ရပါသည်။

ထိုသို့ ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသည့် မြန်မာ့လက်ဝတ်ရတနာများကို အကြောင်း

> “ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသည့် မြန်မာ့လက်ဝတ်ရတနာများကို အကြောင်းအမျိုးမျိုးဖြင့် ပြန်လည်တွေ့ရှိသည့်အခါ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံပါက ဆုကြေးငွေများ ပြန်လည်ပေးအပ်လျက်ရှိ”

အမျိုးမျိုးဖြင့် ပြန်လည်တွေ့ရှိသည့်အခါ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံပါက ဆုကြေးငွေများ ပြန်လည်ပေးအပ်လျက်ရှိပါသည်။ လာရောက်အပ်နှံသည့် ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရပါသည်-

- (က) ရှေးဟောင်းပစ္စည်းအပ်နှံသူနှင့် လက်ခံသူတို့လက်မှတ်ရေးထိုး၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနတွင် သိမ်းဆည်းခြင်း၊
- (ခ) အဆိုပါအပ်နှံပစ္စည်းသည် ရှေးဟောင်းပစ္စည်းစစ်မှန်ခြင်းရှိ၊ မရှိကို ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးအတည်ပြုခြင်း၊
- (ဂ) ယင်းနောက် ရှေးဟောင်းပစ္စည်းတွင် ရွှေ၊ ငွေ၊ ကြေး၊ ကျောက်များ ပါဝင်ပါက ပစ္စည်းအမျိုးအစား၊ အလေးချိန်၊ အရည်အသွေး အတိအကျသိရှိနိုင်ရန်အတွက် မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် စစ်ဆေးခြင်း၊
- (ဃ) စစ်ဆေးပြီးသည့် ရှေးဟောင်းပစ္စည်းကို ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းစစ်ဆေးချက်၊ ဌာနကသတ်မှတ်ထားသော စံနှုန်းများနှင့်အညီ ရှေးဟောင်းဝတ္ထုပစ္စည်း၏ မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး၊ ရှားပါးပစ္စည်း ဖြစ်ပါက ထပ်ဆောင်းတန်ဖိုးများ စုပေါင်း၍ ဆုကြေးငွေတွက်ချက်ပြီး ဆုချီးမြှင့်နိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ တင်ပြရန် ဆောင်ရွက်ခြင်း၊
- (င) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဆုချီးမြှင့်ရန် ခွင့်ပြုပါက ရှေးဟောင်းပစ္စည်း အပ်နှံသူအားဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ရန်ဆောင်ရွက်ခြင်း၊
- (စ) ဆုကြေးငွေမယူဘဲ လှူဒါန်းပါက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ရန် ဆောင်ရွက်ခြင်း၊
- (ဆ) အဆိုပါ ဆုကြေးငွေချီးမြှင့်ခြင်းဖြင့်လည်းကောင်း၊ လှူဒါန်းခြင်းဖြင့်လည်းကောင်း စုဆောင်းရရှိသော ရှေးဟောင်းပစ္စည်းများကို အများပြည်သူလေ့လာနိုင်စေရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်များ၊ယဉ်ကျေးမှုပြတိုက်များနှင့် ရှေးဟောင်းသုတေသန ပြတိုက်များသို့ ပေးပို့ခြင်း။

စုဆောင်းရွှေထည်ရတနာများပြသ

ယခုပြသလျက်ရှိသည့် ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာအထူးပြပွဲ တွင်ပြသထားသည့် ရှေးဟောင်းရွှေထည်လက်ဝတ်ရတနာများသည် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ ရှေးဟောင်းသုတေသနပြတိုက် (ဗိဿနိုး)၊ ရှေးဟောင်းသုတေသနပြတိုက် (ဟန်လင်း)နှင့် ရန်ကုန် ဌာနခွဲများတွင် စုဆောင်းထားရှိသည့် ပစ္စည်းများဖြစ်ပါသည်။ ယင်းပစ္စည်းများအနက် အများစုမှာ ပုံသေပြသထားခြင်းမရှိဘဲ သိမ်းဆည်းထားရာမှ ယခုပြပွဲတွင်သာ ထုတ်၍ပြသထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကြုံတောင့်ကြုံခဲ ကြည့်ရှုရသည့် မိမိတို့၏ ဘိုးဘေးဘီဘင်များ လက်ထက်ကတည်းက အသုံးပြုခဲ့ကြသည့် မြန်မာ့ရိုးရာဆယ်ပွင့်ပန်းတွင်ပါဝင်သော ပန်းထိမ်ပညာရပ်၏ အံ့မခန်းလက်စွမ်းကို လာရောက်လေ့လာကြပါ။ ဆန်းကြယ်သော ရှေးခေတ်မြန်မာ့လက်ဝတ်ရတနာများ၏ ဒီဇိုင်းစုံများကို လာရောက်ကြည့်ရှုကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

ကယားပြည်နယ် ပထမဆုံးအကြိမ် တူးဖော်နိုင်ခဲ့သည့် ကျေးလက်ရေအောင်ပွဲ

ဝေလွင်မြိုင် (တောင်တွင်းကြီး)

တောတောင်ရေမြေ သဘာဝအလှအပများနှင့် ပြည့်စုံနေသော ကယားပြည်နယ်သည် အေးချမ်းပြီး မျှတသော ရာသီဥတုဖြင့် နေချင်စဖွယ်ကောင်းလှသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ယခင်က သေနတ်သံများ၊ ယမ်းငွေ့များကြားက ပြည်နယ်လေးသည် ယခုအခါ ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ခရီးသွားပြည်သူများ၊ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ မျက်စိကျရာ နေရာတစ်ခုဖြစ်လာခဲ့လေပြီ။

ကယားပြည်နယ်တွင် လွိုင်ကော်ခရိုင်၊ ဘော်လခဲခရိုင် ဟူ၍ ခရိုင်နှစ်ခု ရှိပါသည်။ လွိုင်ကော်ခရိုင်တွင် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်နှင့် နောက်ထပ်မြို့အဖြစ် သတ်မှတ်ခဲ့သော နမ့်မယ်ခုံမြို့နှင့် လွိုင်လင်လေးမြို့တို့ တည်ရှိပါသည်။ ဘော်လခဲခရိုင်တွင် ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် နောက်ထပ်မြို့အဖြစ် သတ်မှတ်ခဲ့သော ရွာသစ်မြို့တို့ တည်ရှိပါသည်။

၄၅၂၉ ဒသမ ၆၁ စတုရန်းမိုင် အကျယ်အဝန်းရှိသော ကယားပြည်နယ်တွင် လူဦးရေပေါင်း ၂၈၅၀၀၀ ခန့် နေထိုင်လျက်ရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဝင်များ ငြိမ်းချမ်းစွာ အတူနေထိုင်လျက် ရှိပါသည်။ လူမျိုးစုများအနေဖြင့် ကယားလူမျိုး ကိုးမျိုး ရှိပါသည်။

ကယားပြည်နယ်၏ အဓိကမြစ်ချောင်းများအဖြစ် ဘီလူးချောင်း၊ နမ့်တဘက်ချောင်း (ထီးစဲခါးရေတံခွန်ချောင်း)၊ နမ့်ပွန်ချောင်း၊ ငွေတောင်ချောင်း၊ ထူးချောင်းနှင့် သံလွင်မြစ်ကြီးတို့ တည်ရှိပြီး ဘီလူးချောင်းမှာ လွိုင်ကော်မြို့ထဲမှ ဖြတ်သန်းစီးဆင်းလျက် ရှိပါသည်။ လွိုင်ကော်မြို့နယ်အတွင်းတွင် နမ့်တဘက်ချောင်းမှာ နမ့်ပွန်ချောင်းသို့ စီးဝင်ပြီး နမ့်ပွန်ချောင်းနှင့် ဘီလူးချောင်း ပေါင်းဆုံကာ နမ့်ပွန်ချောင်းအဖြစ်ပင် စီးဆင်းသွားပြီးနောက် ဖားဆောင်းမြို့နယ်အနီးမှ ထူးချောင်းနှင့် ပေါင်းဆုံကာ သံလွင်မြစ်ကြီးအတွင်းသို့ စီးဝင်သွားပါသည်။ ဖရူဆိုမြို့နယ် ကွိုင်ငံရေထွက်မှ စတင်သော ငွေတောင်ချောင်းသည် ဒီးမော့ဆိုမြို့နယ်ကို ဖြတ်သန်းကာ လွိုင်ကော်မြို့နယ်တွင် ဘီလူးချောင်းအတွင်းသို့ စီးဝင်သွားပါသည်။

ရာသီဥတုအနေဖြင့် ကယားပြည်နယ်၏ မြောက်ပိုင်းကျသည့် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်များနှင့် လွိုင်လင်လေးမြို့၊ နမ့်မယ်ခုံမြို့များမှာ သင့်တင့်မျှတသော ရာသီဥတုရှိပြီး ၂၀၁၆ ခုနှစ် မိုးဇလမှတ်တမ်းများအရ လွိုင်ကော်မြို့သည် နွေရာသီတွင် အများဆုံး ၃၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သာ ရှိပါသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် စက်ရေတွင်းဖွင့်ပွဲတွင် ရေရရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

တောင်ပိုင်းကျသည့် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် ရွာသစ်မြို့တို့မှာ ပူအိုက်ခြောက်သွေ့သော ရာသီဥတုရှိပြီး ၂၀၁၉ ခုနှစ် မိုးဇလမှတ်တမ်းများအရ နွေရာသီတွင် ဘော်လခဲမြို့မှာ အများဆုံး ၄၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ရှိပါသည်။

ကယားပြည်နယ်ရှိ အချို့ကျေးရွာများမှာ နွေရာသီတွင် သောက်သုံးရေရှားပါးမှု ပြဿနာများ ကြုံတွေ့ကြရပြီး အဆိုပါကျေးရွာများသို့ ကယားပြည်နယ်အစိုးရ၏ စီမံပံ့ပိုးမှုဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်က ကျောက်စုကျေးရွာလေးလည်း အပါအဝင်ဖြစ်ပါသည်။

ကယားပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် သက်ဆိုင်ရာဌာနများက ပြည်နယ်အတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသော ကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် နည်းလမ်းများစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝရေထွက်များမှ ရေသွယ်ယူဖြန့်ဖြူးခြင်း၊ မြစ်ချောင်းများမှ ရေတင်၍ ဖြန့်ဝေပေးခြင်း၊ စက်ရေတွင်းများ တူးဖော်၍ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်မှ ၂၆ မိုင် ကွာဝေးပြီး ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်ကြားရှိ ကျောက်စုကျေးရွာလေးမှာ အိမ်ခြေ ၁၁၅ အိမ်၊ လူဦးရေ ၅၆၆ ဦး နေထိုင်လျက်ရှိပါသည်။

နှစ်ပေါင်း ၂၀ အတွင်း ရေရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက် ငါးမိုင်ခန့်ကွာဝေးသော သံလွင်မြစ်ကြီးမှ ရေတင်စနစ် ပြုလုပ်ရန် စီမံခြင်း၊ ဒေသစက်များဖြင့် စက်ရေတွင်းတူးဖော်ဆောင်ရွက်ခဲ့ခြင်းများက အခက်အခဲအမျိုးမျိုးကြောင့် အောင်မြင်မှု မရခဲ့ပါ။ နောက်ဆုံးတွင် ကယားပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်ညွှန်ကြားမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံပြည်သူများ၏ တတ်စွမ်းနိုင်သမျှ လုပ်အားများဖြင့် ပူးပေါင်းပါဝင်မှုများကြောင့် ရုံးချုပ်မှ ပံ့ပိုးသောကျောက်အမာများ ဖောက်နိုင်သည့် စက်ကြီးဖြင့် တူးဖော်ခဲ့ရာ ပေ ၃၂၀ တွင် ရေကြောတွေ့ရှိခဲ့ပြီး တစ်နာရီ ဂါလန် ၁၁၀၀ ထွက်ရှိသော စက်ရေတွင်းကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီး ကျေးလက်ဒေသ ရေအောင်ပွဲတစ်ခု မှတ်တမ်းတင်နိုင်ခဲ့ပါပြီ။

၁၁-၄-၂၀၁၉ ရက်နေ့က အဆိုပါစက်ရေတွင်း ဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကာ ဒေသခံပြည်သူများ၏ ဝမ်းသာပျော်ရွှင်မှုက တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်း ဧည့်သည်များပင် အပျော်ကူးစက်ခံရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က "အခြားရေရှားပါးသော ဒေသများမှာ သောက်သုံးရေရရှိရေးအတွက် နည်းလမ်းများစွာဖြင့် ဆောင်ရွက်နေသော်လည်း လက်ရှိအခြေအနေတွင် အောင်မြင်မှု မရသေးကြောင်း၊ ယခုကျောက်စုကျေးရွာ၏ အောင်မြင်မှုရလဒ်ကို ရေရှည်တည်တံ့နိုင်ရေးအတွက် ပြည်သူများက ရေကော်မတီဖွဲ့စည်းကာ ပူးပေါင်းပါဝင် ထိန်းသိမ်းပြီး စည်းကမ်းရှိရှိ၊ စနစ်တကျ အသုံးချသွားကြရန် လိုအပ်ကြောင်း" မှာကြားခဲ့ပါသည်။

ကယားပြည်နယ် ကျေးရွာငယ်လေးတစ်ခု၏ ရေအောင်ပွဲမှာ ကြီးကျယ်ခမ်းနားသော ပြယုဂ်မှတ်တမ်းမဟုတ်ဟု တွေးမြင်နိုင်သော်လည်း ပြည်သူလူထု၏ အခက်အခဲလိုအပ်ချက်များကို နိုင်ငံတော်အစိုးရ၏ စီမံပံ့ပိုးမှု၊ ဌာနအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ပြည်သူများ ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ရရှိလာသော အောင်ပွဲရလဒ်ကို စံပြနမူနာတစ်ခုအဖြစ် မှတ်ယူကြရမည်ဖြစ်ပြီး နိုင်ငံတော်၏ မည်သို့သော အခက်အခဲခရီးကြမ်းများပဲဖြစ်ဖြစ် နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြလျှင်ဖြင့် နိုင်ငံတော်အောင်ပွဲများ မလွဲမသွေ ရရှိလာလိမ့်မည်ဟူသော ခံယူချက်တစ်ခု မိမိတို့၏ နှလုံးအိမ်၌ စွဲကျန်ရစ်လိမ့်မည်သာ ဖြစ်ပါသည်။ ။

ပူတာအိုဝ်၌ ပထမအကြိမ် တိုင်းခမ်းတီစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နှီးနှောဖလှယ်ပွဲ လူငယ်ဖိုရမ်ကျင်းပ

ပူတာအို မေ ၆

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ပထမအကြိမ် တိုင်းခမ်းတီစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နှီးနှောဖလှယ်ပွဲ လူငယ်ဖိုရမ်ကို ယမန်နေ့က ပူတာအိုမြို့နယ် မန်ပန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးစောနွဲ့ကြံအောင်က တိုင်းခမ်းတီလူငယ်ဖိုရမ် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပူတာအိုမြို့နယ်၌ တိုင်းခမ်းတီစာပေဖွံ့ဖြိုးရေးနှင့် နှီးနှောဖလှယ်ပွဲ လူငယ်ဖိုရမ်ကျင်းပစဉ်။

ဆက်လက်၍ ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်အောင်ထွန်းက တိုင်းရင်းသားအခွင့်အရေးဥပဒေပိုင်းဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ထွန်းက တိုင်းရင်းသားစာပေယဉ်ကျေးမှုများနှင့် ပတ်သက်၍ ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းခမ်းတီ လူငယ်ဖိုရမ်သို့ တက်ရောက်လာသည့် အိန္ဒိယနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ပူတာအိုမြို့နယ် တိုင်းခမ်းတီ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များမှ လူငယ်များက တိုင်းခမ်းတီစာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဖုန်ကန်(ပူတာအို)

မြောက်ဦးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မြောက်ဦး မေ ၆- ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက ပူပြင်းသော နွေရာသီကာလတွင် မီးဘေးအန္တရာယ်မကျရောက်စေရန်ရည်ရွယ်၍ ကြိုတင်ကာကွယ်သည့်အားဖြင့် မေလဆန်းမှစတင်ကာ မြောက်ဦးမြို့မဈေးကြီး၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဆီဘောက်ဆာများကို လှည့်လည်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစံထွန်းဦးဆောင်၍ စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိ ဥက္ကဋ္ဌ ဦးထွန်းအောင်ဇံနှင့် စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခရိုင် (ပြန်/ဆက်)

မီးဖိုမီး စတင်ဖြစ်ပွားရသည့် အချက်များ

- မီးဖိုတွင် မီးကြွင်းမီးကျန်ရှိခြင်း။
- မီးဖိုမီးကို လိုသည်ထက်ပို၍သုံးစွဲခြင်း။
- မီးဖိုအသုံးပြုစဉ် အစောင့်မရှိခြင်း။
- ထင်းကျပ်တင်ခြင်း။
- ကျပ်ခိုးများသို့ မီးစွဲခြင်း။
- ဆီအိုးအပူလွန်ကဲခြင်း။
- မီးဖိုနှင့် ထရံအကာနီးကပ်နေခြင်း။
- ဓာတ်ဆီ၊ ရေနံဆီနှင့်မီးမွှေးခြင်း။
- အသက်အရွယ်ကြီးရင့်သူ၊ မသန်စွမ်းသူနှင့် ကလေးသူငယ်များမှ ချက်ပြုတ်ကြော်လှော်ခြင်း။

မြေပြိုခြင်း အသိပညာပေး

မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ် ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ

၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ ပါဝင်ပါ။

၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ် စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။

၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင် ရွက်ပါ။

၅။ တောင်ကုန်းတောင်စောင်းတွင်နေထိုင်သူများ အနေဖြင့် မိမိအိမ်ဝန်းကျင်ရှိမြေပြိုမှုဘေးအန္တရာယ် ဖြစ်နိုင်ခြေနှင့် အိမ်၏ကြံ့ခိုင်မှုကိုပုံမှန်စစ်ဆေးပါ။

၆။ မြေပြိုမှု၊တောင်ပြိုမှုဖြစ်ပွားလေ့ရှိသောနေရာများ ကိုကြိုတင်လေ့လာထားပါ။မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊အမှတ်အသားများကို သတိပြုပါ။

၇။ မြေပြိုနိုင်သောနေရာများ(မတ်စောက်သော တောင်စောင်းများ၊မြေပျော့သောနေရာများ၊ ရေဝပ် သောနေရာများ)တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသောလျှိုအနီးတွင်အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။

၈။ မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်

- မိမိတို့၏နေအိမ်တံခါးများဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း
- အိမ်၏အုတ်နံရံများအက်လာခြင်း
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း
- မြေများ အက်ကွဲခြင်း

စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဆက်စပ်ရုပ်ပွားတော်များ လွိုင်ကော်မြို့သို့ ကြွချီ အပူဇော်ခံမည်

လွိုင်ကော် မေ ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကုန်းတော်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဒေသစာရီ ကြွချီ အပူဇော်ခံလျက်ရှိရာ မေ ၁၁ ရက်မှ ၁၂ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်သို့ ဒေသစာရီ ကြွချီအပူဇော်ခံ၍ ကယားပြည်နယ်အတွင်းရှိ ရဟန်းရှင် လူပြည်သူအများ ကုသိုလ်ယူ ဖူးမြော်ပူဇော်နိုင်ရန် ရည်ရွယ်၍ မေ ၁၂ ရက် မှ ၁၃ ရက်အထိ လွိုင်ကော်မြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၂ရက် နံနက်ပိုင်းတွင် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ တောင်ကြီး- ဆီဆိုင်- လွိုင်ကော်လမ်းကြောင်းအတိုင်း ကယားပြည်နယ် လွိုင်ကော်မြို့သို့ ကြွချီလာမည်ဖြစ်ပြီး ရှေ့ပြေးကြိုဆိုရေးအဖွဲ့က ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် အစပ်နေရာမှ လွိုင်ကော်မြို့(ကန္ဒရဝတီလမ်းမ- လမ်းလယ်ကျွန်းအစ) မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးအနီးရှိ ကြိုဆိုပင့်ဆောင်ခြင်းမုခ်ဦးသို့ ပင့်ဆောင်လာမည်ဖြစ်ပြီး ပြည်နယ်လွှတ်တော်ရုံးကြိုဆိုရေးနေရာမှစတင်၍ ဥပသကာများနှင့် လမ်းဘေးဝဲ/ယာကြိုဆိုပူဇော်ရေး ပရိသတ်များက ဝန်းရံကာအပူဇော်ခံမဏ္ဍပ်ရှိရာ မြို့နာမ်စေတီတော်သို့ ဆက်လက်ကြိုဆို ပင့်ဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ရဟန်းရှင် လူပြည်သူအများ ကုသိုလ်ယူ ဖူးမြော် ပူဇော်နိုင်ရန် ဒေသစာရီကြွချီ အပူဇော်ခံမည့် လွိုင်ကော်မြို့မြို့နာမ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ယာယီအပူဇော်ခံမဏ္ဍပ်တွင် ထားရှိသွားမည်ဖြစ်ပြီး ယင်းနေ့ည ၇ နာရီခွဲ တွင် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဒေသစာရီ ကြွချီပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၏ ငြိမ်းချမ်းရေးဓမ္မသဘင်ကို ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ မေ ၁၃ ရက် နံနက် ၆နာရီတွင် ဆရာတော်ကြီးများဖြင့် ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ရုပ်ပွားတော်မြတ်များကို အနေကဇာတင်မင်္ဂလာ အခမ်းအနားဆောင်ရွက်ပြီး ကယားပြည်နယ် လွိုင်ကော်မြို့မှ တောင်ငူမြို့သို့ လွိုင်ကော်- ပင်လောင်း- ကလောလမ်းအတိုင်း ဒေသစာရီ ပြန်လည်ကြွချီတော်မူမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် သောက်သုံးရေအခက်ကြုံနေသော တောင်ပေါ်ကျေးရွာသို့ သွားရောက်လှူဒါန်း

ရွှေ့လျားရေသန့်စင်စက်ဖြင့် တောင်ပေါ်ကျေးရွာများသို့ သွားရောက်လှူဒါန်းပေးစဉ်။

ဆီဆိုင် မေ ၆

ကျေးလက်နေပြည်သူများ နွေရာသီကာလအတွင်း သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ဖြိုဟန်းခါးကျေးရွာတွင် ယမန်နေ့က ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် မြေသားမိုးရေလှောင်ကန်မှရေကို ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် သန့်စင်ပြီးသောက်သုံးရေများ သွားရောက် လှူဒါန်းပေးခဲ့သည်။

သောက်သုံးရေ သွားရောက်လှူဒါန်းရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစောမောင်ဌေး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းတို့က ဖြိုဟန်းခါးကျေးရွာရှိ အိမ်ခြေ ၁၀၁၊ လူဦးရေ ၅၀၉ ဦးအတွက် သောက်သုံးရေအဆင်ပြေစေရန် ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် ရေဂါလန် ၁၂၀၀ ကို စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး (ဆီဆိုင်)

ရွှေတောင်မြို့နယ် နတ်မော်ဆင်စခန်းတွင် ဆင်ပြတိုက် ဖွင့်လှစ်ပြသ

ရွှေတောင် မေ ၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နတ်မော်ကျေးရွာအနီး ပြည်-ရန်ကုန် ကားလမ်းမနံဘေးရှိ နတ်မော်ဆင်စခန်းတွင် ဆင်ပြတိုက်ဖွင့်ပွဲကို ယမန်နေ့က ဆင်စခန်းအတွင်း ပြတိုက်ရှေ့၌ ဖွင့်ပွဲ ကျင်းပသည်။

"ကျွန်တော်တို့ ဆင်ပြတိုက် ဖွင့်လှစ်ရတာကတော့ ဆင်နဲ့ပတ်သက်တဲ့ သိကောင်းစရာတွေကို တစ်နေရာတည်းမှာပဲ စုံစုံလင်လင် ကြည့်ရှုနိုင်မယ်။ ဆင်တွေရဲ့ သဘောသဘာဝကို လေ့လာသိရှိခြင်းအားဖြင့် ဆင်နဲ့ လူပဋိပက္ခဖြစ်ပွားမှုတွေ လျော့နည်းလာစေဖို့ ပြည်သူလူထုအနေနဲ့ ဆင်တွေအပေါ်မှာ စိတ်ဝင်စားချစ်ခင်ပြီး ဆင်ရိုင်းတွေ သတ်ဖြတ်ခံရမှု၊ ဆင်နဲ့ ဆင်အစိတ်အပိုင်းတွေ တရားမဝင်ကူးသန်းရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးမှာ ပါဝင်နိုင်အောင် ပူးပေါင်းကူညီလာစေဖို့ ရည်ရွယ်ချက်ရယ်၊ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးအနေနဲ့ ဌာနပိုင်ဆင်တွေကို နည်းစနစ်မှန်ကန်စွာနဲ့ ဆက်လက်ထိန်းသိမ်းနေတာတွေကို ပြည်သူလူထုကို သိရှိနားလည်လာနိုင်စေဖို့။ ဒါ့အပြင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေဟာ ဆင်အခြေပြုစခန်းတွေ စိတ်ဝင်စားလာခြင်းအားဖြင့် ဌာနအနေနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေဖို့ ရည်ရွယ်ချက်တွေနဲ့ ဖွင့်လှစ်ရတာ ဖြစ်ပါတယ်" ဟု မြန်မာ့သစ်လုပ်ငန်း ပြည်ဒေသတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်မင်းဦးက ပြောသည်။

နတ်မော်ဆင်စခန်းကို ၂၀၁၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်မြို့မှ ငါးမိုင်ခန့်သာ ကွာဝေး၍ ပြည်- ရန်ကုန် အဝေးပြေးကားလမ်းမနှင့်ကပ်လျက်ရှိပြီး မြို့ပြအခြေပြုဆင်စခန်းဖြစ်ကာ သွားလာရလွယ်ကူသည့်နေရာဖြစ်ခြင်း၊ ထို့အတူ ရောဝတီမြစ်ကြောင်းမှလည်း လာရောက်နိုင်သည့်အတွက် လာရောက် လည်ပတ်သူ များပြားလျက်ရှိကြောင်း ဆင်ပြတိုက် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင် သစ်ထုတ်လုပ်မှုကို ၁၀ နှစ် ရပ်နားထားသည်မှာ သုံးနှစ်တာ ရှိပြီဖြစ်ပြီး သစ်ထုတ်လုပ်မှုကို ရပ်နားထားသည့်အတွက် ဆင်များကို စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ခြင်းအပြင် တိုင်းဒေသကြီးအတွင်းရှိ သစ်ဆွဲနေသည့် အလုပ်ဆင်များအား အခြားဒေသသို့ပို့၍ အခြားဒေသမှ သစ်မဆွဲနိုင်သည့် ဆင်အကောင်အသေးများ၊ သက်ကြီးဆင်များအား ပဲခူးတိုင်းအတွင်းသို့ ပို့ထားသည့်အတွက် ဆင်များ၏ စားသောက်နေထိုင်ရေး၊ ဆင်ကိုထိန်းကျောင်းနေကြရသူများ၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် အဆင်ပြေစေရန် ဆင်စခန်းများ ပြုလုပ်ရခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်စခန်းသို့ လာရောက်လည်ပတ်သူများသည် ဆင်စခန်းအတွက် ဝင်ကြေးကို ငွေကျပ် ၅၀၀ သတ်မှတ်ထားသော်လည်း ဆင်စခန်းသို့ လာသူများက ဆင်ပြတိုက်ကို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

သန်းလွင်

ရွှေတောင်မြို့နယ်၌ နတ်မော်ဆင်စခန်း ဖွင့်ပွဲကျင်းပစဉ်။

ရေရှားပါးသည့် သုံးမွှာတာချောင်းကျေးရွာသို့ သောက်သုံးရေ သွားရောက် လှူဒါန်း

ပေါက် မေ ၆ - မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကိုင်းလယ်ကျေးရွာအုပ်စု သုံးမွှာတာချောင်းကျေးရွာ ကျေးလက်နေပြည်သူ ၃၆၄ ဦး အိမ်ခြေ ၄၆ အိမ်နှင့် အိမ်မွေးတိရစ္ဆာန်များ နှစ်စဉ်သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရသဖြင့် ပေါက်မြို့နယ် ရေခါးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယူနီဖိုင်း (စိတ်တူကိုယ်တူ ဖွဲ့စည်းထားသော လူငယ်များအဖွဲ့)တို့ ပူးပေါင်း၍ ယနေ့နံနက်က ရေဂါလန် ၂၄၀၀ ဆံ့ ရေဘောက်ဆာသုံးစီးနှင့် ရေ ငါးဂါလန်ဆံ့ ပလတ်စတစ်ပုံးဝါ ၄၄ ပုံး စုစုပေါင်း ရေဂါလန် ၇၄၂၀ ကို သွားရောက်လှူဒါန်းကြသည်။

အဆိုပါကျေးရွာနေ ပြည်သူများသည် သောက်သုံးရေအတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး မြေသားရေလှောင်ကန်ကို အမှီပြုသုံးစွဲခဲ့ကြရာ ယခုအခါ အပူရှိန်ပြင်းလာသည်နှင့်အမျှ ရေအနည်းငယ်သာ ကျန်ရှိ၍ ကျန်းမာရေးအရ သောက်သုံးရန် မသင့်သောကြောင့် နှစ်မိုင်ခန့်ဝေးကွာသည့် ကိုင်းလယ်ကျေးရွာသို့ သွားရောက်သယ်ယူသုံးစွဲနေရကြောင်း သိရသည်။

ဉာဏ်တိုး (ပေါက်)

တရုတ်နိုင်ငံက တင်သွင်းခွင့်မပြု၍ ဆန်တန်ချိန် ခြောက်သောင်းကျော် မူဆယ်၌ပိတ်မိနေ

မူဆယ် မေ ၆

တရုတ်-မြန်မာနယ်စပ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသော မြန်မာဆန်များကို တရုတ်နိုင်ငံဘက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နောက်ပိုင်းမှစ၍ တင်သွင်းခွင့်မပြုသည့်အတွက် လက်ရှိအချိန်တွင် မူဆယ်မြို့နယ်အတွင်းရှိ ဆန်ဂိုဒေါင်များ၌ ဆန်တန်ချိန် ခြောက်သောင်းကျော် ပိတ်မိနေသည်ဟု ဆန်ကုန်သည်အချို့ထံမှ သိရသည်။

"အခု မူဆယ်နယ်စပ်ဂိုဒေါင်တွေမှာ ရှိနေတဲ့ဆန်တွေက အရင်လက်ကျန်ဆန်တွေဖြစ်ပါတယ်၊ တရုတ်နိုင်ငံက တင်ပို့ခွင့်မပေးတဲ့နောက်ပိုင်း မူဆယ်ဘက်ကို ဆန်ကားတွေ တက်လာတာ မတွေ့ရတော့ပါဘူး၊ ကျွန်တော်တို့အနေနဲ့ ဒီမူဆယ် နယ်စပ်မှာ ပိတ်မိနေတဲ့ဆန်တွေကို ဘယ်လိုလုပ်ရမလဲဆိုတာပဲ နေ့စဉ်နဲ့အမျှ စဉ်းစားနေရတယ်၊ တရုတ်ဘက်က တရားမဝင် မှောင်ခိုတားဆီးမှုဆိုပြီးတော့ စီမံချက်တွေနဲ့ ဝင်တဲ့လမ်းကြောင်းတွေမှာ စောင့်ဖမ်းတာတွေရှိသလို ဖမ်းမိတဲ့လူတွေကို အရေးယူမှုတွေ ပြုလုပ်ကြတာရှိနေပြီး မြန်မာနဲ့ ထိစပ်မှုရှိနေတဲ့ နယ်စပ်မျဉ်းတစ်လျှောက်မှာ မှောင်ခိုမလုပ်ကြဖို့ ဆော်သြနေကြတာတွေလည်း ရှိနေတဲ့အတွက် တရားမဝင်လမ်းကြောင်းက သွားဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

မူဆယ် ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဘိုဦးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန်တစ်သိန်းကို တင်သွင်းခွင့် ရရှိခဲ့သည်ဟု သိရကြောင်း၊ ကြားသိရသလောက်အနေဖြင့် အိုဗာဆီးလိုင်းမှ တင်သွင်းရမည်ဟု ကြားထားကြောင်း၊ တင်ပို့ချိန်တွင် မူဆယ်၌ပိတ်မိနေသည့် ဆန်များကိုလည်း တာဝန်ရှိသူများအနေဖြင့် စဉ်းစားပေးစေလိုကြောင်း ပြောသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဆန်ကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် လိုင်စင်ဖြင့် တင်ပို့ခြင်းကို ခွင့်ပြုထားသော်လည်း ဆန်အလုံးအရှည်အပေါ် မူတည်ပြီး ကန့်သတ်ထားသဖြင့် ဆန်အမျိုးအစားအချို့မှာ လိုင်စင်ဖြင့် တရားဝင်သွင်းရန်လည်း သတ်မှတ်ချက်နှင့်မကိုက်ညီသည့် အခက်အခဲ ရှိနေပြီး ပိတ်မိနေခြင်းဖြစ်ကြောင်း သိရသည်။

မူဆယ်၌ ဆန်များပိတ်မိနေချိန်တွင် ကုန်သည်အချို့အနေဖြင့် ပျက်စီးမည်စိုး၍ ဆန်အိတ်များကို မြန်မာနိုင်ငံအတွင်းသို့ ပြန်သယ်ကြသည်လည်းရှိကြောင်း၊ လက်ရှိအခြေအနေများအရ ဆန်တင်ပို့မှုမှာ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကထက်များစွာ လျော့နည်းကျဆင်းသွားကြောင်း၊ ယခုအတိုင်း ဆက်ဖြစ်နေပါက အရောင်းအဝယ်ဒိုင်များအဖို့ ပိုဆိုးမည်ဖြစ်သလို အလုပ်သမားများ၊ ကားသမားများနှင့် အခြား အလွှာပေါင်းစုံကိုပါ ထိခိုက်စေကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ ဆန်စပါးစိုက်ပျိုးကြသည့် တောင်သူလယ်သမားများ၊ စက်ပိုင်းများအတွက်လည်း အခက်အခဲဖြစ်စေကြောင်း ဆန်ကုန်သည်များကို သုံးသပ်ပြောကြားကြသည်။

ဦးသန်းဘိုဦးက "မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ပြီး ပစ္စည်းဖလှယ်တဲ့စနစ်ပေ့ါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တရုတ်ပြည်ခရီးစဉ်မှာ ကြိုးစားခဲ့တာကို ဆန်စပါးကုန်စည်ဒိုင်က ကြိုဆိုပါတယ်၊ အခု ပစ္စည်းချင်းဖလှယ်တဲ့စနစ် အောင်မြင်ခဲ့မယ်ဆိုရင် နယ်စပ်ကပိတ်မိနေတဲ့ ဆန်တွေကို အရင်ဆုံး ဦးစားပေးထွက်ပေးမယ်ဆိုတာ ကြားရတဲ့အတွက် ဝမ်းသာမိပါတယ်၊ အိမ်နီးချင်းချစ်ကြည်ရေးကို အခြေခံပြီး မျှတတဲ့ကုန်သွယ်မှုတစ်ခု ဖြစ်ခဲ့ရင် ကောင်းပါတယ်၊ ကျွန်တော်တို့ ဆန်စပါးကုန်စည်ဒိုင်က ကြိုဆိုပါတယ်"ဟု ဆက်ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဆန်များတင်ပို့မှုကို လက်မခံသော်လည်း တရုတ်နိုင်ငံသားအချို့ကိုမူ တင်သွင်းခွင့်လိုင်စင်ချထားပေးရာ ထိုတရုတ်နိုင်ငံသားများက မြန်မာနိုင်ငံအတွင်းမှ ဆန်ဈေးကို သိရှိထားသလို အချို့ဆိုလျှင် မြန်မာနိုင်ငံအောက်ပိုင်း ဆန်စပါးစိုက်ပျိုးရာ ဒေသများအထိ ကိုယ်တိုင်ဆင်းဝယ်နေကြကြောင်း၊ ထိုပုံစံအတိုင်း တရုတ်ကုန်သည်များက ပြည်တွင်း ဆန်စိုက်ပျိုးရာဒေသများအထိ ဆင်းဝယ်ကြပါက မြန်မာကုန်သည်များအဖို့ ထိခိုက်နစ်နာမှုများ ဖြစ်စေမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်မှာပင် တရုတ်နယ်စပ်တစ်လျှောက်၌ တရားမဝင်ကုန်ပစ္စည်းတားဆီးရေးစီမံချက်ဖြင့် မြန်မာနိုင်ငံမှ ဆန်၊ ပြောင်းနှင့်သကြားများကို ပိတ်ဆို့ထား၍ မြန်မာ ကုန်သည်များ၊ ကားသမားများ၊ အလုပ်သမားများ အဆင်မပြေကြကြောင်း၊ ကုန်သည်များအနေဖြင့် နယ်စပ်ဒေသတွင် ယခင်ကလို တရုတ်နိုင်ငံအထိ နယ်စပ်မှသွားရောက် ရောင်းချခွင့်ရရန် လိုလားနေကြကြောင်း ကုန်သည်များ၏ ပြောကြားချက်များအရ သိရသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား လက်ရှိကုန်သွယ်ရေးတွင် မြန်မာနိုင်ငံ၏ သွင်းကုန်အနေဖြင့် ဆိုင်ကယ်၊ ယာဉ်ယန္တရားများ၊ ဓာတ်မြေသြဇာများ၊ ပန်းသီး၊ လိမ္မော်သီးစသည့် သစ်သီးများနှင့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်းအချို့ကို အများဆုံးတင်သွင်းနေပြီး မြန်မာနိုင်ငံမှ ပို့ကုန်များအနေဖြင့် ပဲတီစိမ်း၊ နှမ်း၊ ဖရဲသီး၊ ဆန်၊ သတ္တုတွင်းထွက်ပစ္စည်းအချို့နှင့် ငါး၊ ကဏန်းစသည့် ရေထွက်ကုန်ပစ္စည်းများနှင့် နွားများ တင်ပို့မှုများ ရှိနေကြောင်း သိရသည်။

ဆန်ဂိုဒေါင်၌ သိုလှောင်ထားသော ဆန်အိတ်များ။

သန့်ဇင် (မူဆယ်)

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ပြီး ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် စတစ်ကာများ ဖြန့်ဝေခြင်းကို မေ ၆ ရက်က ပဲခူးမြို့အမှတ် (၃) အခြေခံပညာအထက်တန်း ကျောင်းရှေ့၌ပြုလုပ်စဉ်။

ဟိန်းထက် (ပဲခူး)

မောင်တော၌ အရန်သားဖွားဆရာမသင်တန်းဆင်း

မောင်တော မေ ၆

ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဌာနနှင့် မာလ်တေဆာအင်တာနေရှင်နယ်တို့ ပူးပေါင်း ဖွင့်လှစ်ခဲ့သည့် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကို မေ ၆ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာကျော်မောင်မောင်သိန်းက အမှာစကားပြောကြားပြီး မာလ်တေဆာအင်တာနေရှင်နယ် (Malteser International)မှ စီမံကိန်းညှိနှိုင်းရေးမှူး Mr.Rakesh Mohan က သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အရန်သားဖွား ဆရာမများအား သင်တန်းဆင်းလက်မှတ်နှင့် သားဖွားရာတွင်အသုံးပြုသောပစ္စည်း(Auxiliary Midwifery Kits)ဘူးများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာ လဆန်းမှ မေ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၈ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဒလမြို့နယ်၌ တစ်လကျော်အတွင်း ရေဂါလန် ရှစ်သိန်းနီးပါး ဖြန့်ဝေပေးနိုင်ခဲ့

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဧပြီလအတွင်းမှစ၍ သောက်သုံးရေကန်များ ခန်းခြောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် ရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ် ရေနှင့်သန့်ရှင်းမှုဌာန၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အတွင်းရှိ အဖွဲ့အစည်းများက ဒလမြို့နယ် ရေပေးဝေရေးစခန်းရှိ သောက်သုံးရေများကို ဒေသခံပြည်သူများထံ လိုက်လံဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၁ ရက်မှ မေ ၅ ရက်အထိ အချိန်တစ်လကျော်အတွင်း ရေဂါလန် ၇၇၇၁၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း မြို့နယ် ရေနှင့်သန့်ရှင်းမှုဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးတိုးတိုးအောင်ထံမှ သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန တစ်ခုတည်းအနေဖြင့် ရေရှားပါးသော ရပ်ကွက်နှင့် ကျေးရွာများသို့ ဧပြီ ၁ ရက်မှ မေ ၅ ရက်အတွင်း ကားအခေါက်ရေ ၂၁၈ ခေါက်ဖြင့် ရေဂါလန်ပေါင်း ၂၅၄၄၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် မြို့ပေါ်ရှိ အံကြီးအရှေ့ရပ်ကွက်မှ သောက်သုံးရေကန် နှစ်ကန်နှင့် (၁၁/၁၄)ရပ်ကွက်မှ သောက်သုံးရေကန် တစ်ကန်တို့ကိုလည်း ရေပိုမိုသိုလှောင်နိုင်ရန် စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ပေးခဲ့ရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

ဒလမြို့ပေါ်ရှိ ရပ်ကွက်များ၌ မြေသားရေကန်ပေါင်း ၁၂၄ ကန်၊ ကျေးရွာများ၌ မြေသားရေကန်ပေါင်း ၂၀၅ ကန် စုစုပေါင်း ၃၂၉ ကန်ရှိကာ ဒလမြို့နယ်သည် ရေတွင်းတူးလျှင် ရေငန်များသာထွက်သည့်အတွက် နွေရာသီတွင် မိုးရေလှောင်ကန်များမှ ရေကိုသာအားထားသောက်သုံးနေကြရပြီး နှစ်စဉ်နှစ်တိုင်း သောက်သုံးရေခန်းခြောက်မှုနှင့် ရေရှားပါးမှုကို ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ရေကို အချိန်ဖြင့် ပေးဝေခြင်းနှင့် အလှူရှင်အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများက သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခြင်းကြောင့် ဒေသခံပြည်သူများ၏ ရေအခက်အခဲများကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့မှ ပြန်လည်တူးဖော်ရန်လိုအပ်သည့် သောက်သုံးရေကန်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းစီစဉ်၍ ရာသီဥတုအခြေအနေအပေါ် မူတည်ပြီး တူးဖော်ပေးသွားမည်ဖြစ်ကြောင်းလည်း မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆက်ဆံရေး တာဝန်ခံ ဦးတင်လှထံမှ သိရသည်။

ဒလမြို့နယ်အတွင်းရှိ ကျန်စစ်သားရပ်ကွက်၊ မော်စက် ရပ်ကွက်၊ (၆)နံပါတ်ရပ်ကွက်၊ ၁၁/၁၄ ရပ်ကွက်၊ ရာဇသင်္ကြန်ရပ်ကွက်၊ တံတားချောင်းစုံပြကျေးရွာ၊ ခနောင်ချောင်းဝကျေးရွာ၊ သပြေကုန်းကျေးရွာ၊ သက္ကယ်ကွင်းကျေးရွာ၊ ဝဲကြီးကျေးရွာတို့၌ သောက်သုံးရေကန်များ ခန်းခြောက်ကာ ရေရှားပါးလာသဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးနေသလို ရေကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေရှားပါးနေသော ကျေးရွာတစ်ရွာ၌ ရေများဖြန့်ဝေပေးနေစဉ်။

သတင်းနှင့်
ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)

မန္တလေး မြို့တည်နန်းတည် နှစ်(၁၆၀)ပြည့် အထိမ်းအမှတ် စာပေပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

မန္တလေး မေ ၆

မြန်မာတော်ဝင်အနွယ်တော်များ အစည်းအရုံး(MRDA)က စီစဉ်ကျင်းပမည့် ရတနာပုံ မြို့တည်နန်းတည် နှစ်(၁၆၀)ပြည့် အထိမ်းအမှတ် ပွဲတော်ကြီးအတွက် ဖိတ်ခေါ်အလွတ်တမ်းစာပေပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပရန် စီစဉ်ထားကာ ပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်ထားသည်။

အလွတ်တမ်းစာပေပြိုင်ပွဲကျင်းပရန် ညှိနှိုင်းအစည်းအဝေးကို မေ ၆ ရက်က မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံး၌ ကျင်းပခဲ့ပြီး မြို့နယ်ခုနစ်ခုရှိ စာရေးဆရာအသင်းဥက္ကဋ္ဌများ တက်ရောက်ကာ ပွဲတော်ကျင်းပရေးကော်မတီ အတွင်းရေးမှူး ထိပ်တင်ဝဏ္ဏစိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်များမှ ဥက္ကဋ္ဌများက အကြံပြု ဆွေးနွေးခဲ့သည်။

အလွတ်တမ်းစာပေပြိုင်ပွဲတွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ ဝတ္ထုတိုနှင့် ဆောင်းပါးကို A4 စာရွက်ဖြင့် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ ကြား ရှိရမည်ဖြစ်ကာ ကဗျာပြိုင်ပွဲတွင်မူ အမျိုးအစားနှင့် အရှည်ကန့်သတ်မှုမရှိကြောင်း၊ ပြိုင်ပွဲဝင်စာမူများကို ကွန်ပျူတာဖြင့်စာစီပြီး စာမျက်နှာတစ်ဖက်တည်းတွင် ရေးသားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်စာမူနှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်တို့ ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာမူများကို မေ ၂၀ ရက် နောက်ဆုံးထား၍ ဒေါ်ခင်ဝင်း၊ ဥက္ကဋ္ဌ၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းသို့ ပေးပို့ရမည်ဖြစ်ပြီး ဆုရရှိသူများအား အချိန်မီအကြောင်းကြားကာ ဆုများကို မေ ၂၆ ရက်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၄၀၂၇၀၁၁၈၈နှင့် ၀၉ ၂၀၃၁၄၅၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8626 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

CB BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank မန္တလေး(စ)ဈေး ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မန္တလေး(စ)ဈေး ဘဏ်ခွဲ

အမှတ် (တတ/၄၉)၊ (စ)ရပ်ကွက်မြို့သစ်၊ (၅၈)လမ်းနှင့်
ဘုရင့်နောင်လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

Tel : (95) **02 5154775**
Fax : (95) **02 5154776/ 5154778/ 5154779**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဘုံဖုံးဒေသ ၄၂ဒသမ၆၈ စတုရန်းကီလိုမီတာတွင် ဘီလပ်မြေထုတ်လုပ်ရန်အတွက် ထုံးကျောက်စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါဖွင့်ရက်နှင့်ပိတ်ရက်**

တင်ဒါဖွင့်ရက် - ၁၀-၅-၂၀၁၉ရက်(သောကြာနေ့) ၀၉း၃၀နာရီ

တင်ဒါပိတ်ရက် - ၁၀-၆-၂၀၁၉ရက်(တနင်္လာနေ့) ၁၆း၃၀နာရီ

၃။ စိတ်ဝင်စားသည့်ကုမ္ပဏီများသည် တင်ဒါလျှောက်လွှာပုံစံကို ဝန်ကြီးဌာန Website (www.mining.gov.mm)တွင် အခမဲ့ Download ရယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရန်-ဖုန်း-၀၆၇-၄၁၄၀၃၅၊ ၀၆၇-၄၁၄၅၄၁

e-mail -dgsejvsec@gmail.com

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(သတ္တုရေးရာ)
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ရာဇသင်္ဂဟလမ်း၊
နေပြည်တော်

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ကားတာယာနှင့် ဘတ္တရီများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်မှာ ၆-၅-၂၀၁၉ရက်မှ ၅-၆-၂၀၁၉ရက်ထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည့်ရက်မှာ ၆-၆-၂၀၁၉ရက် ၁၀း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တင်ဒါတစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၄၅)တွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

အမည်ပြောင်း

ဦးအေးမင်းထွန်း၊ ဒေါ်အေးသင်းကြူတို့၏သမီး မုံရွာမြို့နယ်၊ ကျောက်ကာမြောက်ရွာ၊ အလက ဆဋ္ဌမတန်းမှ မဆုမြတ်စန္ဒီအား မဆုသွန်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၇)၊ နဝမတန်း (B)မှ မကျော့ကျော့ဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်မင်း ၅/မရန(နိုင်)၀၄၃၃၁၉ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8696 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖခင်အမည်မှန်

တမူးမြို့၊ ဈေးတန်း (၁၁)ရပ်ကွက်နေ မလျှန်ဒိတ်လွန်၊ မောင်ခုပ်ဟောက်ထန်တို့၏ ဖခင်အမည်မှန်မှာ ဦးခန်အက်မန် ၅/တမန(နိုင်)၀၅၃၈၇၅ ဖြစ်ပါကြောင်း။

သင့်ဘဝအခက်အခဲများကိုဖြေရှင်းပေးပါသည်

ဆရာရှင်မင်း(B.A)

မနောစွမ်းအား နှုန်း-၅၀၀၀ိ/

မန္တလေးမြို့မှထိပ်တန်းပညာရှင်ရန်ကုန်မြို့သို့ရောက်ရှိနေပါသည်။ဖြစ်လိုသောကိစ္စများကိုမနောစွမ်းအားဂမ္ဘီရပညာဖြင့်စီမံဆောင်ရွက်ပေးသည်အိမ်မြေကား ရောင်းဝယ်ဆောင်ရွက်ပေးသည် ရောင်းထွက်ပြီးမှဥာဏ်ပူဇော်ပေးပါ တိုက်(၂၁)၊၀ထပ်၊ပြည်တော်အေးလမ်း၊သင်္ဃန်းကျွန်း၊စံပြဈေးရှေ့ဖုန်း09-421164758,09977226292

အများသိစေရန်ကြေညာခြင်း

လွှယ်ဟိန်းကုမ္ပဏီလီမိတက်မှ Real အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများ၏ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

လွှယ်ဟိန်းကုမ္ပဏီလီမိတက် (09-5187743)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၌ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၉နှင့်ဆက်နွှယ်သည့် ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၆

၁။ ဒေါ်သန်းသန်းအေး ၂။ ဒေါ်ခိုင်ခိုင်လတ် အမှတ်(၁၁၅၄)၊စိန်ချယ်လမ်း၊ (၁၉)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။	**နှင့်**	ဦးသောင်းထွန်း အမှတ်(၈၅၆)၊မောင်းမကန်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဒီကရီအနိုင်ရသူများ		**တရားရုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မောင်းမကန်လမ်း၊ အမှတ် (၈၅၆)နေ ဦးသောင်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် (၄၉)တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၁၆ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် မေ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စန္ဒာမြင့်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ဖခင်အမည်မှန်

တမူးခရိုင်၊ မြို့သစ်မြို့၊ စေတီကျေးရွာနေ မောင်လက်ဂိုထန်၏ ဖခင်အမည်မှန်မှာ ဦးငမ်လင်းထန် ၅/တမန(နိုင်)၀၇၉၆၃၆ ဖြစ်ပါကြောင်း။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ၂၀၁၈-၂၀၁၉ခုနှစ် (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ၂၀၁၈-၂၀၁၉ခုနှစ် (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့)

ကျင်းပမည့်အချိန် - နံနက် ၉နာရီ

ကျင်းပမည့်နေရာ - Sedona Hotel (Ballroom)

အသင်းဝင်များသာတက်ရောက်ပေးပါရန်

မှတ်ချက်။ ။ ညစာစားပွဲလက်မှတ်များကို အသင်းရုံးခန်းတွင်ကြိုတင်ဝယ်ယူနိုင်ပါသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း
ဖုန်း-၂၅၄၅၆၆၊ ၃၈၉၃၈၀

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/6380 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊မြေကွက်အမှတ်(၈၀၄/က)၊မြေကွက်တည်နေရာအမှတ်(၈၀၄/က)၊သံသုမာလမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်ဦးစန်းငွေ(CG-၀၆၅၁၈၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးစန်းငွေ(CG-၀၆၅၁၈၇)မှမြေတိုင်းလျှောက်ထားလာရာမြေရာဇဝင်မှတ်ချက်ပါတဥ/ပုံ-၂၈၉၁/၀၄(၃၀-၉-၀၄)တွင်ဦးစန်းငွေမှကူးယူခဲ့သောဘက်ဈေးရန်မြေပုံ၊မြေရာဇဝင်ပျောက်ဆုံးကြောင်းတင်ပြလာသဖြင့်အဆိုပါလျှောက်ထားမှုအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဦးဘီရ်ဆင်း(ဘ)ဦးပီအက်စ်လားမား ၉/မမန(နိုင်)၀၄၄၃၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဦးဘီရ်ဆင်းသည် ပူးတွဲဖော်ပြပါ New APOLLO အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၄၆၉၅/၂၀၁၉အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ရေသန့်ရောင်းဝယ်ရေးလုပ်ငန်းကို မန္တလေးမြို့တွင် အခြေပြုပြီး မြန်မာတစ်နိုင်ငံလုံးတွင် လုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအမှတ်တံဆိပ်သည် ဦးဘီရ်ဆင်း၏ မူပိုင်အဖြစ်အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါကြောင်း၊ ထို့ပြင် New APOLLO အမှတ်တံဆိပ်အား ကုန်ပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် တွယ်ကပ်၍၊ ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍ အသုံးပြုလျက်ရှိပြီးအခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုတိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရှေ့နောက်စာလုံးတိုး၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ လုပ်ကိုင်ခြင်းတို့ကိုမပြုလုပ်ကြရန်၊ ပြုလုပ်ပါက New APOLLO လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးဘီရ်ဆင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဘုန်း LL.B
(စဉ်-၁၀၃၈၈)
တရားလွှတ်တော်ရှေ့နေ

ဦးရဲဝင်း LL.B	**ဦးနေလင်း LL.B**	**ဒေါ်ဇင်ဇင်စိုး LL.B**	**ဒေါ်အေးစုထွန်း LL.M**
(စဉ်-၄၈၉၇၈)	**(စဉ်-၄၀၉၇၄)**	**(စဉ်-၄၈၁၈၁)**	**(စဉ်-၁၃၄၇၃)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**

ဖုန်း-၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇၊ ၀၉-၉၅၃၀၃၇၈၆၇
အမှတ်(အေ-၈)၊ ၃၁လမ်း၊ ၇၀×၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်နေ ဦးခင်မောင်ကလေး ၉/ညဥန(နိုင်)၀၃၆၄၅၅မှ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၈)၊ လေးရွာကွင်း၊ မြေကွက်အမှတ် (၅၀၄/၅၀၅)၊ မြေဧရိယာ ၀ဒသမ၁၂၉ဧကရှိမြေအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန
ကျောက်ပန်းတောင်းမြို့

ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပြင်ဦးလွင်မြို့နယ်တရားရုံးတော် ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ကိုအောင်ဆန်းဇော်	**နှင့်**	မသီသီအောင်
တရားလို		**တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ တိုက်အမှတ် (ဘီ/၁၇-ခ)၊ ကားကြီးဝင်းတိုက်တန်းနေ တရားပြိုင် မသီသီအောင် (ဘ/ဦးကျော်သီဟ) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ကိုအောင်ဆန်းဇော်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၃ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်နေ ဦးခင်မောင်ကလေး ၉/ညဥန(နိုင်)၀၃၆၄၅၅မှ ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်ကွက်၊ ကွင်းအမှတ် ၂၀၆၈ လေးရွာကွင်း၊ မြေကွက်အမှတ် (၁၈၀)၊ မြေဧရိယာ ၀ဒသမ၀၅၀ဧကရှိမြေအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်)လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကျောက်ပန်းတောင်းမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်ရပ်ကွက်နေ ဦးမိုးကျော် ၉/ကပတ(နိုင်)၁၈၅၉၆၇မှ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်ရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၇)၊ တောင်ဝကွင်း၊မြေကွက်အမှတ်(ပ/မ-၁၃၇)၊မြေဧရိယာ ၀ဒသမ၀၈၆ဧကရှိမြေအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်)လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်းအထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကျောက်ပန်းတောင်းမြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပြုံးချို (ဘ)ဦးမောင်မောင် ၉/တကန(နိုင်)၂၀၉၉၃၉၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၄၂၁၉၈

သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပွင့်ဖြူ ၁၂/ဗဟန(နိုင်)၀၈၇၇၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

NORTHERN BREEZE COMPANY LIMITED(သို့)မြောက်ပြန်လေပြေလေညှင်း ကုမ္ပဏီလီမိတက်ကို ၂၅-၁-၂၀၁၇ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ဒေါ်ပွင့်ဖြူမှ ဒါရိုက်တာတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

သို့သော် ယခုအခါဒေါ်ပွင့်ဖြူသည် အဆိုပါကုမ္ပဏီတွင်ဒါရိုက်တာတစ်ဦးအနေဖြင့်ဆက်လက်လုပ်ကိုင်လိုသည့်ဆန္ဒမရှိတော့သည့်အတွက် ၂၆-၄-၂၀၁၉ ရက်မှစ၍ DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION တွင် တရားဝင်ဒါရိုက်တာတစ်ဦးအနေမှ နုတ်ထွက်ခွင့်လျှောက်ထားတင်ပြခဲ့ရာ နုတ်ထွက်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ပွင့်ဖြူသည် အဆိုပါ NORTHERN BREEZE COMPANY LIMITED နှင့်ပတ်သက်၍နောက်နောင်တွင် ဖြစ်ပေါ်လာမည့် အရှုပ်အရှင်းတစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် တရားဝင်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုနာလီဇာမောင်မောင်ခ
LL.B,LL.M,D.B.L
အထက်တန်းရှေ့နေ(စဉ်-၄၁၆၆၆)
အမှတ်(၅၅၉)၊သမာဓိ ၄လမ်း၊မြောက်ဒဂုံမြို့နယ်၊
ဖုန်း-၀၉-၃၁၄၉၁၂၁၆

စာအုပ်စာပေ လူ့မိတ်ဆွေ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ နတ်လမ်း၊ မုခ်ဦး၊ ရေတွင်း ဒါယကာကြီး

ဦးဘသီ(ခ)ဘသိန်းအောင် (မာန်အောင်-ကျောက်တန်း)

ဒို့ညီနောင်ရွှေ ပန်းထိမ်နှင့်နန်းထိုက်ရွှေဆိုင်

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၂၂)နေ (ဦးဘဇံ-ဒေါ်ညိုရင်)တို့၏သား၊ (ဦးထွန်းအေး-ဒေါ်အေး)တို့၏သားသမက်၊ (ဒေါ်မြင့်စန်း)၏ခင်ပွန်း၊ ဦးဘကို-ဒေါ်သန်းသန်းမြင့်တို့၏ညီ၊ ဦးဖြူ-ဒေါ်သန်းကြည်တို့၏မောင်၊ ဦးလှမင်းထွေး-ဒေါ်လှနုခိုင်၊ ဒေါ်ဖြူနုခိုင်၊ ဦးကျော်ဇံမြ-ဒေါ်စုမာကျော်၊ မောင်အာကာကျော်တို့၏ဖခင်၊ မခင်ထက်ထက်ကျော်၊ မောင်သျှန်ဟိန်း၊ မဟန်နွေထက်စံ၊ မောင်မြတ်ဘုန်းမောင်တို့၏အဘိုးသည် ၆-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပါဒကြီးဝါးကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးစောလောရင့်စ်သော်

ဘားအံကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)

အသက်(၈၃)နှစ်

ဦးစောလောရင့်စ်သော် [ကျောင်းအုပ်ကြီး(ငြိမ်း)ဘားအံကောလိပ်]သည် ၁-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၁၀နာရီတွင် ၎င်း၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့်ဘားအံတက္ကသိုလ်မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်အေး (ကွဲပွဲ) အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် ၆၃(B)နေ (ဦးသိန်း-ဒေါ်ရွှေသင့်)တို့၏သမီး၊ (ဦးလွန်းကျော်)၏ချစ်လှစွာသောဇနီး၊ ဦးစိုးလွင်ဦး-ဒေါ်ခင် သီတာ၊ ဦးအောင်ကျော်ထူး(မဟာမိတ်ဆောက်လုပ်ရေး)၊ ဦးမင်းမောင်-ဒေါ်နွယ်နီတို့၏ချစ်လှစွာသောမိခင်၊ မဆုဝတီ(CB Bank)၊ မမေဂျူလိုင်စိုး(AYA Bank)တို့၏ အဘွားသည် ၆-၅-၂၀၁၉ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်အေး

တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒု-ဥက္ကဋ္ဌ(၁)၊မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဒေါ်ညွန့်ညွန့်တင်၏ခင်ပွန်း ဦးတင်အေး (ဒု-ဥက္ကဋ္ဌ-၁)သည် ၃-၅-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း (ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်မောင်

တွဲဖက်ပါမောက္ခ၊ ပထဝီဝင်(ငြိမ်း)၊ စီမံ/ဘဏ္ဍာဌာနမှူး(ငြိမ်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အမှတ်(၁၆/က) နေ ဦးမြင့်မောင်သည် ၄-၅-၂၀၁၉ရက်(စနေနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ကိုကိုခင်မောင်သန်း(အမဲလေး)မိသားစု၊ မြိတ်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြသန်း

အသက်(၇၄)နှစ်

အစ်ကိုကြီး ကိုအောင်ဆွေ၏ မိခင်ဒေါ်မြသန်းသည် ၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၉)မှ သူငယ်ချင်းများနှင့် ညီငယ်မိသားစုဝင်များ

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်အိုကမ်း

(ပုလော/ကျောက္ကာ)

အသင်းဝင်အမှတ်(၁၁၁၉)

အသက်(၇၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာနေ ဦးဘကြိုင်၏ဇနီး သည် ၄-၅-၂၀၁၉ရက် (စနေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ကျောက္ကာရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

ဒေါ်သီ

အသက်(၇၉)နှစ်

သူငယ်ချင်း ဒေါက်တာအေးအေးသန့် (ဆေးရုံအုပ်၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သီသည် ၄-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

11/87-Batch

ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ

ရဟန်းဒါယိကာမကြီး

ဒေါ်မြင့်မြင့်(ပန်းတနော်)

မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးမောင်ခင်-ဒေါ်မယ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် ၄၉၁ နေ ဦးညွန့်မောင်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ဇနီး၊ (ဦးမောင်သောင်း)-ဒေါ်တင်တင်မြတို့၏အစ်မ၊ ဦးဗိုလ်ဗိုလ်နိုင်၊ ဦးမင်းမင်းနိုင်-ဒေါ်လှမြတ်မော်၊ ဦးလင်းလင်းနိုင်တို့၏မိခင်၊ မောင်ကောင်းသက်နိုင်၊ မသိမ့်သဉ္ဇာနိုင်တို့၏အဘွားသည် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ စိုးမောင်

သွားဆရာဝန်(ငြိမ်း)

(မင်းဘူးမြို့)

အသက်(၆၅)နှစ်

သွားဆရာဝန် ဒေါက်တာစိုးမောင်(ငြိမ်း)သည် ၃-၅-၂၀၁၉ရက်(သောကြာနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မင်းဘူးမြို့၊ အမှတ်(၂)စည်ပင်သာယာဈေးသစ် တည်ဆောက်ရေးကော်မတီ

ဒေါ်ခင်နွဲ့အေး

မန်နေဂျာ၊

မြန်မာ့အမျိုးသားလေကြောင်း

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၁၈(ခေါင်းရင်း၊ မြေညီ)နေ (ဦးအေးကို-ဒေါ်လှတင်)တို့၏သမီး၊ ဦးကျော်စိုး-ဒေါ်နုနုဝင်း၊ (ဦးထွန်းအောင်ကျော်)-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးသောင်းတင်-ဒေါ်အေးအေးကျော့(မြန်မာ့အမျိုးသားလေကြောင်း)တို့၏ညီမ၊ ဦးနိုင်စိုး၊ ဒေါ်လှလှဝေ (ပုသိမ်စိုက်ပျိုးရေးတိုင်းရုံး)တို့၏အစ်မသည် ၆-၅-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၉ရက်မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း(T.T.C)97 Section (E) ကျောင်းသူဟောင်း မအေးဖြိုးဖြိုးသန်း အသက်(၃၉)နှစ်သည် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၀နာရီတွင် ရန်ကုန်အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

T.T.C(97)(E) သူငယ်ချင်းများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ပြုံးနိုင်(ခ)ဒေါ်နယ်လီ အသက်(၇၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇောတိကလမ်း၊ အမှတ် (၈၆/၃၀) နေ(ဦးဝမ်လီပေ့-ဒေါ်ကျန်းမာရင်း)တို့၏သမီး(သိက္ခာတော်ရဆရာRev.L.ဇော်ယော်-ဆရာမ ဒေါ် M နန်ဆိုင်း)တို့၏ချွေးမ၊ (ဦးအယ်လ်ခွန်နောင်)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းမြင့်-ဒေါ်ငွေကြူ၊ ဦးလှဦး-ဒေါ်မြင့်မြင့်တို့၏အစ်မ၊ Rev. ဦးအယ်လ်ခွန်ဂစ်(U.S.A)၊ ဦးအယ်လ်ဇော်လ၊ ဦးအယ်လ်ဇော်ရှန်း၊ဦးအယ်လ်ဇော်ဂွန်း၊ Rev. ဦးအယ်လ်ဇော်ယာ(U.S.A)၊ ဒေါ်အယ်လ်ဆိုင်းဘူ၊ (ဒေါက်တာအယ်လ်ဇော်ဘ)တို့၏ မရီး/ယောက်မ၊ ဦးအယ်လ်ဇော်ဆိုင်း(ခ) ဦးအောင်ဆန်းယု၊ဦးအောင်နိုင်ဝင်း-(ဒေါ်အယ်လ်နန်းကြွယ်)၊ ဦးမြင့်ဆွေ-ဒေါ်အယ်လ်နန်းဆန်၊ (ဦးအယ်လ်ဇော်ခွန်လီ) တို့၏မိခင်၊ မအဲလစ်(စ်)ကမ္ဘာအောင်၊ မောင်ဒယ်နီယယ်ဂမ်ဆိုင်း၊ မောင်ဒေးဗစ်သူရအောင်၊ မလီလီဆိုင်းမွန်တို့၏အဘွားသည် ၅-၅-၂၀၁၉ရက် နံနက် ၉း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၅-၂၀၁၉ရက်နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇောတိကလမ်း၊ အမှတ်(၈၆/၃၀)နေအိမ်နှင့် အမှတ် ၄၀/B၊ ရွှေပြည်အေးလမ်း၊ ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်အသင်း တော် စမ်းချောင်းမြို့နယ်မှ ကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ည)၊မြေကွက်အမှတ်(၆၃၅/က)၊မြေကွက်တည်နေရာအမှတ်(၆၃၅/က)၊ရော(၁၃)လမ်း၊(ည)ရပ်ကွက်၊ဒေါ်ညွန့်(CB ၀၁၁၉၆၈)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(မိခင်)ဒေါ်ညွန့်သည်(၁၄-၅-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ဖခင်ဦးအိပ်သည်(၃-၅-၁၉၅၈)ရက်နေ့တွင်လည်းကောင်း၊အသီးသီးကွယ်လွန်ခဲ့သဖြင့်၎င်းတို့မှမွေးဖွားသောသားနှင့်သမီးများဖြစ်ကြသည့်ဦးလှထွန်း(၁၂/ဥကမ(နိုင်)၀၈၂၆၈၂)နှင့်သမီးဖြစ်သူဒေါ်နွဲ့အေး(၁၂/ဥကမ(နိုင်)၁၄၅၀၂၈)တို့ကကွယ်လွန်သူတို့၏သားသမီးများတော်စပ်ကြောင်းကိုမြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၏ကျမ်းကျိန်လွှာအမှတ်-၁/၁၂၆၂/၂၀၁၃နှင့်သေစာရင်းများ၊အိမ်ထောင်စုစာရင်းမူရင်း၊ဒေါ်ညွန့်အမည်ပေါက်ဂရန်တို့ကိုတင်ပြ၍၎င်းတို့ထံမှရန်ကုန်တိုင်းစာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏(၆-၁၁-၂၀၁၈)နေ့စွဲပါအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၇၈၃/၂၀၁၈)ကိုလက်ခံရရှိသူဒေါ်တင်မိုးနိုင်(၁၂/ဥကမ(နိုင်)၁၅၄၅၂၀)မှပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၁)ထပ်ပျဉ်ထောင်၊လူမနေအိုဟောင်းပျက်စီးနေခြင်းနှင့်ပတ်သက်၍ပြဿနာအငြင်းပွားမှုမရှိပါကြောင်းဝန်ခံကတိပြုတင်ပြလျှောက်ထားလာပါသဖြင့်အဆိုပါပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူမဆိုအထောက်အထားများဖြင့်ဤကြော်ငြာပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်မိုးခိုင်

အသက်(၅၁)နှစ်

မကွေးမြို့၊ စိုးကောမင်းရပ်၊ တောင်တွင်းလမ်း၊ ရွှေနိုင်ငံနေ ဒေါက်တာကျော် ကျော်ခိုင်(သတ္တဗေဒ ဌာန၊ မကွေးတက္ကသိုလ်)၏ဇနီး၊ မောင်ထွန်းလူ၏မိခင် ဒေါက်တာခင်မိုးခိုင် (တွဲဖက်ပါမောက္ခ၊ ပခုက္ကူတက္ကသိုလ်)သည် ၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

85-92 MDC သတ္တဗေဒလူမှုအထောက်အကူပြုအဖွဲ့

မကွေးတက္ကသိုလ်

ဦးကျော်နိုင်ဝင်း (စစ်တွေ)

အထက်တန်းသူနာပြု

အသက်(၄၃)နှစ်

ရန်ကုန်မြို့ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ ဝန်ထမ်းအိမ်ရာ၊ တိုက်(B)၊ အခန်း ၁၃နေ [ဦးမောင်စိန်လှ(မြို့နယ် ဦးစီးမှူး(ငြိမ်း)၊ တိ/မွေး/ကု)]-ဒေါ်အေးသာစိန်(ကျန်းမာရေးဆရာမ၊ငြိမ်း)တို့၏သား၊ ဦးကျော်ဇောဦး(RTC၊ငြိမ်း)-(ဒေါ်ခင်ခင်အေး)၊ (ဗိုလ်မှူးသာထွန်းအောင်)-ဒေါ်စံနှင်းသာ(အထပြ၊ ငြိမ်း)၊ ဦးအောင်ကျော်သာ-ဒေါက်တာမြမြရွှေ၊ ဒေါ်စံကျော့သာ(စာရင်းစစ် ဦးစီးအရာရှိ၊ ငြိမ်း)၊ ဒေါ်ဖြူဖြူအေးတို့၏တူ၊ ဦးကျော်နိုင်ဦး(နော်ဝေ)-ဒေါ်ချမ်းမြသန္တာထွေး(နော်ဝေ)တို့၏ညီ၊ ဦးကျော်နိုင်ထွန်း-ဒေါ်မူမူမောင်၊ ဦးအောင်နိုင်ထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်ဖြိုးဖြိုး သွယ်တို့၏အစ်ကို၊ ဒေါ်ဟေမာဝင်း၏ခင်ပွန်း၊ မောင်ကျော်မင်းခန့်၊မမေပုဏ္ဏမီကျော်တို့၏ ဖခင်သည် ၄-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ရက် (တနင်္လာနေ့)ညနေ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအား ရည်စူး၍ ၁၀-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာချက်

၁။ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၂)လမ်း၊ မြေကွက်အမှတ်(၇နှင့် ၇အေ)တွင် ခန်းတည်း(၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးတင်ထွန်း+ဒေါ်ခင်ခင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးလားလှ(LC-716)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးလှမျိုးကျော်(LS-2009)တို့ဖြင့် ဤဌာနမှ (၁၅-၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၂၁၇၉/ ၂၁၈၀/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား မူလကြီးကြပ်လိုင်စင်ရကန်ထရိုက်တာ ဦးလားလှ(LC-716)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဦးလှမျိုးကျော်(LS-2009)အစားလိုင်စင်ရကန်ထရိုက်တာ ဦးကြည်စိုး(LC-711)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးကျော်မြင့် (RSE-1231) သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(၂)ဦး၊ ယခင်လိုင်စင်ရအင်ဂျင်နီယာနှင့်ပြောင်းလဲဆောင်ရွက်မည် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ ဌာနသို့လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကခိုင်လုံသောအထောက်အထားများဖြင့်ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ရက်ပေါင်း(၁၅)ရက်အတွင်းလျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၂)၊ မြေကွက်အမှတ်(ဉစီ+၁၈ဒီ)၊ မြေကွက်တည်နေရာအမှတ်(၅၈၇/ရ)၊ ပြည်ရိပ်သာလမ်း(၈)ရပ်ကွက်၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ)အမည်ပေါက်ဒေါ်ကြည်မြေအားအမည်ပေါက် ဒေါ်ကြည်(မိခင်)သည်(၂၆-၁၁-၁၉၉၈)ဖခင်ဖြစ်သူဦးကွမ်စိန်(၂၄-၁၀-၁၉၉၂)၊ သမီးတစ်ဦးဖြစ်သူဒေါ်ရီရီသိန်း(ခ)ဒေါ်အယ်နီသိန်း(၁၄-၅-၂၀၁၈)နှင့်ခင်ပွန်းဖြစ်သူဦးကျော်ကျော်ဟိုးသည်(၁၅-၁၁-၂၀၁၅)ရက်နေ့တွင်အသီးသီးကွယ်လွန်သဖြင့်အမည်ပေါက်၏ [illegible] ဒေါ်ရီရီသိန်း(ခ)ဒေါ်အယ်နီသိန်း၏တစ်ဦးတည်းသောသား [illegible] သူ ဦးတေဇထိုက်(၁၂/မရက(နိုင်)[illegible])တို့က [illegible] အမွေဆက်ခံခွင့်ရှိကြောင်းနှင့် [illegible] အမွေဆက်ခံခွင့်ရှိ တစ်ဦးတစ်ယောက်မှ မရှိကြောင်း(၃၀-၁-၂၀၁၉)ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၁စောင်၊ ထောက်ခံကျမ်းကျိန်လွှာ၂စောင်၊ မြေအမည်ပေါက်စာချုပ်၊ သေစာရင်း၄စောင်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားတို့ကိုတင်ပြပြီးပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(စ)၊မြေကွက်အမှတ်(၆၁၂/ခ)၊မြေကွက်တည်နေရာအမှတ်(၆၁၂/ခ)၊သန္တာ(၄)လမ်း၊(စ)ရပ်ကွက်၊ဦးလှမင်း(YSO-၁၄၂၂၃၈)၊ဒေါ်တင်မာရီ(BMO-၁၅၂၃၇၇)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်သူ(၂)ဦးအနက်ခင်ပွန်းဖြစ်သူဦးလှမင်းသည်(၂၀-၈-၂၀၁၆)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်တင်မာရီ(၁၂/ဥကမ(နိုင်)၀၆၁၉၆၇)မှအမွေဆက်ခံခွင့်ရှိကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ကျမ်းကျိန်လွှာအမှတ်(၁၀/၁၄၉၇)၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ဒေါ်တင်မာရီထံမှGP No-၁၀၁၇၆/၁၈(၂၆-၉-၁၈)ဖြင့်ရရှိသူဒေါ်အေမီကျော်(၇/ညလပ(နိုင်)၁၃၅၁၆၇)မှပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်အဆောက်အဦးရှိကိုယ်တိုင်မနေ၊အငှားထားရှိခြင်းအတွက်ပြဿနာမရှိ၊တာဝန်ယူပါကြောင်းဝန်ခံကတိပြုတင်ပြထားပါသဖြင့်အဆိုပါပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၆၄)၊မြေကွက်အမှတ်(၃၉)၊ဧရိယာ(၀-၉၅)ဧက၊မြေကွက်တည်နေရာအမှတ်(၅၆၄)၊ပြည်လမ်း၊မင်္ဂလာဒုံမြို့နယ်၊ဦးထွန်းတင် ပါ၇ အမည်ပေါက်၊မြေအမျိုးအစား-L,Gမြေအားမင်္ဂလာဒုံမြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်-၆၁/၂၀၁၆(၁၅-၉-၁၆)ရက်စွဲပါဒီကရီချက်နှင့်ဒီကရီယင်တရားရုံး၏တရားမဓာရီမှုအမှတ်-၄၄/၂၀၁၆(၇-၁၀-၁၆)ရက်စွဲပါအမိန့်အရအရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၂၃၄၉/၂၀၁၈(၈-၈-၁၈)ဖြင့်ပိုင်ဆိုင်သူဦးအောင်နိုင်သူဇစ်တာ(၁၂/ဗတထ(နိုင်)၀၃၀၄၀၇)၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၈၆(၁၅-၁-၁၆)ရရှိသူဒေါ်ကျင်ခင်တီ(ခ)ချိန့်ခင်တီ(၁၂/ဗတထ(နိုင်)၀၃၀၄၀၇)မှအထက်ဖော်ပြပါတရားရုံးအမိန့်များ၊အရောင်းအဝယ်စာချုပ်၊ကိုယ်စားလှယ်လွှဲစာ၊ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်းတရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ဂရန်သက်တမ်းတိုးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊မြေကွက်အမှတ်(၅၂)၊မြေကွက်တည်နေရာအမှတ်(၅၂)၊(၉)ရပ်ကွက်၊ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ဦးခင်မောင်ဝင်း(၁၂/သကတ(နိုင်)၀၂၁၉၈၄)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးမောင်မောင်ဝင်း(ကွယ်လွန်)၏ဇနီးဖြစ်သူဒေါ်စောစန္ဒာ(၁၂/သကတ(နိုင်)၀၂၁၉၈၄)ထံမှအရပ်ကတိစာချုပ်ဖြင့်(၁၀-၉-၂၀၁၄)ရက်နေ့တွင်ဦးအောင်တေဇာ(၁၀/မလမ(နိုင်)၁၈၄၅၄၂)မှလည်းကောင်း၊ဦးအောင်တေဇာထံမှအရပ်ကတိစာချုပ်ဖြင့်(၂၃-၉-၂၀၁၄)ရက်နေ့တွင်မသီဂီထွန်း(၁၀/သဖရ(နိုင်)၁၂၂၅၈၄)မှလည်းကောင်း၊မသီဂီထွန်းထံမှ(၈-၁-၂၀၁၈)ရက်နေ့တွင်ဦးမောင်မောင်သန်း(၁၂/လမတ(ဧည့်)၀၀၀၅၃၁)မှလည်းကောင်း၊ဦးမောင်မောင်သန်းထံမှ(၃၁-၁-၂၀၁၈)ရက်နေ့တွင်ဒေါ်တင်တင်လှိုင်(၁၂/သကတ(နိုင်)၁၁၉၆၈၇)မှဝယ်ယူပြီးပါမစ်မူရင်း(မူရင်းတံဆိပ်မပါ)စာချုပ်၊အမည်ပေါက်ဦးမောင်မောင်ဝင်း၊သေစာရင်းမိတ္တူတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာအမည်ပေါက်၏ဇနီးဖြစ်သူဒေါ်စောစန္ဒာထံမှဝယ်ယူထားခြင်းအားရှင်းလင်းရန်အကြောင်းကြားခဲ့ရာအမည်ပေါက်ဦးမောင်မောင်ဝင်းသေစာရင်းမိတ္တူသာရှိကြောင်း၊စာချုပ်အဆင့်ဆင့်ဝယ်ယူထားသူဖြစ်၍ဒေါ်စောစန္ဒာအားရှာဖွေမတွေ့ရှိကြောင်း၊ပါမစ်မူရင်းလက်ဝယ်ရှိပါသဖြင့်ဂရန်သစ်လျှောက်ထားမှုအားဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်နှင့်တာဝန်ယူကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ကျမ်းကျိန်အမှတ်စဉ်(၁/၁၀၄၂)(၁၅-၁-၁၉)ဖြင့်ကျမ်းကျိန်လွှာပူးတွဲတင်ပြထားပါသည်။ဌာနမှကွင်းဆင်းစစ်ဆေးရာတွင်၄၀'×၆၀'ရှိပြီးမြေကွက်လပ်ဖြစ်ပါသည်။သို့ဖြစ်ပါ၍ဒေါ်တင်တင်လှိုင်မှပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ ညှိနှိုင်းအစည်းအဝေးကျင်းပ

လွိုင်ကော်　မေ　၆

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ Famous Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) က မတ် ၁၈ရက်တွင် KNPP နှင့် NRPC တို့ နေပြည်တော်တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ထိုသို့ ဆွေးနွေးခဲ့ရာတွင် အပြုသဘော ဆောင်သည့် သဘောတူညီချက်တချို့ ရရှိခဲ့ပါကြောင်း၊ ယင်းတို့မှာ ပညာရေး၊ ကျန်းမာရေးကိစ္စနှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်ရမည့် အသိအမှတ်ပြုခြင်းဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်မွေးထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ထပ်မံပြုလုပ်မည့် ဆွေးနွေးပွဲများတွင်

စာမျက်နှာ ၁၀　ကော်လံ ၁ ✳

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။　သတင်းစဉ်

မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီး စာ ➤ ၁၁

မိုးညှင်းမြို့နယ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး တန်ချိန် သုံးရာခန့် သိမ်းဆည်းရမိ စာ ➤ ၁၃

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့) မေ ၈ ရက် ဆက်လက်ကျင်းပမည်

ရှုံးထွက်ပွဲကစားရမည့် မကွေးအသင်း။　ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန်　မေ　၆

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့)ကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့တွင် သုံးပွဲပါဝင်မည်ဖြစ်သည်။

ဒုတိယနေ့အဖြစ် မေ ၈ ရက်တွင် အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း၊ ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တွင် ကျင်းပလျက်ရှိပြီး မေ ၁ ရက်က ကျင်းပသည့်နှစ်ပွဲတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့

စာမျက်နှာ ၁၂ ကော်လံ ၅ ✳

ရောဝတီမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော်　မေ　၆

ရောဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် မေ ၃ ရက်၌ ငါးပေခွဲခန့်နှင့် မေ ၆ ရက် ည ၈ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့တွင် ၅၄၇ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ တစ်ရက်အတွင်း ရှစ်ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ရက်မှ နှစ်ရက်အတွင်း လေးပေမှ ငါးပေခန့်နှင့် သပိတ်ကျင်းမြို့တွင် တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်ခဲ့ပြီး ဖြစ်သည်။

ရောဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ လေးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ နောက်တစ်ရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ နောက်လေးရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

မိုး/ဇလ

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်
၂၀၁၉ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့

Yangon Night Market
ဩဂုတ်လအတွင်း ဖွင့်တော့မည်

တင်ဝင်းလေး

ယခုအခါ အလုမ်းတိုင်များ အစီအရီစိုက်ထူထားသကဲ့သို့ အသစ်တစ်ဖန် ပြန်လည်ဖွင့်လှစ်တော့မည့်ဈေး၏ စီမံရေးရာရုံးခန်း၊ တစ်ဖက်တစ်ချက်တွင် ဘဏ်အသီးသီးမှ ATM ငွေထုတ်စက်များ၊ ငွေချိန်းကောင်တာများ ထားရှိမည့်အပြင် ဈေးရောင်းသူများ၊ ဈေးတန်းလာပြည်သူများ ရုတ်တရက်ကျန်းမာရေးအလို့ငှာ စောင့်ရှောက်အကူအညီပေးနိုင်ရန်အတွက် ဆေးခန်းတစ်ခန်းကိုလည်း တည်ဆောက်နေပြီကို တွေ့ရသည်။

၂၀၁၆ ခုနှစ်အတွင်းက လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရက ဖွင့်လှစ်ပေးခဲ့သော ရန်ကုန်ကမ်းနားညဈေးကို ယခုအခါ Yangon Night Market ဟု အင်္ဂလိပ်အခေါ်အဝေါ် ခေတ်ဆန်ဆန်ဖြင့် ဩဂုတ်လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

တစ်ချိန်က ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရေးနှင့် လမ်းဘေးဈေးသည်များကို စနစ်တကျနေရာအတည်တကျရောင်းချနိုင်ရေးအတွက် ရည်ရွယ်၍ ဗိုလ်တထောင်မြို့နယ်မှ လမ်းမတော်မြို့နယ်အထိ ကမ်းနားလမ်းတစ်လျှောက်နေရာပေးရောင်းချစေခြင်းဖြစ်သည်။

ဖွင့်စပထမကာလ၌ စည်စည်ကားကားရှိခဲ့သော်လည်း တဖြည်းဖြည်းအရောင်းအဝယ်ပါးလာခြင်းနှင့်အတူ ဈေးတန်းမှာ ခြောက်ကပ်လာခဲ့သည်။ ယာဉ်ရပ်နားရန်ခက်ခဲခြင်း၊ ယာဉ်ကြီးများသွားလာရာ လမ်းမကြီးဖြစ်သဖြင့် စားသုံးသူများက ယာဉ်အန္တရာယ်ကို စိုးရိမ်ရခြင်း၊ မိုးတွင်းအခါ၌ မိုးရေနှင့် ဒီရေဆုံတွေ့ပါက ဈေးတန်းတစ်လျှောက်ရေများကြောင့် အရောင်းအဝယ်မကောင်းကြောင်း ဈေးရောင်းသူများက ပြောခဲ့ဖူးသည်။

ယခုအခါ ဈေးတန်းမှာ ဈေးရောင်းသူများ တစ်စတစ်စပျောက်ကွယ်လာပြီး ဈေးအခင်းအကျင်း အမိုးအကာတို့မှာလည်း လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်တို့ဖြင့် စုတ်ပြတ်၍ အရောင်အဆင်း မှေးမှိန်လျက်ရှိနေကာ အချို့သောဆိုင်များမှာ မိသားစုနေထိုင်ရာတဲများအဖြစ် ပြောင်းလဲလာနေပြီကို တွေ့မြင်နေရသည်။

ပြီးခဲ့သောလများအတွင်းက စတင်ကာ ယခင် ခြောက်ထပ်ရုံးဟု ခေါ်ဆိုသော ရုံးကြီးရှေ့တစ်လျှောက် ကမ်းနားဘက်အခြမ်းတွင် လုပသော ဒီဇိုင်းဆန်းများဖြင့် ဗီနိုင်းများကာရံထားသည်ကို လိုင်းကားစီးသွားရာမှာ သတိပြုမြင်တွေ့လာခဲ့သည်။

အချပ်ပို (၈) သို့

ရန်ကုန်အနုပညာပရဟိတသမားများ၏ လူမှုအကျိုးပြုလုပ်ငန်းတစ်ရပ်ကို ကြည့်ရှုခြင်း

ရှင်နော်၊ ဓာတ်ပုံ - ထိန်လင်း

ရန်ကုန် မြို့တော်သည် လွန်ခဲ့သောဆယ်စုနှစ်များနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲတိုးတက်မှုနှုန်းက အရှိန်ရစပြုနေပြီး လူမှုရေး၊ စီးပွားရေး၊ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် မတည်မငြိမ်ဖြစ်မှုများ လျော့ပါးလာနေပြီဖြစ်သည်။ မြို့တော်ရန်ကုန်တွင် ရုပ်ပိုင်းဆိုင်ရာအင်္ဂါရပ်များဖြစ်သည့် အဆောက်အအုံများ၊ လမ်းများ၊ တံတားများတိုးတက်များပြားကောင်းမွန်လာရုံသာမက စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အင်္ဂါရပ်ဖြစ်သည့် ပရဟိတလုပ်ငန်းများ ပေါ်ပေါက်လာမှုကိုလည်းအများအပြား တွေ့မြင်လာရပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီး၌ နေထိုင်ကြသည့် လူငယ်လူရွယ်အများစုသည် မိမိအသိ စိတ်ဖြင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်ကို တွေ့မြင်ရသည်။ ရန်ကုန်ပရဟိတလူငယ်အများစုသည် မြို့တော်သန့်ရှင်းရေးလုပ်ငန်းများတွင် လည်းကောင်း၊ မြို့ပြအမွေအနှစ် အဆောက်အအုံထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်သူမြို့တော်သားများ၏ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုမှုလုပ်ငန်းများတွင် လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ကြလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ရန်ကုန်မြို့တွင် အခြေစိုက်သော ပရဟိတလူငယ်အများစုသည် ဘိုးဘွားရိပ်သာ ထူထောင်ကာကုသိုလ်ယူခြင်း၊ အနယ်နယ်အရပ်ရပ်ရှိ လိုအပ်သူများထံ ရေနှင့်အသုံးအဆောင်ပစ္စည်းများ အခါမလပ်ထောက်ပံ့ကုသိုလ်ယူခြင်းများကို ပြုလုပ်ကြလေ့ရှိသည်။ ယင်းအချက်များသည့် စိတ်ဓာတ်များဖြူစင်သန့်ရှင်းလာအောင် ပြုလုပ်သော စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပင်ဖြစ်သည်။ ယင်းကဲ့သို့ ကိုယ်ကျိုးစွန့်ကာ အများအကျိုးဆောင်တတ်သော ပရဟိတသမားများအနက် ဂီတဖြင့် ဖျော်ဖြေမှုများ ပြုလုပ်ခဲ့သော အနုပညာသမားများအကြောင်းကို ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာအတွက် ကောက်နုတ်တင်ဆက်လိုက်ပါသည်။

အဖြူရောင်နှလုံးသား ပရဟိတအသင်းမှ မိဘမဲ့ကလေးငယ်များ ခွန်အားတက်ကြွပျော်ရွှင်ရန် ဂီတဖြင့် ဖျော်ဖြေပေးစဉ်။

စတင်တည်ထောင်

ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၈၉ မိုင် ၅ ဖာလုံတွင် အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း၏ မိဘမဲ့ကလေးများနှင့် ပညာရေးချို့တဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း ဆိုင်းဘုတ်ကလေးကို တွေ့မြင်နိုင်ပေသည်။ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာအနီးတွင် ဖွင့်လှစ်ထားသော အဆိုပါကျောင်းကလေးကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က စတင်တည်ထောင်ခဲ့သည်။

မွေးကင်းစမှ တက္ကသိုလ်ဝင်တန်းအရွယ်အထိများပြားလှသော ကျောင်းသားကျောင်းသူကလေးများကို အဆိုပါ ကျောင်းဝင်းအတွင်း တွေ့မြင်ရပေသည်။ ချစ်စဖွယ်ကလေးငယ်များအား စိတ်ဓာတ်ခွန်အားသစ်များတိုးပွားစေရန် မြို့တော်ရန်ကုန်ရှိ ပရဟိတအသင်းဝင် အနုပညာရှင်တို့က ဤသို့စီစဉ်လေသည်။

စိတ်ချမ်းသာအောင် လုပ်ပေး

"ဒီမှာက မိဘမဲ့ကလေး ၆၀၀ ကျော်ကို တွေ့တဲ့အခါ ကျွန်တော်လည်းစိတ်မကောင်းဘူး။ အဲဒီလိုနဲ့ ကလေးတွေကို တစ်ခုခုတော့ စိတ်ချမ်းသာအောင် လုပ်ပေးမယ်ဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း အဆိုတော်၊ အဖြူရောင်နှလုံးသားပရဟိတအသင်းမှာလည်း အနုပညာသမားတွေပါတော့ ဒီပွဲလေးကို လုပ်ဖြစ်တာပါ" ဟု အဖြူရောင်နှလုံးသားပရဟိတအသင်းဥက္ကဋ္ဌ အဆိုတော်ထူးအောင်ရှိုင်းက ပြောသည်။

ဤသို့ဖြင့် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သော မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့အခြေစိုက်ပရဟိတအသင်းများဖြစ်သော အဖြူရောင်နှလုံးသားပရဟိတအသင်း၊ မိဘရိပ်ပရဟိတ လူငယ်များအသင်း၊ ရွှေအိုရောင်တက္ကသိုလ်ကျောင်းသားဟောင်းများအသင်းနှင့် ပဲခူးမြို့အခြေစိုက် အပြာရောင်လက်များ လူမှုကူညီရေးအသင်းတို့သည် စုပေါင်းသွားရောက်ကာ ဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်

ဖျော်ဖြေရေးအစီအစဉ်များကို နေ့လယ်ပိုင်းနှင့် ညပိုင်းဟူ၍ နှစ်ပိုင်းခွဲကာ သီဆိုဖျော်ဖြေခဲ့ကြသည်။ သရုပ်ဆောင်ကျော်စိုး၊ ဇော်ဇော်အောင်၊ စောမိုးဇက်၊ နဒီဝင့်နိုင်၊ ဆုမြတ်ရွှေစင်၊ ငြိမ်းသန့်ချိုသာ စသော အနုပညာရှင် ၂၀ ကျော်တို့အပြင် မန္တလေးအနုပညာကျောင်းဆင်းတစ်ဦးဖြစ်သည့် ဝိုင်းကြာဖြူက မျက်လှည့်ဖြင့် လည်းကောင်း၊ လူရွှင်တော်များဖြစ်သည့် ဖြိုးကျော်နှင့် ပေါက်ကျော်တို့က ဟာသပြက်လုံးများဖြင့် လည်းကောင်း မိဘမဲ့ကလေးငယ်များအား စိတ်ပျော်ရွှင်မှုရစေရေးအတွက် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အချပ်ပို (ဂ) သို့

ကလေးငယ်လေးများ ထမင်းစားခါနီး မေတ္တာပို့ဆုတောင်းနေစဉ်။

အပြစ်ကင်းချစ်စဖွယ်ကလေးငယ်လေးများ။

အချုပ်ပို(က)မှ

ထိုဗီနိုင်းပေါ်တွင် A25 Myanmar Development Co, Ltd ဟု စာတန်းအပြင် လှပသော ရောင်စုံစာလုံးဖြင့် Yangon Night Market ဟု ရေးထိုးထားသည်ကို တွေ့လာရသည်။

အကောင်အထည်ဖော်နေ

ဧပြီလဆန်းလောက်မှစတင်ကာ လုပ်ငန်းများ စတင်လုပ်ကိုင်နေပြီကို သွားလာရင်းက တွေ့ရသည်။ သတင်းစနည်းနာကြည့်ရာတွင် ထိုစာတန်းထိုးထားသော ကုမ္ပဏီကပင် ငွေကျပ်နှစ်ဘီလီယံ အကုန်အကျခံ၍ Yangon Night Market အဖြစ် အကောင်အထည်ဖော်နေကြောင်း သိရသည်။

တီထွင်ထည့်သွင်းထား

ယခုအခါ အလှမီးတိုင်များ အစီအရီစိုက်ထူထားသကဲ့သို့ အသစ်တစ်ဖန်ပြန်လည်ဖွင့်လှစ်တော့မည့်ဈေး၏ စီမံရေးရာရုံးခန်း၊ တစ်ဖက်တစ်ချက်တွင် ဘဏ်အသီးသီးမှ ATM ငွေထုတ်စက်များ၊ ငွေချိန်းကောင်တာများ ထားရှိမည့်အပြင် ဈေးရောင်းသူများ ဈေးတန်းလာပြည်သူများ ရုတ်တရက်ကျန်းမာရေးအလို့ငှာ စောင့်ရှောက်အကူအညီပေးနိုင်ရန်အတွက် ဆေးခန်းတစ်ခန်းကိုလည်းတည်ဆောက်နေသည်ကို တွေ့ရသည်။ တည်ဆောက်ရာတွင် ကွန်တိန်နာဘောက်ကြီးများဖြင့် အလှဆင်တည်ဆောက်လျက်ရှိပြီး အပေါ်ထပ်တွင် ဝရန်တာအဖြစ် တီထွင်ထည့်သွင်းထားသည်ကို တွေ့ရသည်။

အေးအေးလူလူစားသောက်နိုင်

ဈေးဆိုင်များ တည်ဆောက်ရာတွင် ကြီးကြပ်ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးက "အပြောင်းအလဲကြီးပြောင်းလဲသွားပြီး အမြင်လည်း ဆန်းသွားမှာပါ။ စနစ်တကျနဲ့ လှလှပပဖြစ်သွားမှာပါ။ စားသောက်တန်းတွေ၊ ဆိုင်တွေရှိမယ်။ ကလေးကစားကွင်းလည်း ရှိမယ်။ ကားပါကင်ရှိမယ်။ စားသောက်ဆိုင်တွေက သူ့နေရာနဲ့သူရှိပြီး ကိုယ်ကြိုက်တာကို ကိုယ်ဝယ်၊ အဲဒီဆိုင်မှာထိုင်စားရမှာ မဟုတ်ဘူး။ စားဖို့နေရာက သပ်သပ်စီစဉ်ထားတယ်။ အေးအေးလူလူ စားသောက်နိုင်မယ့်စီမံမှုတွေနဲ့ပါ" ဟု ညွှန်းဆိုသွားသည်။

ပျံကျဈေးသည်များအတွက်

ဆိုင်ခန်းလေးများ တည်ဆောက်နေမှုကို ကြည့်ရာ ခေတ်နှင့်ညီသော ပုံစံဆန်းလေး ဖြစ်သည်။ တြိဂံပုံ ခေါင်အချွန်ဖြစ်သည်။ သွပ်နှင့်မိုးထားပြီး ဘေးပတ်လည်ခါးသာသာကိုသွပ်ဖြင့်ပတ်ကာထားခြင်း ဖြစ်သည်။ ရှစ်ပေပတ်လည်၊ ၈ ပေ×ခြောက်ပေနှင့် လေးပေပတ်လည်ဆိုင်လေးများ ဖြစ်သည်။ ခေါင်အမြင့်မှာ တစ်ညီတည်း၊ ခုနစ်ပေစီ ရှိမည်ဖြစ်သည်။ လေးပေပတ်လည်ဆိုင်လေးများက ပျံကျဈေးသည်များအတွက်ဟု ဆိုသည်။

ဆိုင်များနေရာချပေးရာတွင် အေဇုန်၊ ဘီဇုန်ဖြင့် သတ်မှတ်ကာ ရှစ်ပေပတ်လည်ဆိုင်လေးများကို နေရာချပေးထားမည်ဟု သိရသည်။ ရှစ်ပေပတ်လည်၊ ရှစ်ပေ×ခြောက်ပေပတ်လည်နှင့် လေးပေပတ်လည်ဆိုင်ခန်းပေါင်း လက်ရှိအားဖြင့် ၃၉၀ ကျော်တည်ဆောက်ထားမည်ဟု သိရသည်။

လုံလုံလောက်လောက်ထားရှိ

ယခုရှိပြီးသား သန့်စင်ခန်းအဟောင်းများကို ဖျက်သိမ်း၍ နိုင်ငံတကာအဆင့်မီ သန့်စင်ခန်းများ အသစ် ပြန်လည်တည်ဆောက်ပေးထားမည့်အပြင် ဈေးသာယာသန့်ရှင်းရေးအတွက် အမှိုက်ကို အစို၊ အခြောက်ခွဲခြား၍ ပစ်နိုင်ရန်၊ အမှိုက်ပုံးများကိုလည်း လုံလုံလောက်လောက် ထားရှိပေးသွားမည်ဟု သိရသည်။

မီးဘေးလုံခြုံကာကွယ်နိုင်ရေးအတွက်တစ်ဆိုင်လျှင်တစ်လုံးကျ မီးသတ်ဆေးဘူးငယ်လေးများကိုချိတ်ဆွဲထားခိုင်းမည့်အပြင် အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် Fire Feghting Nozzle များပါ ထားရှိသွားမည်ဟု သိရသည်။

ယနေ့လက်ရှိ အကျည်းတန်မြင်ကွင်းသဖွယ်ဖြစ်နေသော ရန်ကုန်ညဈေးတန်းကို သန့်ရှင်းသော၊ လှပသော၊ ကျန်းမာရေးနှင့်ညီညွတ်သော Yangon Night Market အဖြစ် မကြာမီသော ကာလတွင် မြင်တွေ့လာနိုင်တော့မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးဖော်ပြလိုက်ပါသည်။

အချုပ်ပို (ခ) မှ

ကျောင်း စတင်တည်ထောင် ဖြစ်ပုံနှင့်ပတ်သက်၍ ဦးစီးဆရာတော်တစ်ပါးဖြစ်သည့် ဆရာတော်ဦးဥတ္တမက "အဲဒီတုန်းက ဘုန်းဘုန်းက နိုင်ငံခြားကို ပညာတော်သင်သွားမလို့ပါ။ အဲဒီအတွက် ရန်ကုန်မှာထောက်ခံစာတွေ ဘာတွေလုပ်တဲ့အခါကျတော့ ထောက်ခံစာလုပ်တဲ့နေရာမှာ စွန့်ပစ်ကလေး၊ အဲဒီမိဘမဲ့ကလေးက ထောက်ခံစာလုပ်တဲ့ဆီ ရောက်လာတာပါ။ အဲဒီနေရာကို ကလေးရောက်လာတဲ့အခါကျတော့ ဘုန်းဘုန်းကရုံးကို မေးတာပေါ့။ ဒီလိုစွန့်ပစ်တဲ့ကလေးတွေ တစ်နှစ်တစ်နှစ်ကို ဘယ်လောက်များလဲလို့ မေးတဲ့ အခါကျတော့ တစ်လတစ်လကို စွန့်ပစ်တဲ့ကလေးက မနည်းဘူးတဲ့။ အဲဒီအခါကျတော့ ဘုန်းဘုန်းတို့က ဒီမြန်မာပြည်မှာ စွန့်ပစ်တဲ့ကလေးတွေ တော်တော်များပါလားဆိုပြီး နိုင်ငံခြားကို ပညာတော်သင်မသွားတော့ဘဲနဲ့ ဒီကိစ္စလေးကို အကောင်အထည်ဖော်ဖြစ်သွားတာပါ။ စပြီး ထူထောင်တဲ့ ဆရာတော်ကတော့ မန္တလေးမှာပါ" ဟု မိန့်ကြားခဲ့သည်။

မိဘမဲ့ကလေးနှင့်ပညာရေးချို့တဲ့
ကလေးများသာ လက်ခံ

အဆိုပါကျောင်းတွင် နို့စို့ကလေးငယ် ၈၇ ဦးရှိပြီး နို့လွတ်ကလေးအပါအဝင် စုစုပေါင်း ၁၁၀ ရှိကာ နို့စို့ကလေးငယ်များအတွက် တစ်ရက်လျှင် လက်ထရိုဂျင်နို့မှုန့်အမျိုးအစား ဘူး ၂၀ ကုန်ကျသည်။ ကျောင်းနေအရွယ် ကလေးငယ်များအတွက် တစ်ရက်လျှင် ဆန် ၁၂ အိတ်၊ အသားပိဿာအချိန် ၄၀ ဝယ်ယူရပြီး အသားတစ်ခွက်၊ အရန်ဟင်း နှစ်မျိုးဖြင့် ကျွေးမွေးပြုစုထားကာ အသက် ၁၂ အောက် ကလေးငယ် ၃၇၀ ကျော်ခန့်ရှိပြီးကျောင်းနေအရွယ်ကလေးငယ် စုစုပေါင်း ၆၂၀ ဦး ရှိသည်။ မိဘမဲ့ကလေးနှင့်ပညာရေးချို့တဲ့ ကလေးများသာ လက်ခံပြီး မိဘမဲ့ကလေးဦးရေ ၃၇၀ ရှိကာ ဝန်ထမ်းအင်အားနှင့် ကလေးဦးရေ စုစုပေါင်း ၇၀၀ နီးပါးရှိကြောင်း သိရသည်။

အနီးအနားပတ်ဝန်းကျင်ကျေးရွာများနှင့် အလှမ်းဝေးသောကြောင့် အလှူရှင်ကိုသာအားကိုးအားထားပြုပြီး ရပ်တည်နေရသော ကျောင်းကလေး ဖြစ်သည်။ လျှပ်စစ်မီးသွယ်တန်းခွင့်ရရှိထားသော်လည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်သွယ်တန်းရမည်ဖြစ်သောကြောင့် ကုန်ကျစရိတ်မှာ သိန်းနှစ်ထောင်နီးပါးကုန်ကျမည် ဖြစ်သည်။

ပရဟိတအသင်းဝင်များ မိဘမဲ့ကလေးငယ်များအား ကူညီဖေးမစဉ်။

"ဒီမှာက မိဘမဲ့ကလေး ၆၀၀ ကျော်ကို တွေ့တဲ့အခါ ကျွန်တော်လည်းစိတ်မကောင်းဘူး။ အဲဒီလိုနဲ့ ကလေးတွေကို တစ်ခုခုတော့ စိတ်ချမ်းသာအောင် လုပ်ပေးမယ်ဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း အဆိုတော်၊ အဖြူရောင်နှလုံးသား ပရဟိတအသင်းမှာလည်း အနုပညာသမားတွေပါတော့ ဒီပွဲလေးကို လုပ်ဖြစ်တာပါ"

လက်ရှိအချိန်တွင် သဘာဝနေရောင်ခြည်စွမ်းအင်နှင့် မီးစက်ကိုသာ အသုံးပြုနေရသည်။

သံဃာဆောင်၊ ယောက်ျားလေးအိပ်ဆောင်များ၊ မိန်းကလေးအိပ်ဆောင်များ၊ စာသင်ခန်းများ၊ စားဖိုဆောင်များနှင့် ဆောက်လုပ်ဆဲအဆောက်အအုံများက မြေ ၂၅ ဧကရှိသော ကျောင်းပိုင်မြေထဲတွင် စီရရီရှိနေသည်။ ပရဟိတအသင်းဝင် အနုပညာရှင် ညီအစ်ကိုမောင်နှမများက ကျောင်းအတွင်းလိုက်လံကြည့်ရှုစဉ် မိဘမေတ္တာချို့တဲ့နေရှာသော ကလေးငယ်များက လက်ကလေးများ မြှောက်ကာချီပါယူပါတစာစာ အော်ဟစ်နေရှာသည်။

အနုပညာကြေးအလှူအဖြစ်လှူဒါန်းကြ

ကလေးငယ်များအိပ်ရန် တစ်နေ့တာဖျော်ဖြေရေးအစီအစဉ်များ အဆုံးသတ်ချိန်တွင် အချို့သော အနုပညာရှင်တို့က မိမိတို့ရရှိသော အနုပညာကြေးကို အလှူအဖြစ် လှူဒါန်းကြသည်။ ကလေးငယ်များ၊ ကျောင်းရှိ ဆရာ ဆရာမလေးများကို နှုတ်ဆက်ကြသည်။ စည်းကမ်းအဖြစ် သတ်မှတ်ထား၍ အိပ်ဆောင်သို့ ခြေလှမ်းပြင်နေကြသော ကလေးငယ်များက ခေါင်းကလေးများလှည့်ကာ ရန်ကုန်ပြန်ရန် ပြင်ဆင်နေသော အနုပညာအဖွဲ့များကို နှုတ်ဆက်လက်ပြနေကြသည်။

ရန်ကုန်အနုပညာပရဟိတအဖွဲ့သားများကို တင်ဆောင်လာသော ကားကလေးမှာ ၈၉ မိုင် ၅ ဖာလုံမှအပြန်တွင် ည ၁၁ နာရီအချိန်ကို ကျော်လွန်ပြီ ဖြစ်သည်။ တစ်နေ့တာပတ်လုံး ကိုယ်စိတ်နှစ်ပါးလုံးအသုံးချကာ အားပါးတရဖျော်ဖြေခဲ့ကြသည့်အတွက် အိမ်အပြန်လမ်း ကားပေါ်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုသို့ ငြိမ်သက်နေသော်လည်း အားလုံးကိုယ်စီ၏ စိတ်ထဲမှာတော့ အတွေးများကအမျိုးမျိုးရှိနေမည်ဖြစ်ပေသည်။

အသစ်ထွက်ပေါ်လာမည့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး

ဇင်လင်းမြင့်

ရန်ကုန် မြို့ပြဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာသလို လူနေထိုင်မှုလည်း များလာတာမို့ ပြည်သူတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့မှာ ပြည်သူတွေ ကျန်းမာရေးကို ယခုထက် ပိုမိုကုသစောင့်ရှောက်နိုင်ဖို့အတွက် အထူးကု ဆေးရုံသစ်ကြီး တည်ဆောက်ရေး ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ပန္နက်တင်အခမ်းအနားပြုလုပ်

ရန်ကုန်အထူးကုဆေးရုံသစ်ကြီး စတင်တည်ဆောက်ဖို့အတွက် ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်ပြည်လမ်းနဲ့ မင်းရဲကျော်စွာလမ်းထောင့်မှာရှိတဲ့ သတ်မှတ်မြေနေရာမှာ ပန္နက်တင်အခမ်းအနား ပြုလုပ်ခဲ့ပြီဖြစ်ပါတယ်။ အခုဆိုရင် ဆေးရုံသစ်ကြီး တည်ဆောက်ဖို့အတွက် စတင်နေပြီဖြစ်လို့ ရန်ကုန်မြို့နေ ပြည်သူတွေအတွက်သာမက မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ရောဂါဝေဒနာရှင်တွေ အားကိုးအားထားစရာ အထူးကုဆေးရုံကြီးတစ်ခု ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

ယန်းငွေ ၈ ဒသမ ၆၆၁ ဘီလီယံထောက်ပံ့

ဒီလိုဆေးရုံသစ်ကြီး တည်ဆောက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ JICA တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA က ယန်းငွေ ၈ ဒသမ ၆၆၁ ဘီလီယံထောက်ပံ့ပေးမှာဖြစ်ပြီး မြန်မာအစိုးရက ငွေကျပ် ၄၂ ဘီလီယံအကုန်ကျခံတည်ဆောက်ဖို့ လျာထားတယ်လို့ ဆိုပါတယ်။

ဒီဆေးရုံသစ်ကြီးကို ရန်ကုန်မြို့ ပြည်လမ်းနဲ့ မင်းရဲကျော်စွာလမ်းထောင့်မှာရှိတဲ့ မြေဧက ၅ ဒသမ ၅၆၂ ဧကပေါ်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။ အထပ် ခုနစ်ထပ်ရှိမယ့် ဒီအထူးကုဆေးရုံ

“ဒီလိုဆေးရုံသစ်ကြီး တည်ဆောက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ JICA တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA က ယန်းငွေ ၈ ဒသမ ၆၆၁ ဘီလီယံထောက်ပံ့ပေးမှာဖြစ်ပြီး မြန်မာအစိုးရက ငွေကျပ် ၄၂ ဘီလီယံအကုန်ကျခံတည်ဆောက်ဖို့ လျာထား”

သစ်ကြီးကို နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံကြီးအဖြစ် TAISE Corporation က တည်ဆောက်သွားမှာဖြစ်ပြီး တည်ဆောက်ရေးကာလ သုံးနှစ်ခန့်ကြာမြင့်နိုင်တယ်လို့ ခန့်မှန်းထားတာကြောင့် လာမယ့် ၂၀၂၁ ခုနှစ်မှာ ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ခန့်မှန်းတွက်ချက်ထားမှုအရ ၂၀၂၁ ခုနှစ် ဧပြီလမှာ တည်ဆောက်ပြီးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

အထောက်အကူပြုပစ္စည်းတွေ ဖြည့်ဆည်း

ရန်ကုန်အထူးကုဆေးရုံသစ်ကြီးဟာ ခုတင် ၃၁၆ ခုတင်ဆံ့ ဆေးရုံကြီးဖြစ်ပြီး ကုသရေးနဲ့ သင်ကြားရေးဆေးရုံကြီးအဖြစ်လည်း ဝန်ဆောင်မှုတွေပေးသွားမယ်လို့ ဆိုပါတယ်။ နောက်ဆုံးပေါ် စက်ကိရိယာတွေ၊ အထောက်အကူပြုပစ္စည်းတွေ ဖြည့်ဆည်းထားသွားမှာဖြစ်တာမို့ ဝေဒနာရှင်လူနာတွေအတွက် ကျန်းမာရေးဆိုင်ရာကုသစောင့်ရှောက်မှုရရှိစေမှာ ဖြစ်ပါတယ်။

ဒီဆေးရုံသစ်ကြီးမှာ နှလုံး၊ ဦးနှောက်၊ အာရုံကြောဆိုင်ရာ ရောဂါတွေကို ကုသပေးသွားမှာဖြစ်ပြီး ဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးရောဂါကုသရေးဌာန၊ နှလုံးရောဂါခွဲစိတ်ကုသရေးဌာန၊ ဦးနှောက်နှင့် အာရုံကြောကုသရေးဌာန၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသရေးဌာနတွေကို ပြောင်းရွှေ့ပြီး ကုသမှာ ဖြစ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်

ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားရင်တော့ မြန်မာနိုင်ငံမှာ ဦးနှောက်နဲ့နှလုံးရောဂါဆိုင်ရာ သင်ကြားရေးနဲ့ သုတေသနသိပ္ပံဆိုင်ရာ ပထမဆုံးဆေးရုံလည်း ဖြစ်လာမှာ ဖြစ်ပါတယ်။ “ဒီဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားရင် ဝေဒနာရှင်သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မှာဖြစ်ပြီး အဲဒီရောဂါတွေနဲ့ သေဆုံးမှုလည်း လျော့ကျသွားနိုင်မှာဖြစ်ပါတယ်” ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဲဒီဆေးရုံပန္နက်တင်အခမ်းအနားမှာ ပြောထားပါတယ်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ရန်ကုန် ပြည်လမ်းနဲ့ မင်းရဲကျော်စွာလမ်းထောင့်မှာရှိတဲ့ မြေအကျယ်အဝန်း စတုရန်းမီတာ ၂၇၀၀၀ ပေါ်မှာ တည်ဆောက်မယ့် အဲဒီအထူးကုဆေးရုံသစ်ကြီးမှာ ခုတင် ၂၀ ဆံ့အထူးကြပ်မတ်ဆောင်လည်း ပါဝင်တာမို့ နှလုံးနဲ့ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါတွေကို အထူးဂရုစိုက်စောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။

ဂျပန်ဝန်ကြီးချုပ်က ခွင့်ပြုပေးခဲ့

ဒီအထူးကုဆေးရုံသစ်ကြီး တည်ဆောက်မှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး chiro Maruyame က “ဒီဆေးရုံကြီး တည်ဆောက်နိုင်ဖို့ မြန်မာအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဂျပန်ဝန်ကြီးချုပ်က ခွင့်ပြုပေးခဲ့တာဖြစ်ပြီး အခုလို စတင်တည်ဆောက်နိုင်တာကြောင့် ဂုဏ်ယူဝမ်းမြောက်ရပါတယ်” ဟု အထူးကုဆေးရုံ ပန္နက်တင်ပွဲနေ့မှာ ပြောသွားပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ကျန်းမာရေးကဏ္ဍအပြင် နယ်ပယ်စုံမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီတွေ ပေးနေတာဖြစ်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုစတင်တည်ဆောက်နေတဲ့ ရန်ကုန်အထူးကုဆေးရုံသစ်ကြီး ပြီးစီးသွားရင် နှလုံး၊ ဦးနှောက်၊ အာရုံကြောဆိုင်ရာ လူနာတွေဟာ ဆေးရုံမှာ နေထိုင်ကုသမှုသက်သောင့်သက်သာနဲ့ ကျန်းမာရေးကုသစောင့်ရှောက်မှုရရှိတော့မှာ ဖြစ်ပါတယ်။ အရင်က ရန်ကုန်မြို့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး စတဲ့ ဆေးရုံကြီးတွေကိုသာ ကျန်းမာရေးကုသဖို့အတွက် လူနာတွေ အားကိုးအားထားပြုခဲ့ရတဲ့အခြေအနေက အခုလို အထူးကုဆေးရုံသစ်တစ်ခု ထွက်ပေါ်လာတော့မှာမို့ ပြည်သူတွေအတွက်တော့ သတင်းကောင်းတစ်ခု ပါပဲ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၈ ခုနှစ် မတ်လအထိ အထူးကုဆေးရုံပေါင်း ၁၄ ရုံ၊ သင်ကြားရေးဆေးရုံသုံးရုံ၊ ခုတင် ၅၀၀ ဆံ့ဆေးရုံနှစ်ရုံ၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံလေးရုံ၊ ခုတင် ၁၀၀ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် ၅၀ ဆံ့နှင့် ၂၅ ခုတင်ဆံ့ဆေးရုံ ၁၁ ရုံ၊ ၁၆ ခုတင်ဆံ့ဆေးရုံလေးရုံ၊ တိုက်နယ်ဆေးရုံ ၃၃ ရုံ၊ တိုက်နယ်ကျန်းမာရေးဌာန ၁၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၈၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂၆ ခုတို့ ရှိနေတယ်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်မှာ ဖော်ပြထားပါတယ်။

အားကိုးအားထားစရာ ဆေးရုံကြီးတစ်ရုံအဖြစ်တည်ရှိ

အခုလိုအထူးကုဆေးရုံသစ်ကြီးတစ်ရုံနိုင်ငံတကာအဆင့်မီ တည်ဆောက်ပြီးစီးခဲ့ရင်တော့ ရန်ကုန်မြို့နေပြည်သူတွေအတွက် ကျန်းမာရေးဆိုင်ရာ ကုသစောင့်ရှောက်မှုကို ပိုမိုခံယူခွင့်ရရှိတော့မှာ ဖြစ်သလို နှလုံးနဲ့ ဦးနှောက်ဆိုင်ရာ ရောဂါဝေဒနာရှင်တွေအတွက်တော့ အားကိုးအားထားစရာ ဆေးရုံကြီးတစ်ရုံအဖြစ်တည်ရှိလာမှာဖြစ်ပါတယ်။ ။